# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၀၈၂)


# မြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတနှင့် မိသားစုတို့အတွက်

## လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ အသင်းသားများက ခရစ်တော်မွေးနေ့အကြို ဆုတောင်းမေတ္တာပို့သ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစုတို့အတွက် နေပြည်တော် သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာ ဦးစောအောင်အောင်လွင် ဦးဆောင်သောအဖွဲ့ ခရစ်တော်မွေးနေ့ အကြိုအဖြစ် လာရောက်ဆုတောင်းမေတ္တာပို့သစဉ်။ သတင်းစဉ်

**နေပြည်တော်  ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစုတို့အတွက် နေပြည်တော် သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာ ဦးစောအောင်အောင်လွင် ဦးဆောင်သောအဖွဲ့သည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ခရစ်တော်မွေးနေ့ အကြိုအဖြစ် လာရောက်ဆုတောင်းမေတ္တာပို့သကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❃

## မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

စာ » ၃






မြန်မာ့အလင်း

# ပိုးသာကုန် မောင်ပုံ စောင်းမတတ်

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အကြီးအကဲက ဘင်္ဂါလီလူနည်းစုအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှုများနှင့်ပတ်သက်၍ တစ်နေ့နေ့၌ တရားရုံးတွင် မြန်မာနိုင်ငံအပေါ် တရားစီရင်မှု ပြုလုပ်ခဲ့ပါက အံ့သြလိမ့်မည်မဟုတ်ကြောင်း ပြောဆိုခဲ့ပါသည်။ ဤကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အကြီးအကဲဆိုသူက သူ၏ ပြောဆိုချက်တစ်နေရာ၌ လူမျိုးတုံးသတ်ဖြတ်မှုနှင့်ပတ်သက်၍ သတ်မှတ်ချက်များသည် လွန်စွာ မြင့်မားသောကြောင့် အခိုင်အမာ သက်သေပြရန် ခက်ခဲသည်ဟုလည်း ပြောဆိုခဲ့ပြန်ပါသည်။ စကားနောက်တရားပါဟူသော မြန်မာစကားရှိပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အကြီးအကဲဆိုသူ၏ စကားသည် ကိုယ့်စကားအပေါ် ကိုယ်တာဝန်မယူနိုင်သည့်အနေအထားကို ဖော်ပြနေပါသည်။

သူကိုယ်တိုင် အထောက်အထားအခိုင်အမာ မရှိပါဟု ဝန်ခံပြောဆိုထားပါလျက် မြန်မာ့တပ်မတော်၏ စစ်ဆင်ရေးအား "လူမျိုးစုလိုက်သုတ်သင်မှုပြဋ္ဌာန်းစာအုပ် နမူနာတစ်ရပ်" ဟု စွပ်စွဲလိုက်ပါသေးသည်။ စကား၊ စကား ပြောပါများ စကားထဲက ဇာတိပြ ဟူသော မြန်မာဆိုရိုးစကားရှိပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အကြီးအကဲသည် မြန်မာ့တပ်မတော်က လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်နေသည်မှာ ငြင်းပယ်၍ မရနိုင်လောက်သော အချက်အလက်တို့ရှိနေသည်ဟူ၍လည်း ဆိုပြန်ပါသည်။ တစ်ခါ အထက်၌ တင်ပြထားသကဲ့သို့ သက်သေအချက်အလက်တို့အား အခိုင်အမာပြသရန် မဖြစ်နိုင်ဟုလည်း ဝန်ခံပြန်ပါသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအကြီးအကဲက ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဘင်္ဂါလီဒုက္ခသည် စခန်းတို့၌ ဘာသာရေးအကြမ်းဖက် ဂျီဟတ်အုပ်စုများ ပေါ်ပေါက်လာလျက် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာအဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်လာမည်ကို စိုးရိမ်ကြောင်း မိကျောင်းမျက်ရည်ကျပြခဲ့ပါသည်။ အကြမ်းဖက်သမားတို့၏ အန္တရာယ်ကို ဤမျှစိုးရိမ်သည်ဆိုသော ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲဆိုသူက ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့ကို မသိရှိသကဲ့သို့ ပြုမူပြောဆိုနေခြင်းသည် မျက်ရည်ကျပြတတ်သော မိကျောင်းတို့၏ အန္တရာယ်ကို ညွှန်ပြနေပါသည်။ ပိုးသာကုန် မောင်ပုံစောင်းမတတ်ဆိုသည်မှာ အဆိုပါ ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲကို ရည်ညွှန်းနေသည်ဟုပင် ဆိုလိုက်ချင်ပါသည်။ မြန်မာ့တပ်မတော်က လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်နေသည်ဟူသော သက်သေအခိုင်အမာမရှိသကဲ့သို့ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာရာဇဝတ် တရားရုံးအဖွဲ့ဝင်နိုင်ငံ မဟုတ်သောကြောင့် မြန်မာနိုင်ငံကို ဤသို့ တရားစွဲဆိုလိုပါက ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ တစ်ဆင့်သာ ဆောင်ရွက်နိုင်ပါသည်။ သို့သော် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံတို့ရှိနေခြင်းကြောင့် ဤနည်းလမ်းသည်လည်း လက်တွေ့၌ ဖြစ်မြောက်လာနိုင်စရာအကြောင်းမရှိပါ။ ဤဖြစ်ရပ်က လူ့လောက၌ ပိုးသာကုန် မောင်ပုံစောင်းမတတ်ဟူသော ပုဂ္ဂိုလ်တို့ မည်မျှများပြားသည်ကို ညွှန်ပြနေပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ** (JMC)
၁၀း၃၀ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့ဆောင်ရွက်ချက်များ** (၁၀)
၁၀း၄၀ - အလုပ်သမားရေးရာအစီအစဉ်
၁၃း၀၀ - ဆေးရောင်စုံရုပ်ရှင် "**အစဉ်သဖြင့်**" (ပထမပိုင်း)
ကျော်သူ၊ မို့မို့မြင့်အောင်
ဒါရိုက်တာ-အောင်မြင့်မြတ်

**ညပိုင်း**

၁၆း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့ ဆောင်ရွက်ချက်များ (၁၁)**
၁၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "Americas Got Talent (1) "
- နိုင်ငံခြားဇာတ်လမ်းတွဲ "**နှလုံးသားရဲ့ပဲ့ကိုင်ရှင်**" (အပိုင်း-၄၁)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "**တို့အချစ်ကတစ်မျိုး**" (အပိုင်း-၄) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ ခင်သီတာထွန်း)

# ဝှက်ကား သုံးဆင့်ရေတံခွန် သဘာဝအပန်းဖြေ ဆင်စခန်း ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်ရန် စီစဉ်

**မန္တလေး ဒီဇင်ဘာ ၂၀**



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျောက်ချော-ရဲရွာကားလမ်းမှ ၉ မိုင်ကျော်အကွာရှိ သုံးဆင့်ရေတံခွန်အနီးတွင် ဝှက်ကား- ဒီးဒုတ်အဆိုပြုကြိုးဝိုင်းအတွင်း ဆင်ခြောက်ကောင်ဖြင့် ဝှက်ကား သုံးဆင့် ရေတံခွန်သဘာဝအပန်းဖြေ ဆင်စခန်းကို ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်နိုင်ရန်စီစဉ်နေကြောင်း မြန်မာ့သစ်လုပ်ငန်း (မန္တလေးတိုင်းဒေသကြီး) မှ သိရသည်။

"စဉ့်ကူးမြို့နယ်က မာလဲဆင်စခန်းကနေ ရွှေ့လာပြီး ဆင်တွေရောက်နေပြီ၊ နေရာကျယ်မှ ဆင်တွေနေထိုင်ရတာကောင်းမယ်၊ နေရာအတွက် ၇၄ဧကတောင်းထားတယ်၊ ဒီလ ၂၃ ရက်မှာ အစမ်းဖွင့်ပွဲလုပ်ပြီး ဇန်နဝါရီ ၁ ရက်မှာ ဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်၊ ဧည့်သည်တွေ ဆင်စီးရင်လုံခြုံစိတ်ချဖို့နဲ့ ထိခိုက်မှုမရှိအောင်ဝန်ဆောင်မှုပေးမှာပါ" ဟု ယင်းဌာနလက်ထောက်အထွေထွေ မန်နေဂျာ ဦးအောင်မြင့်ဌေးက ပြောသည်။

ဆင်စခန်းရှိဆင်ခြောက်ကောင်တွင် အသက် ၅၅ နှစ်ကျော်တစ်ကောင်၊ ၁၀နှစ်မှ ၁၇ နှစ်အတွင်း ငါးကောင်တို့ဖြစ်၍ စနစ်တကျလေ့ကျင့်ထားကာ အယဉ်ပါးဆုံးဆင်များဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ဆင်စခန်းများတည်ထောင်ခြင်းနှင့် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ယူရိုငွေ ၁ ဒသမ ၈ သန်း အသုံးပြုဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာကို မြန်မာ့သစ်လုပ်ငန်းနှင့် FOUR PAWS International (FPI) တို့က စက်တင်ဘာ ၁၉ ရက်က ရေးထိုးခဲ့ကြောင်းနှင့် ပြည်တွင်း၌ တည်ထောင်ပြီးသည့် ဆင်စခန်းများ ၁၀ ခုခန့်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

*ထင်သာမြင်သာ ပြုပြင်စရာ*

# ရှားတောမြို့၌ ဈေးတည်ဆောက်ဖွင့်လှစ်ပေးစေလို



ကယားပြည်နယ် ရှားတောမြို့၌ ဈေးတည်ဆောက်ဖွင့်လှစ်ထားခြင်းမရှိသေး၍ ဈေးသည်နှင့်ဈေးဝယ်များ အခက်အခဲကြုံတွေ့ရလျက်ရှိရာ ဈေးနေရာသတ်မှတ်တည်ဆောက်ဖွင့်လှစ်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"ဈေးနေရာ သတ်မှတ်ထားတာမျိုးမရှိတော့ ရွှေ့လျားဈေးသည်အဖြစ်နဲ့ မြို့တွင်းနဲ့ အနီးအနားကျေးရွာတွေကို လှည့်လည်ရောင်းချ နေကြရပါတယ်၊ ဈေးဝယ်တွေကလည်း ကိုယ်လိုချင်တဲ့ ပစ္စည်းဝယ်ဖို့ တစ်နေရာရာက ထိုင်စောင့်နေရတာမျိုး၊ ဒါမှမဟုတ် အပြေးအလွှားနဲ့ ဈေးကားကို လိုက်လံရှာဖွေဝယ်ယူနေရတာမျိုးတွေ ဖြစ်နေပါတယ်၊ ဈေးနေရာ အတည်တကျ သတ်မှတ်တည်ဆောက်ဖွင့်လှစ်ထားရင် ဈေးသည်ရော၊ ဈေးဝယ်ပါ အဆင်ပြေပါမယ်" ဟု ရှားတောမြို့နယ်ဌာနဆိုင်ရာတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူ ဝန်ထမ်းတစ်ဦးက ပြောသည်။

ယခင်က ရှားတောမြို့တွင် ငါးရက်တစ်ကြိမ် ဈေးဖွင့်လှစ်ခဲ့ဖူးကြောင်း၊ ကုန်ပစ္စည်းစုံလင်မှုမရှိ၍ ဈေးဝယ်များမှာ အိမ်ဆိုင်များတွင်သာ ဝယ်ယူကြ၍ ငါးရက်တစ်ကြိမ် ဈေးမှာကွယ်ပျောက်ခဲ့ရကြောင်း၊ ယခုအခါ ရှားတောမြို့တွင် လူဦးရေတိုးလာပြီး လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာသောကြောင့် အခြားဒေသများမှ ဈေးသည်များလည်း အများအပြား လာရောက်ရောင်းချလျက်ရှိရာ ဈေးတည်နေရာသတ်မှတ် တည်ဆောက်ဖွင့်လှစ်မည်ဆိုပါက ဈေးသည်နှင့် ဈေးဝယ်များ နှစ်ဦးနှစ်ဖက်အဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၀-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၅/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၅/၈၁၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၆ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃ . ၄ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၃ |
| တရုတ် | တစ်ယွမ် | ၂၀၆ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၄ . ၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ-မင်းမင်းထွန်း

## ညီညွတ်စွာ ပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီး

**မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစု အများအပြားနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေ၊ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးတို့လည်း ဒွန်တွဲတည်ရှိနေပါတယ်။ မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေ သဟဇာတဖြစ်ရေးနဲ့ ညီညွတ်စွာ ပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီလိုပေါင်းစည်းရာမှာ အားလုံးသဘောတူလက်ခံနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ်ပေါ်ထွန်းလာဖို့ လိုအပ်နေပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၅-၉-၂၀၁၇ရက်နေ့ (၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့၊ ကျိုင်းတုံမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီဖြစ်ကြသည်။

**မိုး/ဇလ**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Foreign Secretary ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆက်လက်တိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အိန္ဒိယနိုင်ငံ၏ အကူအညီပေးမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Foreign Secretary ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၇)ကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် သဘာဝအရင်းအမြစ်များကို စနစ်တကျ အသုံးပြုနိုင်ရေးစီစဉ်ရန်လိုအပ်သကဲ့သို့ လူသားအရင်းအမြစ်များအား စွမ်းရည်မြင့်မားစွာ အသုံးချနိုင်ရန်လည်း အရေးကြီးကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုရှိသော လုပ်သားအင်အားစုကို လေ့ကျင့်ပျိုးထောင်ပြီး သင့်လျော်သည့် လုပ်ငန်းခွင်နေရာ၌ အလုပ်အကိုင်ရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်သားလိုအပ်ချက်ကို ဟန်ချက်ညီညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ အလုပ်လုပ်နိုင်သည့် အရွယ်ရောက်သူ နိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး၊ လုပ်သားများ၏ ကျွမ်းကျင်မှုတိုးတက်မြင့်မားရေးနှင့် သင့်လျော်သည့် လုပ်ငန်းခွင်၌ နေရာချထားနိုင်ရေးတို့ကို သက်ဆိုင်သည့် အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများက ယခုဖွဲ့စည်းထားပြီးဖြစ်သော Job Creation Sector Coordination Group ၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့်အတူ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံခြားဈေးကွက်ရရှိသည့် အရည်အသွေးကောင်းမွန်သော ကုန်စည်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးတို့အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီမံကိန်းလုပ်ငန်းများ၊ ဖွံ့ဖြိုးမှုအကူအညီ နယ်ပယ်များကို လေ့လာသုံးသပ်ပြီး ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit) နှင့် ဆက်စပ်အဖွဲ့အစည်းများသို့ ယခုဖွဲ့စည်းထားသည့်အဖွဲ့မှ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ **"လုပ်သားအင်အားစုတွင် ပါဝင်သူများအားလုံး ၂၀၃၀ ပြည့်နှစ်၌ သင့်လျော်သည့် အလုပ်အကိုင်ရရှိစေရန်"** ဟူသော ရည်မှန်းချက်ကို ချမှတ်လျက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

**မိုး/ဇလ**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ အသင်းသားများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❀ *ရှေ့ဖုံးမှ*

ရှေးဦးစွာ နေပြည်တော် သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန် အသင်းတော်မှ အသင်းသူ၊ အသင်းသားများက ခရစ္စမတ်ဓမ္မတေးများ သီဆိုကြပြီး ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြသည်။

ယင်းနောက် သိက္ခာတော်ရဆရာ ဦးစောအောင်အောင်လွင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံသူနိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတနှင့်ဇနီး မိသားစုတို့အတွက် ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် နေပြည်တော် သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ၊ အသင်းသားများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး သိက္ခာတော်ရဆရာ ဦးစောအောင်အောင်လွင်က ခရစ္စမတ်လက်ဆောင်ကို ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ခုနှစ် စက်တင်ဘာ ၂၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၂/ ၂၀၁၇ ဖြင့် မိမိအပါအဝင် အဖွဲ့ဝင် ၃၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**ဖွဲ့စည်းဆောင်ရွက်**

ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပကာ အစည်းအဝေးဆုံးဖြတ်ချက် ၁၂ ချက် ချမှတ်ခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဆပ်ကော်မတီ ကိုးခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ၁၇ ချက်ကို ချမှတ်ခဲ့ပါကြောင်း။

အဆိုပါ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ လွတ်လပ်ရေးနေ့တွင် အခမ်းအနားအစီအစဉ်ကို အပိုင်း နှစ်ပိုင်းနှင့် ကျင်းပသွားမည်ဖြစ်ပြီး နံနက်ပိုင်းတွင် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား၊ ညနေပိုင်းတွင် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားတို့ ဖြစ်ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်း**

အဆိုပါ အခမ်းအနားများကို အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ဆပ်ကော်မတီ ကိုးခုအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် အကွက်စေ့အောင် ဆောင်ရွက်သွားရန်လိုပါကြောင်း၊ သက်ဆိုင်ရာ ဆပ်ကော်မတီများအနေဖြင့် ကဏ္ဍအလိုက် အားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာ အောင်အောင်မြင်မြင်ဖြင့် နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်မည်ဖြစ်ပါကြောင်း၊ အခမ်းအနားကျင်းပမည့်ရက် နီးကပ်လာသည်နှင့်အမျှ ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများ ပြီးပြည့်စုံနေမည်ဟု ယုံကြည်ပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ယခုအခမ်းအနားသည် နိုင်ငံတော်အခမ်းအနားဖြစ်သည့်အတွက် အားနည်းချက်များမရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ရာသီဥတုအခြေအနေများအပေါ် တွက်ဆကာ ကြိုတင်ပြင်ဆင်မှုများ စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ သက်ဆိုင်ရာ ဆပ်ကော်မတီများက ယခင်ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ အခြားလိုအပ်ချက်များနှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ အတွင်းရေးမှူး စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးချုပ် မိုးကြည်၊ လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် သက်ဆိုင်ရာ ကော်မတီအလိုက် တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဖေမြင့်၊ ဦးသောင်းထွန်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဒေါက်တာထွန်းနိုင်၊ ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နယူးဒေလီမြို့တော်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နှစ်နိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် TA TA Power Delhi Distribution Limited (TATA Power DDL) မှ ဆောင်ရွက်နေသော Power Distribution Unit သို့ရောက်ရှိရာ တာဝန်ရှိသူများက နယူးဒေလီမြို့တော်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် Distribution Unit ၏ Control Room အတွင်း ဓာတ်အားထိန်းချုပ် ဖြန့်ဖြူးပေးနေမှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

✻ *ကျောဖုံးမှ*

ပြပွဲနဝမနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်း ဦးရေ ၄၄၂၉ ကျော်တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ ကျောက်စိမ်း တန်ဖိုးမြင့်အချောထည်များနှင့် ကျောက်စိမ်းအတွဲများအား စိတ်ကြိုက်ကြည့်ရှုလေ့လာဝယ်ယူကြသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ယနေ့အထိ ကျောက်မျက်အတွဲပေါင်း ၃၂ တွဲကို တန်ဖိုးငွေ ယူရို ၀ ဒသမ ၇၆၇ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၄၃၉၃ တွဲကို တန်ဖိုးငွေ ယူရို ၃၆၂ ဒသမ ၄၉၁ သန်းဖြင့် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၅၇၅၁ မှ ၆၆၈၅ ထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့အဆင့်မီ ကျောက်မျက်ဓာတ်ခွဲခန်း မရှိမဖြစ်လိုအပ်သဖြင့် နိုင်ငံတကာက အသိအမှတ်ပြုသည့် ဓာတ်ခွဲခန်းဖြစ်လာရန် ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပြည်လမ်းရှိ International Business Center (IBC) ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ကုမ္ပဏီလီမိတက် (International Business Center Company Limited) ၏ (၂၃)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။



**စီးပွားရေး အကျိုးအမြတ်**

ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်းမှရှယ်ယာအများစုပိုင်ဆိုင်ထားသော အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ကုမ္ပဏီလီမိတက်အနေဖြင့် ၁၉၉၄ ခုနှစ် စတင်တည်ထောင်ချိန်က ယခုအထိ ၂၃ နှစ်တိုင်အောင် ရပ်တည်ကြီးပမ်းစွမ်းဆောင်နိုင်မှုကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ IBC အနေဖြင့် ပင်မစီးပွားရေးလုပ်ငန်းဖြစ်သည့် ရုံးခန်းများငှားရမ်းဝန်ဆောင်မှုပေးခြင်း၊ အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများအတွက် ခန်းမငှားရမ်းခြင်းတို့အပြင် အခြားသော ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရင်းနှီးငွေထည့်ဝင်ခြင်း၊ လက်ရှိအဆောက်အအုံအား အဆင့်မြှင့်တင်ရေးအတွက် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် စီးပွားရေးအကျိုးအမြတ် ဖြစ်ထွန်းရေးအတွက် ဆက်လက် ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ IBC ဒါရိုက်တာအဖွဲ့ဝင်များက နှစ်ပတ်လည်အစီရင်ခံစာအား တင်သွင်းခြင်းနှင့်အတည်ပြုခြင်း၊ ဘဏ္ဍာငွေဆိုင်ရာ စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာအပေါ် ဆွေးနွေးခြင်း၊ အတည်ပြုခြင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် စာရင်းစစ်ခန့်အပ်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

**နိုင်ငံတကာအသိအမှတ်ပြု**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်လမ်း Junction City Office Tower (၇)ထပ်၌ မြန်မာနိုင်ငံကျောက်မျက်ပညာသိပ္ပံ (Gemological Institute of Myanmar - GIM) ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်ပညာသိပ္ပံတို့မှ တာဝန်ရှိသူများက GIM အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍအား အဆင့်မြှင့်တင်ရန်နှင့် ကမ္ဘာ့အဆင့်မီ ကျောက်မျက်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ကျောက်မျက်ဓာတ်ခွဲခန်း၊ ကျောက်မျက်သုတေသနဌာနနှင့် ကျောက်မျက်သင်တန်းကျောင်းဖွင့်လှစ်နိုင်ရေး နိုင်ငံတကာ အသိအမှတ်ပြု အဖွဲ့အစည်းများနှင့် ချိတ်ဆက်စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများ၊ သုတေသနနှင့် ဓာတ်ခွဲစမ်းသပ်မှုများအတွက် နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ထားသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောက်မျက်သယံဇာတ ပေါကြွယ်ဝစွာ ထွက်ရှိသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်မီ ကျောက်မျက်ဓာတ်ခွဲခန်း မရှိမဖြစ်လိုအပ်ကြောင်း၊ အဆင့်မီဓာတ်ခွဲခန်းစက်ပစ္စည်းများသာမက နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာက အသိအမှတ်ပြုသည့် ဓာတ်ခွဲခန်းဖြစ်လာသည်အထိ ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း၊ လိုအပ်သည်များအား ဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးနိုင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေး အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်ပညာသိပ္ပံ ဖွင့်လှစ်နိုင်ရေးလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ရောက်ရှိပြီး ပြတိုက်အတွင်း ပြသထားသည့် မြန်မာနိုင်ငံထွက် အဖိုးတန် ကျောက်မျက်ရတနာများနှင့် ပြတိုက် ပထမထပ်ရှိ မြန်မာ့ကျောက်မျက် အရောင်းဆိုင်များကို လေ့လာကြည့်ရှုခဲ့သည်။(ဓါပုံ)

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းပိုင်မြေအတွင်း ဖွင့်လှစ်မည့် သတ္တုဖွံ့ဖြိုးရေးဘဏ် (Mineral Development Bank) ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများအား ပုဂ္ဂလိကနှင့် ပူးပေါင်း၍ အဆင့်မြှင့်တင်နိုင်ရန် အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

**လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများအား ပုဂ္ဂလိကနှင့် ပူးပေါင်း၍ အဆင့်မြှင့်တင်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ကျင်းပသည်။**



**လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံ၊ ဆေးခန်းများအား ပုဂ္ဂလိကနှင့်ပူးပေါင်း၍ အဆင့်မြှင့်တင်နိုင်ရေး ညှိနှိုင်းအစည်းအဝေး၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှာစကားပြောကြားစဉ်။**

**ငွေကြေးအကျိုး ခံစားခွင့်များရရှိ**

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားရာတွင် လူမှုဖူလုံရေးအဖွဲ့သည် တည်ဆဲဥပဒေနှင့်အညီ အကျုံးဝင်အာမခံ အလုပ်သမားများအား မမာမကျန်းမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုများ ကြုံတွေ့လာရသည့်အခါ အခမဲ့ဆေးဝါးကုသခွင့်နှင့် သက်ဆိုင်ရာ ငွေကြေးအကျိုးခံစားခွင့်များကို ထောက်ပံ့ပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသူများအတွက်လည်း နာရေးစရိတ်များ ထုတ်ပေးခြင်းနှင့် ကျန်ရစ်သူမိသားစုအတွက် အကျိုးခံစားခွင့်နှင့် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်မစွမ်းဖြစ်သူများအတွက် ငွေကြေးအကျိုးခံစားခွင့်များ ရရှိစေသည့်အပြင် ကိုယ်အင်္ဂါတစ်စိတ်တစ်ပိုင်း ဆုံးရှုံးပါက ခြေတု၊ လက်တု တပ်ဆင်ပေးခြင်းတို့ကိုလည်း လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

လူမှုဖူလုံရေးစီမံကိန်း၏ အဓိက ရည်ရွယ်ချက်မှာ အာမခံအလုပ်သမားများ၏ မကျန်းမာမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုတို့ကြောင့် လုပ်ခဝင်ငွေလျော့နည်းခြင်း၊ ရပ်စဲခြင်းများဖြစ်ပေါ်သည့်အခါ အလုပ်သမားနှင့် ၎င်းအပေါ် မှီခိုနေသော မိသားစုဝင်များ၏ စီးပွားရေး၊ လူမှုဒုက္ခများခံစားရခြင်းတို့မှ ကာကွယ်ပေးရန်ဖြစ်ပါကြောင်း၊ လူမှုဖူလုံ ရေးအဖွဲ့သည် တစ်မျိုးသားလုံး အကျုံးဝင်သည့် လူမှုဖူလုံရေး စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရေရှည်မျှော်မှန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ မျှော်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရည်မှန်းချက်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆက်လက်၍ လူမှုဖူလုံရေးစီမံကိန်းအား အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အားကိုးယုံကြည်မှုများရရှိစေရန်အတွက် အိုင်တီစနစ်ကို အခြေခံ ပြုပြင်ပြောင်းလဲမှု လေးခုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန် ပြည်တွင်းကုမ္ပဏီ သုံးခုနှင့် ပြည်ပကုမ္ပဏီ လေးခုတို့က အဆိုပြု ကမ်းလှမ်းတင်ပြထားခြင်းများလည်း ရှိပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ၏ အားကိုးယုံကြည်မှု ရရှိစေရေးအတွက် လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အဆင့်မြှင့်တင်နိုင်ရန်အတွက် ကျန်းမာရေးဝန်ဆောင်မှုကို Provider Purchaser Split ဖြင့် ဆောင်ရွက်ရန်ကိစ္စအား စီးပွားရေးရာကော်မတီသို့ တင်ပြခဲ့ရာ မူအားဖြင့် ကန့်ကွက်ရန် မရှိကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် စီးပွားရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ်(၁၂/၂၀၁၇)မှ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**အဆင့်မြှင့်တင်ဆောင်ရွက်**

လူမှုဖူလုံရေး အကျုံးဝင် အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လွယ်လင့်တကူ ခံစားရရှိနိုင်စေရေးနှင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းသည် အဓိကကျသော လုပ်ငန်းရပ်တစ်ခုဖြစ်သဖြင့် ပြင်ပလူနာများအတွက် ကျန်းမာရေးဝန်ဆောင်မှုများအား Capitation စနစ်ဖြင့် အခြားဆေးရုံ၊ ဆေးခန်းများမှ ဝယ်ယူခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ရှေ့ပြေးစီမံချက်အနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ပြင်ပလူနာများ ကျန်းမာရေးစောင့်ရှောက်မှုကို လွယ်လင့်တကူ ခံစားရရှိနိုင်စေရေးနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် အခြားဆေးရုံ၊ ဆေးခန်းများမှ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးရုံတက်ရောက် ကုသရမည့် လူနာများအတွက် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရာတွင် လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများ၊ ဆေးခန်းများကိုလည်း အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံ၊ ဆေးခန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို Public Private Partnership (PPP) စနစ်ဖြင့် ဆောင်ရွက်လုပ်ကိုင်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍လည်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

**အမြန်ဆုံးအကောင်အထည်ဖော်**

ထို့နောက် တက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အပြန်အလှန်တင်ပြဆွေးနွေးကြသည်။ ယနေ့ကျင်းပသည့် အစည်းအဝေးမှ လူမှုဖူလုံရေးအဖွဲ့၏ ပုဂ္ဂလိကနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ Consultant ငှားရမ်းကာ Expression of Interest (EOI) ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် အမျိုးသားကျန်းမာရေးစီမံကိန်း လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ ဥပဒေများနှင့်အညီ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်တောင်းခံပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥပဒေများ ညွှန်ကြားချက်များနှင့်အညီ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရသည်။

**ခင်ရတနာ**

**ဓာတ်ပုံ-သော်တာဝင်း**

# ပြည်တွင်းကျောက်ကုန်သည်များအတွက် အကျိုးများစေသည့် ၂၀၁၇ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပနေသော နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ပြည်ပကုန်သည်များ ဝင်ရောက်မှုနည်းသည့်အတွက် ပြည်တွင်းကုန်သည်များအတွက် အဆင်ပြေစေသော ကျောက်မျက်ပြပွဲတစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။

**ရင်ပေါင်တန်း ဝယ်ယူ**

ယခုပြပွဲတွင် တင်ပြရောင်းချထားသော ကျောက်စိမ်းအတွဲများသည် ယခင်အကြိမ်များကအတိုင်း ဈေးနှုန်းပုံမှန်ရောင်းချရပြီး ပြည်တွင်း ကုန်သည်များသည် ပြည်ပ ကုန်သည်များ နည်းတူရင်ပေါင်တန်း ဝယ်ယူရရှိကြကြောင်း သိရသည်။

**အပေါင်းလက္ခဏာဆောင်**

"ပြည်ပကုန်သည်တွေ နည်းပြီးဈေးနှုန်းက သူတို့နဲ့ မယှဉ်နိုင်ပေမယ့် ကျွန်တော်တို့က ကြိုက်ရင် ပြိုင်ဆွဲတယ်၊ ကျွန်တော်တို့က အဖွဲ့လိုက်စုပြီး လာဝယ်ကြတာ၊ အကြမ်းထည် (ခေါင်းရှင်း) တွေပဲ စုဝယ်ပြီး အရည်လိုင်း၊ လက်ကောက်လိုင်း၊ အချပ်လိုင်း၊ အခြမ်းလိုင်းခွဲပြီး ပြန်ရောင်းပါတယ်၊ ဒီပြပွဲက ပြည်တွင်း ကုန်သည်တွေအတွက် အပေါင်းလက္ခဏာဆောင်တဲ့ပွဲ ဖြစ်ပါတယ် "ဟု မန္တလေး မြို့မှ အဖွဲ့လိုက်လာရောက် ဝယ်ယူသူ ဦးဇော်မင်းနိုင်က ပြောသည်။

" ဒီပြပွဲမှာ ကျောက်တွဲပေါင်း ၂၇၀ တင်ထားတယ်၊ အတွဲ ၂၅၀ မှာ ၂၁၇ တွဲ ရောင်းရပါတယ်၊ ဈေးနှုန်းကတော့ ပုံမှန်ပါပဲ၊ ခေါင်းရှင်း ကျောက်တွဲက နည်းတယ် " ဟု ရတနာတောင်တန်း ကျောက်မျက်ကုမ္ပဏီ (အကျိုးတူ)မှ မန်နေဂျာတစ်ဦးက ပြောသည်။

**ဈေးအမြင့်ဆုံး ရောင်းချ**

Lot No.4814 pieces 6 800 Kg ရှိသော ကျောက်စိမ်းတွဲသည် ကြမ်းခင်းဈေး ယူရိုငွေ ၁၂၈၀၀၀ နှင့် တင်ပြရောင်းချရာ ယူရိုငွေ ၁၂၅၀၀၀၀ ဖြင့် ဈေးအမြင့်ဆုံး ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# လက်ဝဲယိမ်း၊ လက်ယာယိမ်း နိုင်ငံရေးဝေါဟာရ

**မောင်ဒက္ခိဏ**

ယေဘုယျအားဖြင့် ကျွန်တော်တို့ သိမှတ်ထားသည်မှာ "လက်ဝဲ" အုပ်စုဟုဆိုလျှင် ကွန်မြူနစ်စနစ်၊ ဆိုရှယ်လစ်စနစ်တို့ ကျင့်သုံးသောနိုင်ငံများပါဝင်ပြီး ရုရှား၊ တရုတ်၊ ဗီယက်နမ်၊ လာအို စသည့်နိုင်ငံများကို ရည်ညွှန်းလေ့ရှိကာ "လက်ယာ" အုပ်စုတွင်မူ ဒီမိုကရေစီစနစ် ကျင့်သုံးသော အနောက်နိုင်ငံများပါဝင်သည်ဟု မှတ်ယူထားကြသည်။

**ဆက်လက်ရှင်သန်လာ**

သမိုင်းလေ့လာမှုများအရ "လက်ဝဲဝါဒီ" "လက်ယာဝါဒီ" စသည့် အသုံးအနှုန်းများသည် ၁၈ ရာစုနှစ် ပြင်သစ်တော်လှန်ရေးဖြစ်စဉ်များမှ စတင်ပေါ်ပေါက်လာကြောင်း သိရသည်။ ပြင်သစ်အမျိုးသားလွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌ၏ လက်ဝဲဘက်တွင် တော်လှန်ရေးကို ထောက်ခံသူများ၊ Republic ခေါ် ပြည်သူ့အစိုးရကိုထောက်ခံသူများ၊ ကျဆုံးသွားသည့် ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သူများက နေရာယူပြီး ဥက္ကဋ္ဌ၏ လက်ယာဘက်တွင် ပဒေသရာဇ်စနစ်၏ လက်ကျန်အုပ်ချုပ်မှု ယန္တရားများကို ထောက်ခံသူများက နေရာယူကြသည်။ ထိုမှတစ်ဆင့် လက်ဝဲ၊ လက်ယာနိုင်ငံရေးရောင်စဉ် (Spectrum) အဖြစ် ပေါ်ထွက်လာပြီး နိုင်ငံရေးဝါဒများ၊ ရပ်တည်ချက်များနှင့် ခေတ်ပေါ်နိုင်ငံရေးပါတီများကို ပိုင်းခြား သတ်မှတ်၍ နေရပ်ချမှတ်ပေးသည့်စနစ်အဖြစ် ဆက်လက်ရှင်သန်လာသည်။

ကြီး၏ အကျိုးစီးပွားကို ကျယ်ပြန့်ခြုံငုံသော အုပ်ချုပ်ရေး ယန္တရားကသာ အကောင်းဆုံးဆောင်ရွက်ပေးနိုင်မည်ဟု ခံယူကြသည်။

**လက်ယာယိမ်းအုပ်စုများ**

လက်ယာယိမ်းအုပ်စုများကမူ ပုဂ္ဂလိကအခွင့်အရေးများနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ လွတ်လပ်မှုများ(civil liberties)တို့ကို ဦးစားပေးမှသာ လူ့အဖွဲ့အစည်းကြီး အကျိုးစီးပွားများကို အကောင်းဆုံးဖော်ဆောင်နိုင်မည်ဖြစ်သည်။ တစ်နည်းဆိုသော် အုပ်ချုပ်ရေး ယန္တရား၏ သြဇာသက်ရောက်မှု နည်းနိုင်သမျှနည်းသင့်သည်ဟု ခံယူကြသည်။

ကျယ်ပြန့်ခြုံငုံသော အုပ်ချုပ်ရေးယန္တရားကို ဥပမာဖြင့် ဖော်ပြရလျှင် စနစ်တကျ စီမံထားသော လူမှုဖူလုံရေးစနစ်၊ ပြည်သူအားလုံး လွှမ်းခြုံသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ အခမဲ့ပညာရေး၊ အားကောင်းသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများနှင့် စက်မှုကဏ္ဍဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများဖြစ်သည်။

သြဇာသက်ရောက်မှုနည်းသော အုပ်ချုပ်ရေးယန္တရားကို ဥပမာဖြင့် ဖော်ပြရလျှင် အုပ်ချုပ်ရေးအစီအမံများက ကိုင်တွယ်ဖြေရှင်းရမည့် ကိစ္စရပ်များကို စီးပွားရေးဆန်ဆန် ချဉ်းကပ်မှုများ၊ နည်းဗျူဟာများဖြင့် စီမံဆောင်ရွက်ခြင်းဖြစ်သည်။

ဗဟိုတွင်ရှိအုပ်စုများကမူ လက်ဝဲ - လက်ယာချဉ်းကပ်မှုများကို ပုံသေမယူဘဲ ကိစ္စရပ်တစ်ခုချင်းပေါ်တွင် မိမိတို့၏ ဦးစားပေးဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ကြသည်။

**ရှေးရိုးစွဲ အမြင်များ**

၂၀၀၆ ခုနှစ်တွင် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက နိုင်ငံရေးဝိဝါဒကွဲပြားမှုသည် လက်ဝဲ-လက်ယာမဟုတ်တော့ဘဲ "ဖွင့်ထားသောရပ်တည်မှု" နှင့် "ပိတ်ထားသောရပ်တည်မှု" ဖြစ်သည်ဟု ဆိုသည်။ ၎င်းအဆိုပြုသည့် ချဉ်းကပ်မှုပုံစံမှာ လူမှုရေးကိစ္စရပ်များနှင့် ကမ္ဘာတစ်ဝန်း ဆက်စပ်မှုတို့အပေါ် ရှုမြင်သုံးသပ်မှု၊ ကွာခြားမှုများက ရှေးရိုးလက်ဝဲ - လက်ယာ အမြင်ကွာခြားမှုများထက် ပို၍ ယထာဘူတကျကြောင်း ဆွေးနွေးရှင်းလင်းသည်။ တစ်နည်းဆိုသော် နိုင်ငံရေးမူဝါဒများထက် လုပ်နည်းလုပ်ဟန်များ၊ ချဉ်းကပ်ပုံများက ပို၍ အဓိက ကျသည်ဟု ယူဆကြသည်။

"ဖွင့်ထားသောရပ်တည်မှု" ရှိသူများသည် လူမှုရေးကိစ္စများတွင် ပိုမို၍ ပျော့ပျောင်းစွာ ရှုမြင်နိုင်ပြီး မတူကွဲပြားမှုများ၊ ကမ္ဘာတစ်ဝန်းဆက်စပ်မှုများကို လက်ခံနိုင်ကြသည်။ "ပိတ်ထားသောရပ်တည်မှု" ရှိသူများကမူ လူမှုရေးကိစ္စများတွင် ရှေးရိုးစွဲ အမြင်များရှိပြီး နိုင်ငံကူးခြင်းကိုမထောက်ခံဘဲ "မိမိနိုင်ငံ၏ စီးပွားရေးကို တရားသေကာကွယ်ခြင်း" ကိုထောက်ခံသည်ဟု သုံးသပ်လာသည်။ ၂၀၁၀ ပြည့်နှစ်များတွင် ၎င်းအတွေး အခေါ်များသည် ဗဟိုတွင်ရှိသည့် အုပ်စုများအကြား ရေပန်းစားလာသည်။




**နိုင်ငံရေးပါတီကြီး ငါးခု**

ဂျာမနီနိုင်ငံတွင် နိုင်ငံရေးပါတီကြီး ငါးခုရှိသည့်အနက် နှစ်ခုမှာ ဗဟိုလက်ယာယိမ်း၊ နှစ်ခုမှာ ဗဟိုလက်ဝဲယိမ်းနှင့် ကျန်တစ်ခုမှာ လက်ဝဲစွန်းပါတီများ ဖြစ်သည်။ ၎င်းတို့အပြင် ပါတီငယ်ငါးခုရှိပြီး နှစ်ခုမှာ ဗဟိုလက်ယာယိမ်း၊ တစ်ခုမှာ ဗဟိုလက်ဝဲယိမ်းနှင့် ကျန်နှစ်ခုမှာ လက်ယာစွန်းပါတီများ ဖြစ်သည်။ အခြားပါတီငယ် ၂၂ ပါတီလည်းရှိသေးသည်။

မကြာသေးမီက ကျင်းပသော ရွေးကောက်ပွဲတွင် ဗဟိုလက်ယာယိမ်း CDU နှင့်CSU ပါတီတို့သည် နှစ်နှစ်အတွင်း နိုင်ငံရွှေ့ပြောင်းသူ နှစ်သန်းခန့်ကို လက်ခံခြင်းကြောင့် အဓိကအားဖြင့် ထောက်ခံမှုကျဆင်းသွားပြီး နိုင်ငံရွှေ့ပြောင်းသူများကို တားမြစ်လိုသည့် လက်ယာစွန်း ပါတီများက ထောက်ခံမဲ ပိုမိုရရှိသည်။ CDU-CSU ပါတီသည် ယခင် ၃၁၁ နေရာမှ ၂၄၆ နေရာသို့ ကျဆင်းသွားပြီး လက်ယာစွန်း Alternative for Germany ပါတီသည် ယခင်က နေရာမရရှိသည့် အနေအထားမှ ယခု ၉၄ နေရာ ရရှိလာသည်။ ထို့ကြောင့် ရှင်းလင်းသောမူဝါဒလမ်းစဉ်များ လိုအပ်သကဲ့သို့ မဲဆန္ဒရှင်အများစုက နှစ်သက်ထောက်ခံနိုင်သော လုပ်ငန်းစဉ်များကို ရွေးချယ်တင်ပြနိုင်ရန်လည်း လိုအပ်မည်ကို တွေ့နိုင်သည်။

**ကြီးမားသောလူမှုရေးပြောင်းလဲမှုများ**

ဤနေရာတွင် သတိပြုရမည့်အချက်တစ်ခုမှာ လူတို့၏ ပြောင်းလဲတတ်သော စရိုက်ပင် ဖြစ်သည်။ သမိုင်းဥပမာတစ်ခု တင်ပြရလျှင် စတာလင်သည် ရဲရဲတောက် တော်လှန်ရေးခေါင်းဆောင်အဖြစ် အာဏာရှင်စနစ်ဆိုးကို တွန်းလှန်ဖြိုချသူ ဖြစ်သော်လည်း ၎င်းအာဏာ ရရှိချိန်တွင် အာဏာရှင်တစ်ဖြစ်လဲအဖြစ် အခြားအုပ်စုများက တော်လှန်ကြရပြန်သည်။ လက်ဝယ်ရှိအာဏာကို မည်သူမျှ မစွန့်လွှတ်လိုဘဲ အားလုံးလိုလိုက အာဏာမက်မောသည်ကို တွေ့ရပေသည်။

> **" 'ဖွင့်ထားသောရပ်တည်မှု' ရှိသူများသည် လူမှုရေးကိစ္စများတွင် ပိုမို၍ ပျော့ပျောင်းစွာ ရှုမြင်နိုင်ပြီး မတူကွဲပြားမှုများ၊ ကမ္ဘာတစ်ဝန်းဆက်စပ်မှုများကို လက်ခံနိုင်ကြသည်။ 'ပိတ်ထားသောရပ်တည်မှု' ရှိသူများကမူ လူမှုရေးကိစ္စများတွင် ရှေးရိုးစွဲ အမြင်များရှိပြီး နိုင်ငံကူးခြင်းကို မထောက်ခံဘဲ 'မိမိနိုင်ငံ၏စီးပွားရေးကို တရားသေ ကာကွယ်ခြင်း' ကို ထောက်ခံသည်ဟု သုံးသပ်လာ"**

ယနေ့တိုးတက်ပြောင်းလဲလာသော ခေတ်တွင် "လက်ဝဲယိမ်း" "လက်ယာယိမ်း" နှင့် "ဗဟို" အုပ်စုတို့ကို ထပ်မံတွေ့ရှိနိုင်ကြသည်။ ဥပမာပြရလျှင် စီးပွားရေး၊ နည်းပညာစသည့်နယ်ပယ်တွင် ကမ္ဘာ့ရှေ့တန်းတွင်ရှိနေသော ဂျာမနီနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းကို တစေ့တစောင်း လေ့လာကြည့်လျှင် ဒေါက်တာမာကယ်လ် ဦးဆောင်သော ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံပါတီကို "ဗဟိုလက်ယာယိမ်း" ဟု သတ်မှတ်ကြပြီး ၎င်းပါတီ၏ မိတ်ဖက်ဖြစ်သော ဆိုရှယ်ဒီမိုကရက်တစ်ပါတီ(SPD)ကို "ဗဟိုလက်ဝဲယိမ်း" ပါတီအဖြစ် ခွဲခြားသတ်မှတ်ကြသည်။

**လက်ဝဲယိမ်းအုပ်စုများ**

ယေဘုယျအားဖြင့် လက်ယာယိမ်းအုပ်စုများက အထက်တန်းလွှာ သို့မဟုတ် အရှိန်အဝါရှိသည့် အုပ်စုများ၏ အကျိုးစီးပွားကို ရှေးရှုပြီး လက်ဝဲယိမ်းအုပ်စုများက လူမှုရေးအရ သို့မဟုတ် စီးပွားရေးအရ အခြေခံလွှာများ၏ အကျိုးစီးပွားကို ရှေးရှုသည်။ ဗဟိုတွင်ရှိသည့် အုပ်စုများက အလယ်အလတ်တန်းလွှာတို့၏ အကျိုးစီးပွားကို ကိုယ်စားပြုကြသည်။ ယင်းအုပ်စုများကို အလယ်အလတ် သို့မဟုတ် ဗဟိုဟု ခေါ်ဝေါ်ကြသည်။

ဖော်ပြပါအခြေအနေအရပ်ရပ်အပေါ် အခြေခံ၍ ဒွိဟဆန်သော မူလနိုင်ငံရေး မူဝါဒကြီးနှစ်ရပ်ပေါ်ထွက်လာပြီး မူလဝါဒကြီးတစ်ရပ်က ပုဂ္ဂလိကအခွင့်အရေး(rights of individuals) အခြားဝါဒကြီးမှာ အုပ်ချုပ်ရေးယန္တရား၏ သြဇာ (power of government) တို့ဖြစ်သည်။

လက်ဝဲယိမ်းအုပ်စုများသည် "လစ်ဘရယ်" ခေါ် "ဖွင့်ထားသောအမြင်" များအဖြစ် ပုံဆောင်ကြပြီး လူ့အဖွဲ့အစည်း

**ဦးစားပေးလုပ်ငန်းစဉ်များ**

| | လက်ဝဲယိမ်း | လက်ယာယိမ်း |
|---|---|---|
| နိုင်ငံရေးအတွေးအခေါ် | လစ်ဘရယ်ခေါ် "ဖွင့်ထားသောအမြင်" | "ကွန်ဆာဗေးတစ်" ခေါ် ရိုးရာရှေးရိုးစွဲအမြင် |
| စီးပွား | - ဝင်ငွေကွာဟမှုလျှော့ချရေး<br>- ချမ်းသာသူများကို အခွန်တိုးမြှင့်ကောက်ခံရေး<br>- နိုင်ငံတော်က လူမှုရေးဝန်ဆောင်မှုများ၊ အခြေခံအဆောက်အအုံများ တာဝန်ယူဆောင်ရွက်ရေး<br>- စီးပွားရေးလုပ်ငန်းများကို ကြပ်မတ်စွာကွပ်ကဲရေး | - အခွန်များ လျှော့ပေါ့ရေး<br>- စီးပွားရေးလုပ်ငန်းများအပေါ် ကြပ်မတ်မှုလျှော့ချရေး<br>- နိုင်ငံတော်က ငွေကြေးသုံးစွဲမှု လျှော့ချရေး<br>- နိုင်ငံတော်ဘတ်ဂျက်ကို ဟန်ချက်ညီ (balanced budget) ဖြစ်ရေး |
| ကျန်းမာရေးစောင့်ရှောက်မှု | - ကျန်းမာရေးစောင့်ရှောက်မှုသည် နိုင်ငံသားတိုင်း၏ အခွင့်အရေးတစ်ခုဖြစ်သည်။<br>- ပြည်သူအားလုံးလွှမ်းခြုံသည့် ကျန်းမာရေးစောင့်ရှောက်မှု | - နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုပေးခြင်းကို မလိုလားပေ။<br>- ပုဂ္ဂလိကအစီအစဉ်များဖြင့် ကျန်းမာရေးအာမခံစနစ်များကို အားပေးသည်။ |
| လူဝင်မှုကြီးကြပ်ရေး | - အထောက်အထားမဲ့နိုင်ငံပြောင်းရွှေ့သူများကို နိုင်ငံသားပြုနိုင်သည့် စီမံမှုများထားရှိပေးရန် | - အထောက်အထားမဲ့ နိုင်ငံပြောင်းရွှေ့သူများအတွက် "လွတ်ငြိမ်းချမ်းသာခွင့် (amnesty) မပြုဘဲ တည်ဆဲဥပဒေများအရ အရေးယူရန်<br>- တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများကို ထိရောက်စွာ တားဆီးရေး (နယ်စပ်ခြံစည်းရိုး၊ နယ်စပ်လုံခြုံရေးတပ်ဖွဲ့)<br>- အထောက်အထားမဲ့ နိုင်ငံပြောင်းရွှေ့သူများကြောင့် နိုင်ငံသားများ၏လုပ်အားခများ ကျဆင်းသည်ဟု ယူဆသည်။ |
| ပညာရေး | - အခမဲ့ပညာရေးကို ထောက်ခံ<br>- ပညာရေးကို အစိုးရ၏ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်ရန် | - ယေဘုယျအားဖြင့် ကွဲလွဲမှုမရှိ၊<br>- ပုဂ္ဂလိကပညာရေးကို အားပေးသည်။ |

နိုင်ငံရေးဦးစားပေးမှုများနှင့် နိုင်ငံရေးမူဝါဒများသည် အချိန်အခါ အားလျော်စွာ ပြောင်းလဲလျက်ရှိပြီး အထူးသဖြင့် ကြီးမားသောလူမှုရေးပြောင်းလဲမှုများ သို့မဟုတ် နည်းပညာတိုးတက်မှုများ ဖြစ်ပေါ်ချိန်တွင် ပိုမိုသိသာနိုင်သည်။ နောက်တစ်ချက်မှာ ယေဘုယျအားဖြင့် လက်ဝဲယိမ်းအုပ်စုများက ပြောင်းလွယ်ပြင်လွယ်လေ့ရှိကြပြီး လက်ယာယိမ်းအုပ်စုများက ပြောင်းလဲမှုများ နှေးကွေးလေ့ရှိသည်ကိုတွေ့နိုင်သည်။ ထို့ကြောင့် လက်ဝဲယိမ်း လက်ယာယိမ်း ဆိုသည့် ဝေါဟာရကို ပုံသေယူ၍မရဘဲ အချိန်အခါပေါ်လိုက်၍ ပြောင်းလဲလျက်ရှိသည်ဟု မှတ်ယူရပေမည်။

နိဂုံးအနေဖြင့် တင်ပြရလျှင် လက်ဝဲ သို့မဟုတ် လက်ယာလမ်းစဉ်တစ်ခုအတွင်းတွင်ပင် (ဘောင်အတွင်း၌ ဝဲ ၊ ယာယိမ်းသော ပါတီနှင့်မူဝါဒများလမ်းစဉ်များ) ရှိနေသည်ကို တွေ့နေရသည်။ အမှန်မှာ မိမိနိုင်ငံ၊ မိမိနိုင်ငံသားအကျိုးစီးပွားအား မည်သို့ဆောင်ရွက်မည်ကို ပြည်သူသို့ တင်ပြထားသည်ဖြစ်ရာ ပြည်သူက အချိန်အခါအခြေအနေနှင့် ကိုက်၍ ရွေးချယ် တာဝန်ပေးသောပါတီများသည် နိုင်ငံကို အုပ်ချုပ်ခွင့်ရရန် အခွင့်အလမ်းများ ပိုမိုရရှိမည် ဖြစ်ပေသည်။ ။

## မိတ္ထီလာနည်းပညာတက္ကသိုလ်၌ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာခရီးသွားရုပ်ရှင်ပွဲတော် ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၀**

မိတ္ထီလာနည်းပညာ တက္ကသိုလ်၌ လူ့ဂုဏ်သိက္ခာရုပ်ရှင် သိပ္ပံကျောင်း (ရန်ကုန်) မှ ပြုလုပ်သော လူ့အခွင့်အရေး၊လူ့ဂုဏ်သိက္ခာခရီးသွား ရုပ်ရှင်ပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

"မှတ်တမ်းရုပ်ရှင်ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် သိရှိပေါ်ထွက်လာဖို့နဲ့ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာဆိုတာ ဘာလဲဆိုတာကို လူတိုင်းသိရှိနားလည်စေဖို့ ရည်ရွယ်ပြီး လူ့အခွင့်အရေး၊ လူ့ဂုဏ် သိက္ခာခရီးသွားရုပ်ရှင်ပွဲတော်ကို နိုင်ငံတစ်ဝန်းမှာ ကျင်းပတာဖြစ်ပါတယ်၊ ဒီနေ့ ပြသမှာက မှတ်တမ်းရုပ်ရှင်ကား Deep Inside her (မြင်အောင်ကြည့်ပါ) ၊Bog Boy (ဂုတုံး )၊ A girl in 10 (ပန်းငုဝါ )၊ Vein ( မော် ) ဇာတ်ကားလေးကားပြသမှာ ဖြစ်ပါတယ်"ဟု လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာခရီးသွား ရုပ်ရှင်ပွဲတော် တာဝန်ခံ ကိုမိုးသစ်ဆက်ထွန်းက ပြောသည်။ အဆိုပါ ရုပ်ရှင်ပွဲတော်ကို လာရောက်ပြသရန် ဖိတ်ခေါ်သည့် တက္ကသိုလ်များ၊ လူမှုအဖွဲ့အစည်းများ၊ ယာယီဒုက္ခသည် စောင့်ရှောက်ရေးစခန်းများစသည့် နေရာများတွင် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာခရီးသွား ရုပ်ရှင်ပွဲတော်အား ဒါရိုက်တာ မင်းထင်ကိုကိုကြီး ဦးဆောင်တည်ထောင်သည့် လူ့ဂုဏ်သိက္ခာ ရုပ်ရှင် သိပ္ပံကျောင်းမှ သွားရောက်ပြသခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ အဆိုပါ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာခရီးသွား ရုပ်ရှင်ပွဲတော်ဖွင့်ပွဲတွင် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်ဆန်းက အမှာစကားပြောကြားပြီး ရုပ်ရှင်ပွဲတော်ကျင်းပရခြင်းအကြောင်းကို လူ့ဂုဏ်သိက္ခာ ရုပ်ရှင်သိပ္ပံကျောင်းမှ မရွှန်းလဲ့သာက ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မှတ်တမ်းရုပ်ရှင်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာပြသသည့် မှတ်တမ်းရုပ်ရှင်ဇာတ်ကား ရိုက်ကူးသော ဒါရိုက်တာများနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြောင်း သိရသည်။

**ချမ်းသာ( မိတ္ထီလာ)**



# သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမအစည်းအဝေးနှင့် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကျင်းပမည်

**ရန်ကုန်  ဒီဇင်ဘာ  ၂၀**

သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးကို ၁၃၇၉ ခုနှစ် တပေါင်းလဆန်း (၂၊ ၃၊ ၄၊ ၅)ရက် (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၆၊ ၁၇၊ ၁၈၊ ၁၉) သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၉ ခုနှစ် တပေါင်းလဆန်း (၆၊ ၇)ရက် (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀၊ ၂၁) အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် ကြာသပတေးနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်ပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားသည်။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ( ၉၊ ၁၀၊ ၁၁ ) ရက်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ( ၂၃၊ ၂၄၊ ၂၅ ) ရက် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၈ ရက်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်၊ ကြာသပတေးနေ့ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်ပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားသည်။

ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# သတိပေးနှိုးဆော်ချက်

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဂိုဏ်းပေါင်းစုံ သံဃာတော်အပါး ၁၈၀၀၀ တို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ဒဂုံမြို့နယ်၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားမကျင်းပမီ ၃၁-၁၂-၂၀၁၇ ရက်နေ့ ညနေ ၄ နာရီမှ ၁-၁-၂၀၁၈ ရက်နေ့ အခမ်းအနားပြီးစီးသည်အထိ ဦးဝိစာရလမ်းအား ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းဆုံမှ မော်ကွန်းတိုက်လမ်းဆုံထိ လည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရလမ်းဆုံမှ လင့်လမ်းထိ လည်းကောင်း၊ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်း/သစ်မှ ဦးဝိစာရနှင့် အာဇာနည်လမ်းဆုံထိ လည်းကောင်း၊ ရေတာရှည်လမ်းဟောင်း/သစ်အား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းထိ လည်းကောင်း၊ ကြားတောရလမ်းအား ကမ္ဘာအေးစေတီလမ်းမှ ရွှေတိဂုံအရှေ့မုခ်ထိ လည်းကောင်း၊ ဦးထောင်ဘိုလမ်းအား ဗဟန်းအဝိုင်းမှ ဦးဝိစာရအဝိုင်းထိ လည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ ပန်တျာလမ်းထိ လည်းကောင်း၊ မြို့မကျောင်းလမ်းအား အလုံလမ်းမှ မော်ကွန်းတိုက်လမ်းထိ လည်းကောင်း၊ အလုံလမ်းအား ပြည်လမ်းမှ ဦးဝိစာရအဝိုင်းထိ လည်းကောင်း၊ အာဇာနည်လမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံထိ လည်းကောင်း ခေတ္တလမ်းပိတ်၊ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အခြားသင့်လျော်သည့် လမ်းများမှ မောင်းနှင်သွားလာခြင်းဖြင့် ကူသိလ်ယူကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ခရစ်တော်မွေးနေ့(ခရစ္စမတ်) အကြိုဝတ်ပြုခြင်းနှင့် ညစာစားပွဲကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ  ၂၀**

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာနှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီတို့မှ ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အကြိုဝတ်ပြုခြင်းနှင့် ညစာစားပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ မက်သဒစ်(အင်္ဂလိပ်) အသင်းတော်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ပြီး ခရစ္စမတ်နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အကြိုဝတ်ပြုခြင်းတွင် ပလ္လင်တော်စွန့်ခြင်းကျူး ဓမ္မတေးသီချင်းကို သီဆိုကြပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဗဟိုကော်မတီဝင် မေဂျာနေလင်းထွန်းက ပဏာမဆုတောင်းခြင်း၊ မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာမန်းပါမာစတန်က မိတ်ဆက်စကားပြောကြားခြင်း၊ မက်သဒစ်(အင်္ဂလိပ်) အသင်းတော် ဂိုဏ်းအုပ်ဆရာတော် သိက္ခာတော်ရဆရာ ဦးတေဇဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ ဆရာ ဦးစောပက်ထရစ်လူနီက ကျေးဇူးတင်စကား ပြောကြားခြင်းများ ဆောင်ရွက်သည်။

ဆက်လက် အောက်မြန်မာပြည် မက်သဒစ်အသင်းတော်မှ ဓမ္မသံစုံကျူးအေးချင်းသီဆိုကြပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ ဗဟိုကော်မတီဝင် သိက္ခာတော်ရ ဒေါက်တာ ရန်ခိုပေါင်က နိုင်ငံတော်အကြီးအကဲများနှင့် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများ အားလုံးအတွက် အထူးဆုတောင်းမေတ္တာ ပို့သပေးခဲ့ပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီဝန်ထမ်းများက ဓမ္မသံစုံကျူးအေးချင်းဖြင့် သီဆိုကြသည်။

ထို့နောက် သိက္ခာတော်ရဆရာ ဦးမာကာ၊ သိက္ခာတော်ရဆရာမ ဆိုင်းမိုင်၊ Fr. Jerome ဝင်းရွှေကြည်တို့က သမ္မာကျမ်းစာကိုဖတ်ကြားပြီး ရန်ကုန်ကက်သလစ်သာသနာ လက်ထောက်ဆရာတော်ကြီး ဆရာတော် ဂျွန်စောယောဟန်က ခရစ္စမတ်ဒေသနာ ရွတ်ဆိုဖတ်ကြားသည်။

ယင်းနောက် “ယေရှုကြွလာတော်မူကျူး”ဓမ္မသီချင်းကို တက်ရောက်လာသူများက သံပြိုင်ရွတ်ဆိုကြပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးလူအေးက ကောင်းချီးမင်္ဂလာရွတ်ဆိုသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ် သာသနာနှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား ခရစ္စမတ်လက်ဆောင်များပေးအပ်ကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သီသီမင်း**



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်လုံးဆိုင်ရာ ဒသမအကြိမ် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဗုဒ္ဓပူဇနိယပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲနှင့် ရပ်ကွက်တွင်းလမ်းများရှိ ယာယီစံကျောင်းတော်များသို့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ပင့်ဆောင်ပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက်က ဓမ္မဝိဟာရလမ်း သာသနာ့ဟိတဓမ္မာရုံရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပစဉ်။ မြန်မာ့အလင်း

# ညောင်ပင်သာကျေးရွာတွင် မြေသားကန် ပြန်လည်တူးဖော်ဆောင်ရွက်ပြီးစီး



**မိတ္ထီလာ  ဒီဇင်ဘာ  ၂၀**

မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် သောက်သုံးရေအဆင်ပြေစေရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး ပန်းရွှေဝါကုမ္ပဏီမှ တာဝန်ယူ၍ မြေသားကန်ပြန်လည်တူးဖော်ဆောင်ရွက်လျက်ရှိရာ မြေသားကန်တူးဖော်ပြီးစီး၍ ဒေသခံများ သောက်သုံးရေ အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

မုန်တိုင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး ပန်းရွှေဝါကုမ္ပဏီမှ တာဝန်ယူ၍ အကျယ် ပေ ၁၄၀၊ အနက်သုံးပေရှိ မြေသားရေကန် ပြန်လည်တူးဖော်ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၅ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ မြေသာကန်တူးဖော်ဆောင်ရွက်ပြီးစီး၍ ညောင်ပင်သာကျေးရွာရှိ အိမ်ခြေ ၅၄ အိမ် လူဦးရေ ၃၄၀ တို့ သောက်သုံးရေ အဆင်ပြေတော့မည်ဖြစ်သည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် တပျော်ကျေးရွာအုပ်စု ကြာကန်ကျေးရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး ပန်းရွှေဝါကုမ္ပဏီမှ တာဝန်ယူ၍ အကျယ် လေးလက်မ၊ အနက် ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၄ ရက်မှစတင်၍ တူးဖော်ဆောင်ရွက်ပေးရာ အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းဟန်နှင့် ခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ်တို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက နာမကျန်းထောက်ပံ့ငွေပေးအပ်

**ဖြူး  ဒီဇင်ဘာ  ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့မှ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဦးကြည်စိုးတို့နှစ်ဦးမှာ နိုဝင်ဘာလအတွင်း ကျန်းမာရေးမကောင်း၍ ဆေးရုံသို့ တက်ရောက်ကုသနေကြရသဖြင့် ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း ပြန်ကြားရေးမှူး ဦးမျိုးကြီး၏ ဆက်သွယ်သတင်းပေးပို့မှုကြောင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ထောက်ပံ့ငွေကျပ်ငါးသောင်းစီကို ဖြူးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း (ကျော်ဆွေဝင်း-ရွှေအင်း)က အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

# မန္တလေးကျုံးပတ်လည် သာယာလှပရေးအတွက် လာမည့်နှစ်ဆန်းပိုင်းတွင် ပြုပြင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်မည်

**မန္တလေး  ဒီဇင်ဘာ  ၂၀**

မန္တလေးကျုံးပတ်လည် သန့်ရှင်းသာယာလှပရေးအတွက် ပြုပြင်မှုလုပ်ငန်းများကို လာမည့်နှစ်ဆန်းပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြုပြင်မှုလုပ်ငန်းများ လုပ်ဆောင်ရန် ဒီဇင်ဘာ ၁၉ ရက်က မန္တလေးမြို့တော်ဝန် ဦးဆောင်၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး လက်ရှိ ဘတ်ဂျက်ငွေများမှ သုံးစွဲကာ နိုင်ငံတကာအဆင့်မီ သာယာလှပသော ကျုံးပတ်လည်ဖြစ်စေရန် ပြုပြင်မွမ်းမံသွားရန်နှင့် ကျုံးတောင်ဘက် ၂၆ လမ်းကို ပထမဦးစွာ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။



“လက်ရှိ ကျုံးပတ်လည်အခြေအနေက ကြည့်လို့မကောင်းတာတွေ တော်တော်တွေ့နေရတယ်၊ လမ်းအခင်းတွေ၊ တံတားတွေ၊ ရေမြောင်းတွေလည်း ပျက်စီးချွတ်ယွင်းနေတာ တွေ့ရသလို ခေတ်တိုင်နဲ့ ကျုံးအကာအရံတွေကလည်း မညီမညာဖြစ်နေပြီး အမှိုက်ပုံးနဲ့ ကြော်ငြာဆိုင်းဘုတ်တွေကလည်း ဖြစ်သလို ချိတ်ဆွဲထားကြတာကိုတွေ့ရတယ်။ ဒါတွေကို စည်ပင်မှာရှိတဲ့ ဘတ်ဂျက်ပေါ်မူတည်ပြီး တိုင်းဒေသကြီးအစိုးရခွင့်ပြုချက်နဲ့ ရေရှည်ကောင်းမွန်အောင် ကျုံးလေးဖက်စလုံးကို ဦးစားပေးအဆင့်အနေနဲ့ ပြုပြင်သွားမှာပါ”ဟု ၎င်းက ပြောသည်။

အဆိုပါ ကျုံးပတ်လည်ပြုပြင်မှုလုပ်ငန်းများတွင် ကျုံးဘေးတစ်လျှောက် လူသွားလမ်းအဖြစ် ခင်းကျင်းထားသည့် လမ်းများကို လျှောက်လမ်းနှင့် စက်ဘီးလမ်းများအဖြစ်သာမက မသန်စွမ်းသူများ Wheel Chair ဖြင့်သွားလာနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားအမြင်တင့်တယ်စေမည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကျုံးမြို့ရိုးတောင်ဘက်ခြမ်းတွင်လည်း ယခင်ရှိခဲ့ဖူးသည့် မန်းသီတာဥယျာဉ်ကဲ့သို့ အပန်းဖြေဥယျာဉ်တစ်ခုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မေတ္တာနန္ဒဖောင်ဒေးရှင်းမှ စက်မှုဝန်ကြီးဌာနသို့ Computer Laptop အလုံး ၅၀ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့တွင် စက်မှုဝန်ကြီးဌာနသို့ မေတ္တာနန္ဒဖောင်ဒေးရှင်းမှ Laptop အလုံး ၅၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး မေတ္တာနန္ဒဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ဦးညဏ်ဝင်းက ကွန်ပျူတာ Laptop များ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Samsung Laptop အလုံး ၅၀ ကို ပေးအပ်လှူဒါန်းရာ (ဝဲပုံ) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ စက်မှုပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က ကျေးဇူးတင်စကား ပြောကြားသည်။

**သင်ထောက်ကူပစ္စည်း**

မေတ္တာနန္ဒဖောင်ဒေးရှင်းမှ လှူဒါန်းသော Laptop များကို စက်မှုဝန်ကြီးဌာနရှိ စက်မှုသင်တန်းကျောင်းများတွင် သင်ထောက်ကူပစ္စည်းများအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သွားနှင့် ခံတွင်း ကျန်းမာရေး ပညာပေးပိုစတာ ပြပွဲ၊ ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် အလုပ်သင်ဆရာများ၏ သွားနှင့် ခံတွင်း ကျန်းမာရေးပညာပေး ပိုစတာ ပြပွဲ၊ ပြိုင်ပွဲ (Oral Health Education Poster Competition)ကို Colgate Palmolive Myanmar Co., Ltd. ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆိုပါ တက္ကသိုလ် "မြင့်"ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပရာ ပထမဆုရရှိသော အုပ်စု-၇ နှင့် ဒုတိယဆုရရှိသော အုပ်စု-၈ တို့အား ပါမောက္ခချုပ် ဒေါက်တာရွှေတိုးက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ(ဆင့်ပွား)သင်တန်းဖွင့်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၁၇)ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး(ကိုယ်စား) ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး အဆိုပါသင်တန်းကို အရာရှိတပ်ဖွဲ့ဝင်များ မှုခင်းစုံစမ်းစစ်ဆေးရာတွင် အထောက်အကူဖြစ်စေရန်အတွက် ရည်ရွယ်၍ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံရှိ UNOPS ရုံးခွဲ၏ ဌာနေကိုယ်စားလှယ် / ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခံရသူ၏ ခန့်အပ်လွှာအား လက်ခံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အား မြန်မာနိုင်ငံရှိ United Nations Office for Project Services (UNOPS) ရုံးခွဲ၏ ဌာနေကိုယ်စားလှယ် / ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသူ Mr. Andrew Kirkwood သည် ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြု တွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

ခန့်အပ်လွှာပေးအပ်စဉ်တွင် မြန်မာနိုင်ငံနှင့် UNOPS တို့အကြား လက်ရှိနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်သွားရေး၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD)ကော်မတီနှင့် လက်တွဲလုပ်ကိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မီဒီယာများ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ ကျင်းပ

ပေကျင်း ဒီဇင်ဘာ ၂၀

**ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မီဒီယာများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ People's Daily New Media Building ၌ ကျင်းပသည်။** (အောက်ပုံ)



အဆိုပါ အစည်းအဝေးတွင် People's Daily မှ President Mr. YANG Zhenwu က မိန့်ခွန်းပြောကြားပြီး လာအိုနိုင်ငံမှ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဒုတိယဝန်ကြီး Mr. Savankhome Razmountry၊ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Assistant Minister နှင့် ဆင်ဟွာသတင်းဌာနမှ ဒုတိယအယ်ဒီတာချုပ်တို့က နှုတ်ခွန်းဆက် စကားများ အသီးသီး ပြောကြားကြသည်။

**ပူးတွဲကြေညာချက်**

အခမ်းအနားတွင် တရုတ်နိုင်ငံနှင့် မဲခေါင်နိုင်ငံများမှ သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ The Northern Light Journal အယ်ဒီတာချုပ် ဦးဝင်းတင်(သီဟအောင်)၊ ပေါ်ပြူလာသတင်းဂျာနယ်မှ သတင်းထောက် ဦးရဲကိုကိုလွင်၊ MITV မှ အကြီးတန်းအယ်ဒီတာ ဒေါ်တင်ဇာဘိုနှင့် MRTV မှ ရုပ်သံကျွမ်းကျင်-၁ ဒေါ်ဇင်ငြိမ်းအိတို့က တရုတ်နိုင်ငံနှင့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ မီဒီယာအဖွဲ့၏ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် မဲခေါင်နိုင်ငံအသီးသီးမှ မီဒီယာအဖွဲ့ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ The Northern Light Journal မှ အယ်ဒီတာချုပ် ဦးဝင်းတင် (သီဟအောင်)က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ယင်းအစည်းအဝေးတွင် တရုတ်နိုင်ငံနှင့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ မီဒီယာအဖွဲ့များက သဘောတူညီချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် မဲခေါင်-လျန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မီဒီယာထိပ်သီး အစည်းအဝေး အခမ်းအနားကို နိုင်ငံခြောက်နိုင်ငံမှ သတင်းမီဒီယာ ကိုယ်စားလှယ်များက ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် ဒုတိယအကြိမ် မဲခေါင်-လျန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မီဒီယာထိပ်သီးအစည်းအဝေးပွဲ ကျင်းပခွင့်ကို လာအိုနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည်။

**အလှည့်ကျ ကျင်းပသွားမည်**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မီဒီယာထိပ်သီး အစည်းအဝေးပွဲများကို မဲခေါင်ဒေသနိုင်ငံများတွင် အလှည့်ကျ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဝင်း၊ အောင်ရဲသွင်**
**(ခေတ္တ-ပေကျင်း)**

## ကိုရီးယားဘာသာစကား သင်ကြားမှု စွမ်းဆောင်ရည်မြှင့်မားရေးဆိုင်ရာ သင်တန်းပို့ချ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ ကိုရီးယားသမ္မတနိုင်ငံ Kyung Hee တက္ကသိုလ်နှင့် Korea တက္ကသိုလ်တို့ပူးတွဲ၍ ကိုရီးယားဘာသာစကားသင်ကြားမှု စွမ်းဆောင်ရည် မြှင့်မားရေးဆိုင်ရာ သင်တန်းပို့ချခြင်းနှင့် စာတမ်းဖတ်ပွဲများကို ကိုရီးယားသမ္မတနိုင်ငံ The Academy of Korean Studies သုတေသနအသင်းကြီး၏ အထောက်အပံ့ဖြင့် ဒီဇင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နှင့် ဘာသာရပ်ဌာနများမှ ပါမောက္ခ၊ ဌာနမှူးများ၊ ကိုရီးယားဘာသာဌာနမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အမှာစကားပြောကြားပြီး Kyung Hee University မှ Professor Dr. Cho Hyun Yong က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Kyung Hee University မှ Professor Dr. Cho Hyun Yong နှင့်အတူ Professor Dr. Lee Jung Hee နှင့် Korea University မှ Professor Dr. Kim Jeong Sook တို့က ကိုရီးယားဘာသာစကား သင်ကြားမှုဆိုင်ရာ သင်တန်းများပို့ချပြီး မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရန်ကုန် နိုင်ငံခြား ဘာသာတက္ကသိုလ် ကိုရီးယားဘာသာဌာနများမှ ဆရာ ဆရာမများက စာတမ်း ၁၀ စောင် ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

**မန္တလေး(ကိုယ်ပွား)**



# သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း နီပေါနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံချီဦးထွန်းနေလင်း သည် ၎င်း၏ ခန့်အပ်လွှာကို ဒီဇင်ဘာ ၁၀ ရက်တွင် ခတ္တမန္ဒူမြို့၌ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စ ဘီဒီယာ ဒေဗီဘန်ဒါရီ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# စီးပွားရေးအခြေခံလုပ်ငန်းများသို့ မြန်မာ့စီးပွားရေးဘဏ်မှ နှစ်လတ်ချေးငွေများ ထုတ်ချေးမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

နိုင်ငံတော်သည် စီးပွားရေးအခြေခံလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ အားပေးမြှင့်တင်ဆောင်ရွက်ရာတွင် လိုအပ်သော အရင်းအနှီးငွေကြေးများ ရရှိစေနိုင်ရေးကိုလည်း စည်းမျဉ်းဥပဒေများနှင့်အညီ ဖော်ဆောင်ပေးမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ပါလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိပြီး ငွေကြေးအရင်းအနှီး လိုအပ်နေသူ လုပ်ငန်းရှင်များသို့ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အထူးအစီအစဉ်ဖြင့် ဘဏ်ချေးငွေများ ထုတ်ချေးမည်ဖြစ်ပါသည်။ ဘဏ်ချေးငွေများ ထုတ်ချေးမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ကဏ္ဍ | အကျုံးဝင်သော လုပ်ငန်းများ | ထုတ်ချေးမည့် ကဏ္ဍ | တစ်နှစ်အတိုးနှုန်း | ချေးငွေ သက်တမ်း |
|---|---|---|---|---|
| လယ်ယာကဏ္ဍ | (၁) စိုက်ပျိုးရေး လုပ်ငန်းများ<br>(၂) မွေးမြူရေး လုပ်ငန်းများ<br>(၃) စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းများ | MADB မှ တစ်ဆင့် ထုတ်ချေးမည်ဖြစ်ပါသည်။ | MEB မှ MADB သို့ ၈.၅% ဖြင့် ထုတ်ချေးပြီး MADB မှ လုပ်ငန်းရှင်သို့ ၉% ဖြင့် ထုတ်ချေးပါမည်။ | (၃)နှစ်မှ (၅) နှစ် |
| အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ကဏ္ဍ | (၁) ကုန်ထုတ်လုပ်မှု လုပ်ငန်းများ<br>(၂) ကုန်ထုတ်လုပ် ရောင်းဝယ်မှု လုပ်ငန်းများ<br>(၃) ပြည်ပပို့ကုန်လုပ်ငန်း များ<br>(၄) သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှု လုပ်ငန်းများ<br>(၅) Recycling နှင့် Energy Saving လုပ်ငန်းများ<br>(၆) နည်းပညာအခြေခံ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း များ | MEB မှ တိုက်ရိုက် ထုတ်ချေးပါမည်။ | ၉% | (၃)နှစ်မှ (၅)နှစ် |
| ဆောက်လုပ်ရေး ကဏ္ဍ | (၁) ဆောက်လုပ်ရေး လုပ်ငန်းများ<br>(၂) ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း များ | CHDB မှ တစ်ဆင့် ထုတ်ချေးပါမည်။ | MEB မှ CHDB သို့ ၉ % ဖြင့် ထုတ်ချေးပြီး CHDB မှ လုပ်ငန်းရှင်များသို့ ၁၁% ဖြင့် ထုတ်ချေးပါမည်။ | (၃)နှစ်မှ (၅)နှစ် |

MADB = မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ MEB = မြန်မာ့စီးပွားရေးဘဏ်
CHDB = ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်

ကဏ္ဍအလိုက် ချေးငွေရယူလိုသူများသည် ချေးငွေရယူလိုသူလုပ်ငန်းရှင်များအတွက် ဘဏ်မှ သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ညီညွတ်သူများဖြစ်ရပါမည်။ ချေးငွေအတွက် အာမခံပစ္စည်းအဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ပေးအပ်နိုင်ပါသည်။ အာမခံပစ္စည်း မပေးအပ်နိုင်သူများ၊ အာမခံပစ္စည်းပေးအပ်နိုင်သော်လည်း ချေးငွေအတွက် လုံလောက်မှု မရှိသူများအတွက် ချေးငွေအာမခံအဖွဲ့အစည်းနှင့်ချိတ်ဆက်၍ ဆောင်ရွက်နိုင်ရန် စီစဉ်ထားပါသည်။ ချေးငွေလျှောက်ထားရယူလိုသူ လုပ်ငန်းရှင်များသည် နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်


# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာကွန်ဖရင့်၊ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲနှင့် ဂါဗာနာဘုတ်အဖွဲ့ဝင်များ အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၀

**မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဒီဇင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် (၅၃) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာကွန်ဖရင့်၊ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲနှင့် (၃၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ဝင်များ အစည်းအဝေးများသို့ တက်ရောက်သည်။**



မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်တွင် "Pursuing Stability in a World of Instability" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် (၅၃)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာကွန်ဖရင့်၊ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် SEACEN အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အမှာစကား ပြောကြားသည်။ **(ယာပုံ)**

**ဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် Will politics lead economics? : Geo-political risks and implications for central banks၊ Technological innovations: Implications for central banks in the next five years နှင့် Redefining mandates of central banks: Monetary policy and financial cycles အကြောင်းအရာများနှင့် စပ်လျဉ်း၍ အဓိကထား ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပခဲ့ သည့် (၃၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ဝင်များ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး SEACEN အဖွဲ့၏ ၂၀၁၇ ခုနှစ်အတွက် ဥက္ကဋ္ဌဖြစ်သူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ၂၀၁၈ ခုနှစ်အတွက် ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူမည့် ထိုင်းဗဟိုဘဏ် ဥက္ကဋ္ဌဖြစ်သူ H.E .Dr. Veerathai Santiprabhob ထံသို့ ဥက္ကဋ္ဌတာဝန် (Chairmanship) ကို လွှဲပြောင်းသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက် ကျင်းပခဲ့ပြီး SEACEN Centre မှ အမှုဆောင် အရာရှိ Dr. Hans Genberg က ၂၀၁၇ ခုနှစ်အတွင်း SEACEN Centre ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ၂၀၁၈ ခုနှစ်အတွက် SEACEN Centre မှ ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ တင်ပြရာ ဂါဗာနာများက လိုအပ်သည့်မှာကြားမှုများ ဆောင်ရွက်ကြသည်။

**ပြန်လည်ရောက်ရှိ**

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ဒီဇင်ဘာ ၁၇ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစား အကျိုးခံစားခွင့်များကို စိစစ်တွက်ချက်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ပင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အငြိမ်းစားအကျိုးခံစားခွင့်များကို စိစစ်တွက်ချက် ခွင့်ပြုပေးလျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အချိန်၌ လုပ်သက်ဆုငွေနှင့် လစဉ်အငြိမ်းစားလစာအား အငြိမ်းစားယူသည့် လနှင့်တစ်ဆက်တည်း ခံစားခွင့်ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိရာ ပင်စင်အမှုတွဲများ ပြည့်စုံမှန်ကန်စွာပြုစု၍ ပင်စင်ဦးစီးဌာနသို့ ပေးပို့ရန်လိုအပ်သည်။

ယင်းသို့ ပြည့်စုံမှန်ကန်သည့် ပင်စင်အမှုတွဲများ ပေးပို့နိုင်ရေးရည်ရွယ်၍ ပင်စင်အမှုတွဲများ လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအတွက် ပင်စင်အထောက်အကူပြုသင်တန်းအမှတ်စဉ် ( ၃ / ၂၀၁၇ ) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် ၃၄ ရှိ အစည်းအဝေးခန်းမ၌ စတင်ဖွင့်လှစ်ပို့ချသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ရှိ ဌာနအဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ ၄၆ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တပတ် တစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များ အမြန်ရရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် ရုံးခွဲများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပြီး ပင်စင်အထောက်အကူပြု သင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# 'အေးချမ်းသာယာ ပြည်မြန်မာ' ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို 'အေးချမ်းသာယာ ပြည်မြန်မာ'ဟူသောခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများ ရွေးချယ်သတ်မှတ်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ ဓာတ်ပုံပြိုင်ပွဲ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Sule Shangri-La Hotel, Myanmar Ballroom ၌ ကျင်းပမည် ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၀၊ ၀၁-၃၇၁၃၄၂ တို့သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၂၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ အိန္ဒိယနိုင်ငံ Foreign Secretary, Dr. S. Jaishankar နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် အိန္ဒိယအစိုးရနှင့် မြန်မာအစိုးရတို့အကြား ရခိုင်ပြည်နယ်တွင် နေထိုင်သော ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးခြင်းများ၊ ထောက်ပံ့မှု၏ အရေးပါမှုများ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး မြှင့်တင်ခြင်းများအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ရေးထိုးမည့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် ပါဝင်သော ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအား ဆက်လက်ကျင်းပရာ မြန်မာအစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အိန္ဒိယအစိုးရကိုယ်စား အိန္ဒိယနိုင်ငံ Foreign Secretary,Dr. S. Jaishankar က အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအားဖြင့် ရခိုင်ပြည်နယ်၏ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အိန္ဒိယအစိုးရမှ မြန်မာအစိုးရအား ထောက်ပံ့ငွေအဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့သွားမည်ဖြစ်ပြီး ဆောင်ရွက်မည့် စီမံကိန်းများသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့်သက်ဆိုင်သော ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ အခြေခံအဆောက်အအုံ ဖန်တီးပေးခြင်းများ၊ တံတားငယ်များဆောက်လုပ်ခြင်း၊ လမ်းများပြုပြင်မွမ်းမံခြင်း၊ အသေးစား စွမ်းအင်စီမံကိန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ၊ လေ့ကျင့်ရေးစင်တာ တည်ထောင်ပေးခြင်းများ၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအား ထိန်းသိမ်းခြင်းများ၊ အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ကလေးသူငယ်များ ပြုစုစောင့်ရှောက်ခြင်း စသည့်လုပ်ငန်းများပါဝင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အိန္ဒိယနိုင်ငံ Foreign Secretary, Dr. S. Jaishankar တို့ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။**

# အင်္ဂူမော်-မောင်တောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း မေလတွင် ပြီးစီးရန် ခန့်မှန်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလမ်းမကြီးတစ်ခုဖြစ်လာမည့် အင်္ဂူမော်-မောင်တောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မေလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားရန် ခန့်မှန်းထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ အခုပွင့်လင်းရာသီမှာ အပြီးဆောင်ရွက်သွားနိုင်မယ်လို့ ခန့်မှန်းထားပါတယ်၊ ဇွန်လမတိုင်မီ မေလကုန်မှာ ပြီးစီးဖို့ခန့်မှန်းထားပါတယ်၊ ပြီးစီးနိုင်ပါတယ်"ဟု အေးရှားဝေါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ အင်္ဂူမော်-မောင်တောလမ်း အဆင့်မြှင့်တင်ရေး လုပ်ငန်းခွင်သို့ရောက်ရှိလာစဉ် အေးရှားဝေါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**ကျောက်ချောလမ်း**

အဆိုပါ အင်္ဂူမော်-မောင်တောလမ်းကို UEHRD စီမံကိန်းလက်အောက်တွင် အေးရှားဝေါကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး လမ်းအရှည် ၄၉ မိုင် ၆ ဖာလုံရှိသည်။ လက်ရှိ အင်္ဂူမော်-မောင်တောလမ်းမှာ မောင်တောမှ ဥဒေါင်းအထိ ကွန်ကရစ်လမ်းအဖြစ် တည်ရှိနေပြီး ကျန်အပိုင်းမှာကျောက်ချောလမ်းအဖြစ် တွေ့ရသည်။

အေးရှားဝေါကုမ္ပဏီ အနေဖြင့် ယင်းလမ်းမကြီးကို ၁၈ ပေ အကျယ်ရှိ ကွန်ကရစ်လမ်းမကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ယခုအခါ ယင်းလမ်းမကြီးကို အေးရှားဝေါကုမ္ပဏီက လူအင်အား ၂၆၀၊ စက်၊ ယာဉ်ယန္တရား ၃၅စီးဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

**ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်တော့မည်**

ယင်းလမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက စစ်တွေမြို့မှ အင်္ဂူမော်သို့ ကူးတို့ရေယာဉ်ဖြင့်ကူးပြီး မောင်တောမြို့သို့ အချိန်တိုအတွင်း လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်၍ ဒေသတွင်းလုံခြုံရေးကို အထောက်အကူပြုနိုင်မည့်အပြင် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ -နေဝင်းထွန်း**

# ရသေ့တောင်မြို့နှင့် ကျေးရွာ ၂၆ ရွာအား လျှပ်စစ်ဓာတ်အား အမြန်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရသေ့တောင်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ဦးစီးဌာနက ကြီးကြပ်၍ ရသေ့တောင်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာပေးနိုင်ရေးအတွက် သတ်မှတ်ချိန်အတိုင်း ပြီးစီးနိုင်ရန်နှင့် ဓာတ်အားရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း စစ်တွေခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မိုးက ပြောသည်။

**တစ်ပြိုင်တည်း ဆောင်ရွက်**

ထိုသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန် ၆၆ ကေဗွီ၊ ပုဏ္ဏားကျွန်း ရသေ့တောင်ဓာတ်အားလိုင်း ၂၂ ဒသမ ၅ မိုင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲစက်ရုံတစ်ရုံ၊ ရသေ့တောင် မြို့ပေါ်နှင့် ကျေးရွာ ၂၆ ရွာအား ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးတို့အတွက် ၂၀၁၈ ခုနှစ် မတ်လအကုန်အပြီး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနိုင်ရန် ပြည်ထောင်စုအစိုးရရန်ပုံငွေ၊ ပြည်နယ်အစိုးရ ရန်ပုံငွေတို့ဖြင့် တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း ရသေ့တောင်ဓာတ်အားလိုင်း ၂၂ ဒသမ ၅ မိုင်နှင့် ၆၆ /၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲစက်ရုံမှာ ၆၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ဓာတ်အားလိုင်းသွယ်တန်းမှုမှာလည်း ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာဌာန လျှပ်စစ်အင်ဂျင်နီယာ ဦးကြီးဇေယျ၏ ညွှန်ကြားချက်အရ စစ်တွေခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မိုး၊ ရသေ့တောင်မြို့နယ် လျှပ်စစ်မှူး ဦးကျော်ကျော်မင်းတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**

# ဘူးသီးတောင်တွင် လူပေါင်း ၅၀၀၀ ကျော်အား အခမဲ့ ဆေးကုသပေး

**ဘူးသီးတောင် ဒီဇင်ဘာ ၂၀**

ဘူးသီးတောင် ပြည်သူ့ဆေးရုံကြီးတွင် အခြေစိုက်သည့် ရွေ့လျားဆေးကုသရေးအဖွဲ့ Mobile Team အနေဖြင့် ဝေးလံသော ကျေးလက်ဒေသများသို့ နယ်လှည့်ဆေးကုသပေးလျက်ရှိရာ လူနာပေါင်း ၅၀၀၀ ကျော်အား အခမဲ့ ဆေးကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဆေးကုသပေးနိုင်**

"ကျွန်တော်က တောင်ဘဇာ တိုက်နယ်ဆရာဝန်ပါ၊ အခု ဘူးသီးတောင်ဆေးရုံမှာ တွဲထားပါတယ်၊ ကျွန်တော်တို့ Mobile Team အနေနဲ့ မြို့ပေါ်မှာ ငါးဖွဲ့၊ စေတီပြင်မှာတစ်ဖွဲ့ ရှိပါတယ်၊ ဒီအဖွဲ့ခြောက်ဖွဲ့က ပြီးခဲ့တဲ့ ဇူလိုင် ၁၄ ရက်က စပြီး ဝေးလံတဲ့ ကျေးလက်ဒေသတွေမှာ နယ်လှည့် ဆေးကုသပေးလျက်ရှိရာမှာ အခုအချိန်ထိ လူနာပေါင်း ၅၅၂၉ ဦး ကို အခမဲ့ ဆေးကုသပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်"ဟု ဒေါက်တာစောမင်းသိမ်းက ပြောသည်။

**ဆက်လက်ဆောင်ရွက်သွားမည်**

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့များအနေဖြင့် တစ်လလျှင် ရက် ၂၀ ခန့် ဝေးလံပြီး လုံခြုံရေးပေးနိုင်သော ကျေးရွာများသို့ သွားရောက်ကာ အခမဲ့ ဆေးကုသပေးလျက်ရှိကြောင်း၊ လာမည့် ခြောက်လမှ ခုနစ်လကြာ ပြည်နယ်နှင့် ပြည်ထောင်စုဘတ်ဂျက် အစီအစဉ်တို့ဖြင့် ရွေ့လျားဆေးကုသပေးခြင်း လုပ်ငန်းကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းကထပ်မံ ပြောကြားသည်။




**ထိရောက်စွာ ဆောင်ရွက်ပေး**

ဘူးသီးတောင်၊ မောင်တောဒေသသည် ပြီးခဲ့သည့် ဩဂုတ်လ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် ကျေးရွာတိုက်နယ်ဆေးရုံများ၊ ဆေးပေးခန်းများ ဖွင့်လှစ်ရန်ခက်ခဲမှုကို အထောက်အပံ့ဖြစ်စေရန်အတွက် Mobile Team များဖြင့် ဆေးကုသရေးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ - နေဝင်းထွန်း**

# မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ အမည်မသိရုပ်အလောင်းများ တွေ့ရှိမှုနှင့်ပတ်သက်ပြီး တပ်မတော်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ မည်သူမည်ဝါ မခွဲခြားနိုင်သော ရုပ်အလောင်းများတွေ့ရှိမှု၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်ခဲ့မှု ရှိ၊ မရှိ စစ်ဆေးရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးစီးသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာနယ်မြေဒေသသို့ ယနေ့ထွက်ခွာသွားကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ဒဂုံမြို့နယ်အတွင်း ကာကွယ်ဆေးထိုးရန်ကျန်ရှိသည့် ကလေးငယ်များအား ရက်တိုး ထိုးပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အတွင်း ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ကလေးငယ် ၁၄၁၈ ဦးကို ဆေးထိုးအဖွဲ့ ခြောက်ဖွဲ့ဖြင့် ထိုးနှံပေးနိုင်ခဲ့ပြီး ၇၁ ရာခိုင်နှုန်းရှိကြောင်းနှင့် ကျန်ရှိသည့် ကလေးငယ်များအား ဒီဇင်ဘာ ၂၂ ရက်အထိ ဆက်လက် ထိုးနှံပေးသွားမည် ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးယာဉ် ယာဉ်စစ်ဆေးရက်ချိန်းအား ကြိုတင်စာရင်းသွင်းသည့်စနစ် ပြောင်းလဲကျင့်သုံးမည်

## အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးယာဉ်စီးရေ များပြားသဖြင့် အချိန်ကြာမြင့်ခြင်း၊ လမ်းများပေါ်တွင် တန်းစီစောင့်ဆိုင်းရသည့်ယာဉ်များကြောင့် ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်ခြင်းများ လျော့နည်းသက်သာစေရန်အတွက် နှစ်လဲမှတ်ပုံတင်ယာဉ်စစ်ဆေးရက်ချိန်းအား ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို ၂-၁-၂၀၁၈ ရက် (အင်္ဂါနေ့)မှစတင်၍ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်ပိုင်ရှင်များသည် မိမိယာဉ်စစ်ဆေးလိုသည့်ရက်ကို ၂၇-၁၂-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)မှစတင်၍ Online Booking စနစ်ဖြင့် ကြိုတင်စာရင်းသွင်းနိုင်မည်ဖြစ်ပါသည်။

၃။ Online Booking System အား နှစ်လဲမှတ်ပုံတင် မော်တော်ယာဉ်များအတွက်သာ စတင်ဆောင်ရွက်မည်ဖြစ်ပြီး နယ်ဝင်ယာဉ်များ၊ ပြောင်းလဲခြင်း(ဥပမာ- စက်ပြောင်း၊ ဆေးရောင်ပြောင်း၊ အမည်ပြောင်း၊ .... စသည်ဖြင့်) စစ်ဆေးခံမည့်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် Online Booking ရယူရန်မလိုဘဲ ယခင်အတိုင်းသာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ ရုံးဖွင့်ရက်တစ်ရက်လျှင် နံနက်ပိုင်း ၉နာရီမှ ၁၂ နာရီအထိနှင့် နေ့လယ်ပိုင်း ၁နာရီမှ ၃နာရီခွဲအထိ နှစ်ကြိမ်ခွဲ၍ ရုံးများအလိုက် အောက်ပါ မော်တော်ယာဉ်စီးရေများအတိုင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

(စီးရေ)

| စဉ် | ရုံးအမည် | နံနက်ပိုင်း | နေ့လယ်ပိုင်း | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| (က) | ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) | ၇၅ | ၇၅ | ၁၅၀ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၁၅၀ | ၁၂၀ | ၂၇၀ | ကိုယ်စားလှယ် |
| (ခ) | ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း) | ၁၁၀ | ၆၅ | ၁၇၅ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၂၇၅ | ၂၀၀ | ၄၇၅ | ကိုယ်စားလှယ် |
| (ဂ) | ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) | ၇၅ | ၅၀ | ၁၂၅ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၁၂၅ | ၁၀၀ | ၂၂၅ | ကိုယ်စားလှယ် |
| (ဃ) | ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) | ၁၂၀ | ၁၀၀ | ၂၂၅ | ပိုင်ရှင်ကိုယ်တိုင်၊ ကိုယ်စားလှယ် |
| (င) | တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) | ၁၂၀ | ၈၀ | ၂၀၀ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၃၀ | ၃၀ | ၆၀ | ကိုယ်စားလှယ် |

၅။ သို့သော် Online Booking ရယူရန် အခက်အခဲရှိသူများ နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် လ တစ်လ၏ နောက်ဆုံးရုံးဖွင့်ရက်နှစ်ရက်ကို Online Booking ရက်ချိန်းယူရန်မလိုဘဲ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ Online Booking ကို အနည်းဆုံး သုံးရက်မှ အများဆုံး ၃၀ ရက်အထိ ကြိုတင်ရယူနိုင်ပြီး Online အသုံးပြုရန် အသေးစိတ်အချက်များအား www.motc.gov.mm, www. myanmarrtad. com, www .rtad. gov.mm, Ministry of Transport and Communicationm, Myanmar Facebook Page များတွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်-

- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၃၅၉၊ ၀၆၇-၃၄၀၅၀၉၉
- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၁-၅၇၀၉၆၇
- တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)- ၀၁-၂၅၈၅၀၈၂
- ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) - ၀၁-၅၉၀၁၀၇
- ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) - ၀၁-၅၇၃၁၀၉
- ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) - ၀၁-၃၆၄၄၄၁၀
- ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) - ၀၅၆-၂၁၀၈၀

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပိတောက်ဝါဟိုတယ်၌ တည်းခိုသူထံမှ သေနတ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့ဟောင်း အလယ်ရပ်ကွက် ကံ့ကော်လမ်း အမှတ် ၉ ရှိ ပိတောက်ဝါဟိုတယ်၌ လာရောက် တည်းခိုသူထံမှ ဒီဇင်ဘာ ၁၉ ရက် ည ၉ နာရီ ၅ မိနစ်က ထိုင်ဝမ်ထုတ် သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ် မောင်မောင်သန်းနှင့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ဟိုတယ်အား ဝင်ရောက်ရှာဖွေရာ တည်းခိုနေထိုင်သည့် သီဟအောင် (၃၂ နှစ်) အမှတ်-၃၀ ထန်းပင်ကုန်း ၇ လမ်း ထန်းပင်ကုန်းရပ်ကွက် သန်လျင်မြို့နေသူအား တွေ့ရှိရပြီး အခန်းအား ရှာဖွေရာ ပလတ်စတစ် ဘောစေ့အလုံး ၆၀၀၊ ဖန်ဘောစေ့အလုံး ၁၅၀၊ ဂက်စ်ထည့်ပြီး ဘောစေ့အလုံးထည့်ရသည့် သံကိုယ်ထည် ကျည်ဘောက်နှစ်ခု၊ ဘောစေ့အလုံးထည့်ပစ်ရသည့် ထိုင်ဝမ်လုပ် သံကိုယ်ထည် သေနတ်တစ်လက်တို့ကို တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အဆိုပါ ထိုင်ဝမ်လုပ် သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများအား လက်ဝယ်ထားရှိသူ သီဟအောင်အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**ဘူးသီးတောင် ဒီဇင်ဘာ ၂၀**

ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒီဇင်ဘာ ၁၉ ရက်က ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက ပြိုင်ပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၃၀ တို့က ပေးထားသော ပုံများကို ဆေးရောင်ခြယ်ကြရာ ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။




ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် ရောင်စုံခဲတံများကို လက်ဆောင်ပေးအပ်ခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**



**စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွင် ဒီဇင်ဘာ ၁၈ ရက်က နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများ ပြုလုပ်ပြီး ဆုရရှိသူ ကျောင်းသားကျောင်းသူလေးများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာလာသန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်စဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၌ ငါးပြတိုက် အဆင့်မြှင့်တင်ဖွင့်လှစ်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ဖွင့်လှစ်ထားသော ငါးပြတိုက်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားမှုဖြင့် ဒီဇင်ဘာ ၂၃ ရက်တွင် အဆင့်မြှင့်တင် ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းငါးပြတိုက်၌ ပြည်ပငါးမျိုးစိတ် ၄၅ မျိုး၊ ပြည်တွင်း ငါးမျိုးစိတ် ၁၁ မျိုး ငါးကောင်ရေ ၁၈၈၀ ကောင်ဖြင့် ငါးကန် ၅၂ ကန်တွင် ငါးပညာရှင် ဦးခင်မောင်ဦးနှင့် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများက စနစ်တကျ တာဝန်ယူ ပြသသွားမည်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ၂၀၁၀ ပြည့်နှစ်မှစ၍ ငါးပြတိုက်ကို စတင် ဖွင့်လှစ်ပြသပေးခဲ့ပြီး ယခုအခါ အဆိုပါ ငါးပြတိုက်တွင် ပြည်တွင်း ပြည်ပမှ ငါးမျိုးစိတ်များ ထပ်မံထည့်သွင်းကာ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်၍ လာရောက်လည်ပတ်သူများအနေဖြင့် ငါးမျိုးစိတ်များကို စုံလင်စွာ တစ်နေရာတည်း၌ လေ့လာကြည့်ရှုနိုင်တော့မည်ဖြစ်သည်။



အဆိုပါ ငါးပြတိုက်ဖွင့်လှစ်ရခြင်းမှာ ရှားပါးငါးမျိုးစိတ်များ မျိုးတုံးမှုမှ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြည်တွင်းတိုင်းရင်းငါးမျိုးစုံ၊ အလှမွေးငါးမျိုးစုံနှင့် နိုင်ငံခြားမှ တင်သွင်းသော ရှားပါးငါးမျိုးစိတ်များကို တစုတဝေးတည်း ကြည့်ရှုနိုင်ရန် ငါးပြတိုက်အဆင့်တိုးမြှင့်ဖွင့်လှစ်ရခြင်းဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ငါးပြတိုက်ဖွင့်ပွဲနေ့တွင် Fish spa (ငါးကုထုံး)ကို အခမဲ့ ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ငါးကုထုံးပြကွက်ကိုလည်း ဆက်လက်ထားရှိသွားမည် ဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ငါးပြတိုက်ကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၄ ရက်က စတင်တည်ဆောက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

# ရန်ကုန်- ဒလ ကူးသန်းသော ခရီးသည်တင် စက်တပ်သမ္ဗန်တစ်စင်း နစ်မြုပ် ခရီးသည်အများစုကို ကယ်တင်နိုင်ခဲ့သော်လည်း သုံးဦး ပျောက်ဆုံးနေ

**ရန်ကုန်  ဒီဇင်ဘာ ၂၀**

ရန်ကုန်တစ်ဖက်ကမ်း ဒလနှင့် ရန်ကုန် ပြေးဆွဲပေးလျက်ရှိသော ခရီးသည်တင် စက်တပ်သမ္ဗန်တစ်စင်းသည် ယနေ့ နံနက် ၄ နာရီခွဲ ဝန်းကျင်တွင် ဒလမြို့ ကမာကဆစ်ဆိပ်ကမ်းမှ ရန်ကုန်မြို့ စဥ့်အိုးတန်းဆိပ်ကမ်းသို့ ခရီးသည်များ တင်ဆောင် မောင်းနှင်လာစဥ် ရန်ကုန်မြစ်အတွင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကမာကဆစ်ဆိပ်မှ စဥ့်အိုးတန်းဆိပ်ကမ်းသို့ ဇင်မင်းသူ မောင်းနှင်သည့် မြင့်မြတ်သဇင် စက်တပ်သမ္ဗန်သည် စဥ့်အိုးတန်းဆိပ်ကမ်းမှ ပေ ၂၀၀ ခန့် အကွာ အရောက်တွင် ရေအောက်ပန်ကာကို ဒိုက်မှော်များပတ်၍ စက်ရပ်သွားပြီး အနီးဝန်းကျင်၌ ရပ်နားထားသော တွဲသင်္ဘောတစ်စင်း၏ ထိပ်ဦးအောက်သို့ ဝင်ရောက် နစ်မြုပ်သွားကြောင်း သိရသည်။



မြင့်မြတ်သဇင် စက်တပ်သမ္ဗန် နစ်မြုပ်မှုမှ ပျောက်ဆုံးနေသူများအား ကူညီရှာဖွေသည့် ကယ်ဆယ်ရေး ရေယာဥ်ကို တွေ့ရစဥ်။

အဆိုပါ စက်တပ်သမ္ဗန်ပေါ်တွင် ဒလမြို့ ကမာကဆစ်ဘက်ကမ်းမှ စက်တပ်သမ္ဗန်မောင်း အပါအဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၄ ဦး လိုက်ပါလာသည်။ ဖြစ်စဥ်ဖြစ်ပွားပြီးနောက် အနီးဝန်းကျင် စဥ့်အိုးတန်းဆိပ်ကမ်းမှ စက်လှေအများစုမှ လိုက်လံ ဝိုင်းဝန်းကူညီခဲ့သဖြင့် လိုက်ပါလာသော ခရီးသည်များထဲမှ အမျိုးသား ကိုးဦးနှင့် အမျိုးသမီး နှစ်ဦးကို အသက်ရှင်လျက် ကယ်တင်လိုက်နိုင်ခဲ့ပြီး ခရီးသည် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် စက်တပ်သမ္ဗန်မောင်းတို့ကို ညနေပိုင်းအထိ ရှာဖွေမတွေ့ရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

"အခင်းဖြစ်ပွားပြီး သိပ်မကြာပါဘူး၊ ကျွန်တော် ရဲအဖွဲ့နဲ့ အနီးဝန်းကျင် စဥ့်အိုးတန်း ဆိပ်ကမ်းက စက်လှေမောင်းတဲ့သူတွေ လိုက်လံရှာဖွေပါသေးတယ်၊ သင်္ဘောတွေ အောက်ဘက်ရော၊ ဘေးဘက်တွေရောပေ့ါ၊ မြုပ်သွားတာကတော့ အနီးဝန်းကျင်မှာ ရပ်နားထားတဲ့ အစွန်ဆုံး လှေကြားထဲ ဝင်သွားတာပါ၊ ခုချိန်ထိတော့ ရေငုပ်ကျွမ်းကျင်တဲ့သူတွေ လိုက်ရှာနေပေမယ့် ခရီးသည် နှစ်ဦးနဲ့ စက်လှေမောင်းတို့ကို ရှာမတွေ့သေးပါဘူး" ဟု ရန်ကုန်မြို့ ဆိပ်ကမ်းမြို့မ ရဲစခန်းမှ အမှုစစ် ဒုရဲအုပ် ကျော်စိုးမိုးက ပြောသည်။

ယနေ့ဖြစ်ပွားခဲ့သော မြင့်မြတ်သဇင် စက်တပ်သမ္ဗန်တွင် အသက်ကယ်အင်္ကျီ ပါသော်လည်း ခရီးသည်များမှာ အသက်ကယ် အင်္ကျီများ ဝတ်ဆင်ထားခြင်း မရှိကြောင်း သိရသည်။

ဒလမြို့နှင့် ရန်ကုန် မြို့သို့ နေ့၊ ည မပြတ် ကူးလူးသွားလာလျက်ရှိသော ပြည်သူများမှာ ချယ်ရီသင်္ဘောများ လိုက်ပါစီးနင်းသူများ ရှိသကဲ့သို့ ယခုကဲ့သို့ စက်တပ်သမ္ဗန်များဖြင့်လည်း လိုက်ပါစီးနင်းသူ များပြားလျက်ရှိကာ စက်တပ်သမ္ဗာန်များ တိမ်းမှောက်မှုမှာ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- သန်းဌေး(ဒလ)**

# သန်လျင်၌ အသေးစားချေးငွေကုမ္ပဏီအား လူ လေးဦးက ဓားများကိုင်ဆောင်ကာ ဝင်ရောက်ခြိမ်းခြောက် လုယက်

**ရန်ကုန်  ဒီဇင်ဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အေးသာယာရပ်ကွက် မြရတနာ ၅ လမ်း အသေးစားချေးငွေကုမ္ပဏီ၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် အမျိုးသား လေးဦးက ဓားများ ကိုင်ဆောင်၍ ဝင်ရောက်ကာ ဖုန်းနှင့် ငွေများ လုယက်ယူဆောင်သွားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဥ်မှာ သန်လျင်မြို့ အေးသာယာ ရပ်ကွက် မြရတနာ ၅ လမ်း အသေးစား ချေးငွေကုမ္ပဏီတွင် ရုံးခွဲမန်နေဂျာ မကလျာစု (၂၅ နှစ်) မြရတနာ ၅ လမ်း မြရတနာအိမ်ရာ အေးသာယာရပ်ကွက် သန်လျင်မြို့နေသူနှင့် မတင်ဇာမိုး၊ မကေဇာဝင်းလှိုင်၊ မအိမေသူဘို၊ ရဲနောင်နောင်၊ ဝေယံဦး၊ ဒေါ်မြင့်ခိုင်တို့နှင့် အတူ ကုမ္ပဏီအလုပ်ကိစ္စများ ဆောင်ရွက်နေစဥ် အမျိုးသား (၃၅ နှစ်)မှ (၄၀ နှစ်)ခန့်ရှိ လေးဦးက ကုမ္ပဏီရုံးခန်းအတွင်းသို့ ဓားများ ကိုင်ဆောင်၍ ဝင်ရောက်လာကြပြီး အမျိုးသား နှစ်ဦးက ရဲနောင်နောင် အား ဓားဖြင့်ထောက်ကာ ရုံးဝန်ထမ်းများ ကိုင်ဆောင်သော ဖုန်းခြောက်လုံးနှင့် ငွေသွင်းငွေထုတ် ပြုလုပ်သည့် ပိုက်ဆံ မြန်မာငွေစက္ကူရေရာ ၆၈၁၅၁၅၀ ကို ငွေကောင်တာမှ ယူဆောင်သွားကာ ရုံးခန်းအတွင်းမှ ထွက်သွားကြပြီး ရဲနောင်နောင်တွင် ၎င်းတို့၏ ဓားဖြင့် အထောက်ခံထားရမှုကြောင့် ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဥ်နှင့် ပတ်သက်၍ သန်လျင်မြို့မရဲစခန်းက အမှုဖွင့်ထားရှိပြီး လုယက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# မြစ်ကြီးနားမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော်  ဒီဇင်ဘာ ၂၀**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီက မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ နယ်မြေ(၆) ဘူတာသွားလမ်း၌ ဟောင်လွမ်း မောင်းနှင်ပြီး မဇုန်းဝန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် ဘိန်းစိမ်း ၁၅ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကွင်းဆက်အရ မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ နယ်မြေ(၅)နေ ဟောင်လွမ်း၏ နေအိမ်ကို ရှာဖွေရာ မနန်ဂျာနှင့် မင်ဆား တို့ကို တွေ့ရှိရပြီး မနန်ဂျာထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၅ ပြား၊ ဘိန်းစိမ်း ၃၇၅ ဂရမ်၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း၊ ထို့အတူ မနန်ဂျာ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၊ လက်ကိုင်ဖုန်း တစ်လုံး၊ ငွေကျပ် ၁၁၀၀၀၀ နှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နားဖကျေးရွာအဝင် လားရှိုး-မိုင်းယော် ကားလမ်းမ၌ စံပ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းဖြူ ၂ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးဆောင်ရွက်စဥ် ခရီးသည်တင်ယာဥ်ပေါ်မှ ပိတောက်ခားရွှေတုံးများ ဖမ်းမိ

**နေပြည်တော်  ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဥ် ပို့ကုန် ၁၀၆၆ စီး၊ သွင်းကုန် ၉၉၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဥ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် အစီး ၁၂၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၃၂၇ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၆၀ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀ ဒသမ ၄၈၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၉ ရက်က မူဆယ်နှင့် မန္တလေးသို့ သွားရောက်မည့် ယာဥ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဥ် ခရီးသည်တင်မှန်လုံယာဥ်တစ်စီးအား စစ်ဆေးခဲ့ရာ ခရီးသည်ထိုင်ခုံများ အောက်တွင် အံဝှက်ပြုလုပ် သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွှေသစ် ၂၆ တုံး (၀ ဒသမ ၉၄၂၆ တန်)နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဥ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅ ဒသမ ၈၂၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဥ်**

# စိုက်ပျိုးစရိတ်ချေးငွေများ လိမ်လည်ထုတ်ယူသူ အုပ်ချုပ်ရေးမှူးကို အမှုဖွင့်အရေးယူ

**ကျောင်းကုန်း  ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မရဲစခန်းတွင် ဒီဇင်ဘာ ၁၉ ရက် ညနေ ၄ နာရီခွဲက လိမ်လည်မှု လာရောက်တိုင်တန်းမှု ဖြစ်ပွားခဲ့သည်။

အမှုမှာ ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာရှိ ဂွတ်ဘရားသားကုမ္ပဏီသည် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း၌ တောင်သူများသို့ ထုတ်ချေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရန် တောင်းခံချိန်တွင် ဦးစိုးနိုင်နှင့် ဦးစိုးစိုး တို့သည် တောင်သူများ၏ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ပါ ကေအရေအတွက်များအား ပြောင်းလဲပြင်ဆင်၍ စိုက်ပျိုးစရိတ်ချေးငွေများကို အပြည့်အဝမပေးဘဲ ၎င်းတို့၏ ကိုယ်ကျိုးအတွက် သုံးစွဲထားကြောင်း သိရသည်။ ဦးစိုးနိုင် သုံးစွဲငွေမှာ ငွေကျပ် ၅၉ သိန်း ကျော်နှင့် ဦးစိုးစိုး သုံးစွဲငွေမှာ ငွေကျပ် ၁၄၃ သိန်းကျော်ဖြစ်သည်ကို စိစစ် တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဂွတ်ဘရားသားကုမ္ပဏီက တောင်သူများအတွက် ထုတ်ချေးသည့် စိုက်ပျိုးစရိတ်ချေးငွေများအပေါ် လိမ်လည်ထုတ်ယူပြီး ကိုယ်ကျိုးသုံးစွဲခြင်း၊ ပုံစံ ၇ ပါ ကေများပြင်ဆင်ခြင်းများ ပြုလုပ်သောကြောင့် ကုမ္ပဏီ မန်နေဂျာ ဦးအောင်ခိုင်စိုးက တရားလိုပြုလုပ်၍ တိုင်တန်းရာ ကျောင်းကုန်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း မြို့မရဲစခန်းမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# တာဝန်ထမ်းဆောင်နေသော ယာဥ်ထိန်းရဲမေကို ဆိုင်ကယ်က ဝင်ရောက်တိုက်မိ၍ ဒဏ်ရာရ

**မိတ္ထီလာ  ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ပညာရေးကောလိပ်ရှေ့တွင် တာဝန်ထမ်းဆောင်နေသော ယာဥ်ထိန်းရဲမေကို ဆိုင်ကယ်က ဝင်ရောက်တိုက်မိမှုကြောင့် ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဥ်မှာ ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲက မိတ္ထီလာမြို့မရဲစခန်းမှ ဒုရဲအုပ် အောင်သူမင်းသည် ယာဥ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ မိတ္ထီလာ- ကျောက်ပန်းတောင်းသွား ကားလမ်း မိုင်တိုင်အမှတ် ၁/၁ နှင့် ၁/၂ အကြား ကျောင်းဆင်းချိန်တွင် ကားလမ်းပေါ်၌ ယာဥ်ကြောရှင်းလင်းရေး တာဝန်ထမ်းဆောင်နေသော အမှတ်(၉၆) ယာဥ်ထိန်းရဲတပ်ဖွဲ့စုမှ ယာဥ်ထိန်းရဲမေ ရဲတပ်သား မမျိုးသန္တာဦး မိတ္ထီလာမြို့နေသူအား မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းအတိုင်း မိတ္ထီလာမြို့ ရေဝေကျေးရွာနေ တင်ဝင်းနိုင်(၄၃ နှစ်)မောင်းနှင်လာသော ၃၄ယ/---- ဆိုင်ကယ်မှ ဝင်ရောက်တိုက်မိ၍ မမျိုးသန္တာဦးတွင် ဒဏ်ရာ (မစိုးရိမ်ရ) နှင့် တင်ဝင်းနိုင်တွင် ဒဏ်ရာ (စိုးရိမ်ရ)ရရှိပြီး မိတ္ထီလာပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူနေကြောင်း သိရသည်။

ဖြစ်စဥ်နှင့်ပတ်သက်၍ ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ တင်ဝင်းနိုင်အား မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# မြိတ်မြို့နယ်၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်

**မြိတ်  ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ရွှေကူစုကျေးရွာ၌ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဦးစောကလာတူး ပိုင်ဆိုင်သော နေအိမ်၌ မီးဖိုရှိ မီးကြွင်းမီးကျန်မှ တစ်ဆင့် အနီးရှိ ဓနိဖက်အကာသို့ ကူးစက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်နေမှုအား ကျေးရွာနေ ပြည်သူတစ်ဦးမှ မီးသတ်ဦးစီးဌာနသို့ သတင်းပေးပို့လာသဖြင့် မြို့နယ် ကျွဲကူးနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဥ်တစ်စီး၊ ရေသယ်ယာဥ်တစ်စီးတို့ဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်အောင်နှင့် သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသားများ ပူးပေါင်းငြိမ်းသတ်ခဲ့ကြရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးစောကလာတူး ပိုင်ဆိုင်သော အလျား ၁၀ ပေ၊ အနံ ၁၅ ပေ၊ ဓနိမိုး၊ ဓနိကာ၊ ဝါးကြမ်းခင်း လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် မီးကို ပေါ့ဆစွာ အသုံးပြုသူ ဦးစောကလာတူးအား သမုတ်နယ်မြေရဲစခန်းမှ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**



# အမေရိကန် ဆီးနိတ်လွှတ်တော်က အခွန်ပြုပြင်ပြောင်းလဲရေးဥပဒေကို အတည်ပြု

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန် ဆီးနိတ်လွှတ်တော်အဖွဲ့ဝင်များသည် အခွန်ပြုပြင်ပြောင်းလဲရေးကို ပြန်လည်ရေးဆွဲမည့် ဥပဒေကြမ်းကို အတည်ပြုလိုက်ကြောင်း သိရသည်။

ဆီးနိတ်အဖွဲ့ဝင်များသည် မဲခွဲဆုံးဖြတ်မှု ပြုလုပ်ခဲ့ကြရာတွင် ၅၁ ဦးက ထောက်ခံမဲပေးခဲ့ကြပြီး ကန့်ကွက်မဲ ၄၈ မဲရှိခဲ့သည်။ ယင်းဥပဒေသည် ယခုအခါ လက်တွေ့အခြေအနေသို့ စတင်ရောက်ရှိရန် ခြေလှမ်းတစ်လှမ်းစာသာ လိုတော့ကြောင်း သိရသည်။

ဥပဒေကြမ်းတွင် ကော်ပိုရိတ်အခွန်နှုန်းထားကို ၃၅ ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းသို့ လျှော့ချသွားရန် တောင်းဆိုထားသည်။ အချမ်းသာဆုံး အမေရိကန်နိုင်ငံသားများအတွက် အခွင့်အရေးတစ်ခုပါရှိပြီး ၎င်းတို့သည် တစ်ဦးချင်းဝင်ငွေခွန်ကို ၄၀ ရာခိုင်နှုန်းနီးပါးမှ ၃၇ ရာခိုင်နှုန်းအထိ လျှော့ချမှု ရရှိမည်ဖြစ်သည်။

သို့သော် ဥပဒေကြမ်းသည် အချို့သော အငြင်းပွားမှုများကို ပေါ်ပေါက်စေခဲ့သည်။ ရီပတ်ဘလစ်ကန်အဖွဲ့ဝင်များသည် တံခါးပိတ်ဆွေးနွေးမှုဖြင့် ဥပဒေမူကြမ်းကို ရေးဆွဲခဲ့ကြခြင်းဖြစ်ပြီး ၎င်းတို့ကို ထောက်ခံသူများက ယင်းဥပဒေကြမ်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေလိမ့်မည်ဟု ပြောကြားခဲ့သည်။

သို့သော် ဝေဖန်သူများက ယင်းဥပဒေသည် ချမ်းသာကြွယ်ဝသူများအတွက်သာ အကျိုးပိုမိုဖြစ်ထွန်းလိမ့်မည်ဖြစ်ပြီး ယင်းလျှော့ချမှုက လိုငွေပြမှုကို ပိုမိုကြီးထွားလာစေလိမ့်မည်ဟု ပြောဆိုခဲ့ကြသည်။

**ရိုက်တာ၊ အင်န်အိတ်ချ်ကေ**



ဆီးနိတ်လွှတ်တော်အဖွဲ့ဝင်များ အခွန်လျှော့ချရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

# အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ အနီး၌ ဆန္ဒပြသူအမျိုးသမီးတစ်ဦး သေဆုံးပြီး ကိုးဦး ထိခိုက်ဒဏ်ရာရရှိ

**ကက်ရှ်မီးယား ဒီဇင်ဘာ ၂၀**

ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည့် အိန္ဒိယထိန်းချုပ်ထားရာ ကက်ရှ်မီးယား ဒေသတွင် အင်္ဂါနေ့က သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားရာအနီး၌ ဆန္ဒပြနေသူများကို အစိုးရတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးသွားပြီး ကိုးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများသည် ဆရီနာဂါမြို့အနောက်မြောက်ပိုင်း ၅၅ ကီလိုမီတာအကွာခန့် ရှိပီယံဒေသရှိ ဘတ်မူရန်ကျေးရွာအပြင်ဘက်တွင် ဖြစ်ပွားခဲ့သည်။ သေဆုံးသွားသည့် အမျိုးသမီးငယ်တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ၎င်းထံတွင် ဝမ်းဗိုက်၌ သေနတ်ဒဏ်ရာရရှိထားကြောင်း ပါလ်ဝါမာ ခရိုင်ဆေးရုံမှ အကြီးတန်းကျန်းမာရေးအာဏာပိုင်တစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

နောက်ထပ် ကိုးဦးကိုလည်း ဆေးရုံသို့ သယ်ဆောင်လာပြီး ၎င်းတို့အားလုံးမှာ သေနတ်ဒဏ်ရာများ ရရှိထားကြောင်း ၎င်းက ပြောသည်။ ညသန်းခေါင်အချိန်တွင် ပြင်းထန်သည့် သေနတ်ပစ်ခတ်မှုများအတွင်း စစ်သွေးကြွနှစ်ဦး သေဆုံးခဲ့ပြီးနောက် အဆိုပါကျေးရွာတွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

အစိုးရအင်အားစုများက အခင်းဖြစ်ပွားသည့် နေရာအနီးတစ်ဝိုက်ကို တားဆီးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါဒေသအတွင်း အင်တာနက်ဝန်ဆောင်မှုများကိုလည်း အာဏာပိုင်များက ရပ်နားထားခဲ့သည်။ ထိုသို့ ရပ်ဆိုင်းမှုက ပြည်သူများကို သေနတ်ပစ်ခတ်မှုများဖြစ်ပွားရာအနီးတွင် ဆန္ဒထုတ်ဖော်မှုများ ပေါ်ပေါက်လာစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားပြီးနောက် အဆောက်အအုံအပျက်အစီးများကြားတွင် လူငယ်တစ်ဦး သွားလာနေစဉ်။

## ရီယာ့ဒ်ကို ဒုံးကျည်ပစ်ခတ်ခဲ့သည့်အတွက် အမေရိကန်အပြစ်ဆို

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

ဆော်ဒီအာရေဗျမြို့တော် ရီယာ့ဒ်ကို ဟူသီသူပုန်များက အင်္ဂါနေ့အစောပိုင်းတွင် ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့မှုကို အမေရိကန်က အပြင်းအထန်ဝေဖန်ရှုတ်ချခဲ့ကြောင်း အမေရိကန်ပြည်တွင်းဦးစီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနူရတ်က အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယီမင်ရှိ ဟူသီလှုပ်ရှားမှုအဖွဲ့သည် ဆော်ဒီအာရေဗျမြို့တော် ရီယာ့ဒ်အနီးရှိ တော်ဝင်နန်းတော်ဆီသို့ တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို ပစ်ခတ်ခဲ့ကြောင်း အင်္ဂါနေ့က ကြေညာခဲ့သည်။ ယင်းနေ့တွင်ပင် ဆော်ဒီက အီရန်ကို ယီမင်သို့ ဒုံးကျည်များ မှောင်ခိုတင်ပို့နေသည်ဟု စွပ်စွဲခဲ့သည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ငွေစက္ကူအတုလုပ်သူ ခြောက်ဦးကို ဖမ်းဆီး

**ရင်ချွမ်း ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း နင်ကျီယာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ငွေစက္ကူအတုများ ထုတ်လုပ်မှုဖြင့် သံသယရှိသူခြောက်ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ဒေသရဲအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

နင်ကျီယာဒေသ မြို့တော် ရင်ချွမ်းရှိ ရဲတပ်ဖွဲ့သည် ဩဂုတ်လအတွင်းက အဖွဲ့တစ်ဖွဲ့က ငွေစက္ကူအတုများ ပြုလုပ်ကာ အွန်လိုင်းတွင် ရောင်းချနေကြောင်း သတင်းပေးပို့မှုကို ရရှိခဲ့သည်။ ငွေစက္ကူအတုများကို နိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၂၀ ကျော်နှင့် ဒေသန္တရအုပ်ချုပ်ရေးနယ်မြေများသို့ ရောင်းချခဲ့ကြောင်း သိရသည်။

သုံးလကြာစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက်တွင် ရဲတပ်ဖွဲ့သည် စီချွမ်၊ ဟူနန်နှင့် ဟီနန်ပြည်နယ်များတွင် သံသယရှိသူခြောက်ဦးကို ဖမ်းဆီးရမိခဲ့သည်။ အတုပြုလုပ်ထားသည့် ငွေစက္ကူစုစုပေါင်း ယွမ် ၂၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၃၀၂၈၇ ဖိုး)၊ ပရင်တာ၊ ကွန်ပျူတာများနှင့် ပုံသွင်းစက်များကိုလည်း သိမ်းဆည်းခဲ့သည်။

နောက်ထပ်စုံစမ်းစစ်ဆေးမှုများအရ သံသယရှိသူများသည် ယွမ် ၃ သန်းတန်ဖိုးခန့်ရှိ ငွေစက္ကူအတုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ယီမင်ပြည်တွင်းစစ်ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်လာစေခဲ့

**ဆာနား ဒီဇင်ဘာ ၂၀**

ယီမင်ရှိအစိုးရကို ဆန့်ကျင်သည့် အဖွဲ့များနှင့် ယီမင်အစိုးရကို အကူအညီပေးနေသည့် ဆော်ဒီအာရေဗျတို့အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများသည် ပိုမိုပြင်းထန်လာလျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိုးရိမ်ပူပန်မှုအခြေအနေများကို မြင့်တက်လာစေခဲ့ကြောင်း သိရသည်။

ယီမင်အစိုးရနှင့် အစိုးရဆန့်ကျင်သည့် အုပ်စုတို့အကြား ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်သည် သုံးနှစ်နီးပါးကြာအောင် ဆက်တိုက် ဖြစ်ပွားခဲ့သည်။ အစိုးရကိုဆော်ဒီအာရေဗျက အကူအညီပေးထားပြီး အစိုးရကို ဆန့်ကျင်သည့် အုပ်စုများကို အီရန်တို့က အထောက် အပံ့ပေးထားသည်ဟု ယူဆရသည်။

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေကို ယခုလအစောပိုင်းတွင် အစိုးရဆန့်ကျင်သည့်အဖွဲ့က သတ်ဖြတ်ခဲ့ပြီးနောက်တွင် အစိုးရဘက်မှ အင်အားစုများသည် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အရှိန်မြှင့် လုပ်ဆောင်လာခဲ့သည်။

အင်္ဂါနေ့တွင် အစိုးရဆန့်ကျင်သည့် အင်အားစုများသည် ဆော်ဒီလေကြောင်းတိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို ဆော်ဒီအာရေဗျနိုင်ငံမြို့တော် ရီယာ့ဒ်သို့ ပစ်ခွင်းခဲ့သည်။ ယင်းဒုံးကျည်သည်ဆော်ဒီအာရေဗျသို့ ကျရောက်ခဲ့သော်လည်း ထိခိုက်ပျက်စီးမှုမရှိခဲ့ပေ။

ဆော်ဒီအာရေဗျသည် အစိုးရဆန့်ကျင်သည့်အဖွဲ့က ထိန်းချုပ်ထားသည့် ဧရိယာများသို့ အစားအစာထောက်ပံ့မှုများကို နောက်ထပ် ကန့်သတ်ပိတ်ပင်သွားဖွယ်ရှိသည်။ အီရန်မှ အစာရေစာထောက်ပံ့မှုကိုသာမက အမေရိကန်မှ ထောက်ပံ့မှုများကိုပါ ကန့်သတ်ပိတ်ပင်သွားဖွယ်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂက ရက်သတ္တနှစ်ပတ်အတွင်း ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများအတွင်း အရပ်သားကလေးငယ်များနှင့် အမျိုးသမီးများ အပါအဝင် အရပ်သား ၁၃၆ ဦး သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့ပြီး စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ခဲ့သည်။

ယီမင်ရှိ လူ ရှစ်သန်းကျော်တို့သည် အစာရေစာပြတ်လပ်မှုနှင့် ဆာလောင်မွတ်သိပ်မှုကို ခံစားနေရကြောင်း သိရသည်။

တိုက်ပွဲများ အခြေအနေပိုမိုဆိုးရွားလာခြင်းက ယီမင်ရှိ အစာရေစာလိုအပ်နေသည့် ပြည်သူများထံသို့ အထောက်အပံ့များ မရောက်ရှိနိုင်အောင် ဟန့်တားလျက်ရှိရာ ယီမင်ရှိ အခြေအနေများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို မြင့်တက်လာစေခဲ့သည်။

**ဆင်ဟွာ**



ယီမင်၌ ဆော်ဒီဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပေါ်လာသည့် မီးခိုးလုံးများကို တွေ့ရစဉ်။

**နိုင်ငံတကာ သတင်းတိုထွာ**

## ကဘူးလ်၌ သေနတ်ပစ်ခတ်မှုများ အပြင်းအထန်ဖြစ်ပွား

**ကဘူးလ် ဒီဇင်ဘာ ၂၀**

အာဖဂန်မြို့တော် ကဘူးလ်တွင် တနင်္လာနေ့က သေနတ်ပစ်ခတ်မှု အပြင်းအထန် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေနတ်သမားများနှင့် လုံခြုံရေးအင်အားစုများသည် နာရီများစွာကြာအောင် အပြန်အလှန်ပစ်ခတ်ခဲ့ကြသည်။ လတ်တလောတွင် သေဆုံးသူရှိ မရှိ မသိရှိရသေးပေ။

သေနတ်သမားများသည် ကဘူးလ်မြို့အနောက်ပိုင်း လူနေထူထပ်သည့် ဧရိယာအတွင်းရှိ ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခုကို စီးနင်းသိမ်းပိုက်ခဲ့သည်။

အာဖဂန်အာဏာပိုင်များက တိုက်ခိုက်မှုသည် နိုင်ငံအတွင်းရှိ လျှို့ဝှက်ထောက်လှမ်းရေး အေဂျင်စီအနီးတွင် ဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

လက်နက်ကိုင်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများနှင့် ပေါက်ကွဲပစ္စည်းများ အသုံးပြုခဲ့သည့်အသံကို ကြားခဲ့ရသည်ဟု ဖော်ပြထားသည်။

သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်း မရှိသေးပေ။ သို့သော် အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအုပ်စုက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းအဖွဲ့နှင့် ဆက်စပ်နေသည့် အာမက်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင် အလယ်ပိုင်း မြေပြိုမှုမှ သေဆုံးသူ အလောင်း ၁၀ လောင်းကို ရရှိ

**မနီလာ ဒီဇင်ဘာ ၂၀**

ဖိလစ်ပိုင်အလယ်ပိုင်း ဘီလီရမ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူအလောင်း ၁၀ လောင်းကို အင်္ဂါနေ့တွင် ရရှိခဲ့ကြောင်း သိရသည်။ မြေပြိုမှုကြောင့် သေဆုံးသူ အရေအတွက်မှာ စုစုပေါင်း ၄၁ ဦး အထိ ရှိခဲ့ကြောင်း အစိုးရအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ဘီလီရမ်ပြည်နယ် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုရုံးအကြီးအကဲ ဂျန်ဒါစီလိုက မြေပြိုမှုကြောင့် ထိခိုက်ခံစားခဲ့ရသည့်ကျေးရွာမှ လူသေအလောင်း ၁၀ လောင်းကို ရရှိခဲ့ကြောင်း ပြောခဲ့သည်။

ဘီလီရမ်တွင်ဖြစ်ပွားသည့် မြေပြိုမှုတစ်ခုတည်း၌ပင် ပျောက်ဆုံးနေသူ ၂၃ ဦးကျန်ရှိနေသေးကြောင်း ဒါစီလိုက ပြောခဲ့သည်။

ယခုအခါ ပျောက်ဆုံးနေသူများကို ရှာတွေ့ရန်အတွက် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယ၏ အစဉ်အလာကြီးမားသည့် နိုင်ငံရေးပါတီခေါင်းဆောင် အပြောင်းအလဲ

**ချူးစန္ဒီမွေး**




အိန္ဒိယရဲ့အကြီးကျယ်ဆုံးနဲ့သက်တမ်းအရှည်ဆုံးသော ပါတီတစ်ခုဖြစ်တဲ့ ကွန်ဂရက်ပါတီခေါင်းဆောင်အဖြစ် ဆိုနီယာဂန္ဒီက ဦးဆောင်ခဲ့ပေမယ့် အခုအခါမှာတော့ သားဖြစ်သူ ရာဟူးလ်ဂန္ဒီကို ပါတီခေါင်းဆောင်အဖြစ် လွှဲပေးလိုက်ပြီပဲဖြစ်တယ်။

စနေနေ့ကပဲ ပါတီခေါင်းဆောင်နေရာကို လွှဲပြောင်းပေးလိုက်တာဖြစ်ပါတယ်။ ဒါဆိုရင်ရာဟူးလ်ဟာ ပါတီကို ခေါင်းဆောင်တဲ့ နေရူး-ဂန္ဒီမျိုးဆက်ရဲ့ခြောက်ယောက်မြောက်ပုဂ္ဂိုလ်ဖြစ်လာပြီပဲဖြစ်တယ်။

သူ့ရဲ့ဖခင် ရာဂျစ်ဂန္ဒီ၊ အဘွားအင်ဒီရာဂန္ဒီနဲ့၊ အဘိုးဂျဝါဟာလာနေရူးတို့ဟာ အိန္ဒိယဝန်ကြီးချုပ်တွေအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြတယ်။ ရာဟူးလ်ကတော့ ၂၀၀၄ ခုနှစ်ကမှ နိုင်ငံရေးလောကထဲကိုခြေချခဲ့တာပဲဖြစ်တယ်။

ဒီတော့ မျိုးရိုးအစဉ်အလာကြီးမားတဲ့ မျိုးဆက်ကနေ ဆင်းသက်လာတဲ့ ရာဟူးလ်ဟာ မိခင်ဆီကနေခက်ခဲတဲ့ပါတီလုပ်ငန်းတွေကို ဆက်ခံရတော့မှာပဲဖြစ်တယ်။ ကွန်ဂရက်ပါတီဟာ အစဉ်အလာကြီးမားတဲ့ ပါတီတစ်ခုဖြစ်ခဲ့ပေမယ့် ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမှာ လက်ရှိဝန်ကြီးချုပ်မိုဒီရဲ့ BJP ပါတီကိုရှုံးနိမ့်ခဲ့ပြီး အာဏာလက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။

ရာဟူးလ်ဟာ ထောက်ခံမှုတွေပိုရလာအောင် တက်ကြွတဲ့မဲဆွယ်စည်းရုံးမှုတွေလုပ်ခဲ့ပေမယ့် သူ့ရဲ့ပါတီဟာ လတ်တလော ပြည်နယ်ရွေးကောက်ပွဲအချို့မှာ အရှုံးတွေနဲ့ရင်ဆိုင်နေရဆဲပဲဖြစ်တယ်။

မိခင်ဖြစ်သူ ဆိုနီယာဂန္ဒီမိန့်ခွန်းပြောခဲ့ရာမှာတော့ သူ့ရဲ့သားဟာ ကွန်ဂရက်ပါတီအတွက် မျှော်လင့်ချက်ပဲလို့ဆိုပါတယ်။ ဆိုနီယာဂန္ဒီဆိုတာလည်း နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ဦးတော့ မဟုတ်ပါဘူး။ သူ့ခင်ပွန်းဖြစ်သူ ရာဂျစ်ဂန္ဒီ လုပ်ကြံခံရပြီးတဲ့နောက် သူဟာ ကွန်ဂရက်ပါတီအတွက် အလုပ်တွေအများကြီး လုပ်ပေးခဲ့သူလည်းဖြစ်တယ်။

ဆိုနီယာဂန္ဒီရဲ့ အစွမ်းကြောင့်ပဲ ကွန်ဂရက်ပါတီဟာ ၂၀၀၄ ခုနှစ်နဲ့ ၂၀၀၉ ခုနှစ်ရွေးကောက်ပွဲတွေမှာ အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့်လည်း ၂၀၁၄ ခုနှစ်မှာ BJP ပါတီကို ရှုံးနိမ့်ခဲ့တယ်။

၂၀၁၉ ခုနှစ်မှာတော့ မကျေပွဲထပ်နွှဲရဦးမှာပါ။ လက်ရှိဝန်ကြီးချုပ် မိုဒီဟာလည်း သူ့ရဲ့ဒုတိယသက်တမ်းအတွက် ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲအတွက် ကြိုးစားချိန်မှာ ရာဟူးလ်ဂန္ဒီကလည်း ကွန်ဂရက်ပါတီအနိုင်ရရှိရေးအတွက် လှုပ်ရှားရမယ့်အချိန်ပါပဲ။

ရာဟူးလ်ဂန္ဒီဟာ အခုအချိန်မှာ အသက် ၄၇ နှစ်အရွယ်ရှိပြီဖြစ်ပြီး ပါတီဥက္ကဋ္ဌအတွက် ရွေးချယ်ရာမှာတော့ သူဟာ ကန့်ကွက်မယ့်သူမရှိဘဲ ချောချောမွေ့မွေ့ပဲ မိခင်ဆီက ဥက္ကဋ္ဌရာထူးကို လွှဲပြောင်းယူနိုင်ခဲ့ပါတယ်။

ရာဟူးလ်ဟာ ၂၀၁၃ ခုနှစ်တုန်းကတော့ပါတီရဲ့ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုတွေကို ဦးဆောင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း သူ့ရဲ့ ကွန်ဂရက်ပါတီဟာ စံချိန်တင်ရှုံးနိမ့်ခဲ့ပြီး အဲဒီအချိန်ကစလို့ ကွန်ဂရက်ပါတီဟာ အဓိက မဲဆန္ဒနယ်တွေမှာ မိုဒီရဲ့ BJP ပါတီကို ရှုံးနိမ့်ခဲ့ပါတယ်။

ရာဟူးလ်ဟာလည်း ဝေဖန်မှုတွေအများကြီးနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဆိုနီယာကတော့ သူ့သားဟာ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ခံရမှုတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရလို့ ပိုပြီးတော့ သန်မာလာပြီ။ အခုအချိန်မှာတော့ သတ္တိအပြည့်နဲ့ ပါတီကို ဦးဆောင်နိုင်တာသေချာပြီလို့ ပြောခဲ့ပါတယ်။

သားဖြစ်သူကို ပါတီဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းပြီးတဲ့ နောက်မှာ ဆိုနီယာအနေနဲ့ ဘယ်အခန်းကဏ္ဍကနေ ပါဝင်တော့မှာလဲလို့ သတင်းထောက်တွေက မေးကြတဲ့အခါမှာတော့ ဆိုနီယာက သူကတော့ လုံးဝအငြိမ်းစားယူတော့မှာပဲ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ကွန်ဂရက်ပါတီရဲ့ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ရန်ဒိဆူရီဂျီဝါလာကတော့ ဆိုနီယာဟာ ပါတီဥက္ကဋ္ဌနေရာကသာ အငြိမ်းစားယူသွားတာဖြစ်ပြီး နိုင်ငံရေးကနေ လုံးဝအနားယူသွားတာတော့ မဟုတ်ဘူးလို့ပြောပါတယ်။ ဆိုနီယာဟာ ကျန်းမာရေးမကောင်းဘူးလို့ သတင်းတွေထွက်ပေါ်ပေမယ့် ကွန်ဂရက်ပါတီနဲ့သူ့မိသားစုကတော့ သူ့ရဲ့ကျန်းမာရေးနဲ့ ပတ်သက်ပြီး လူထုကို အသိပေးတာ နည်းပါတယ်။

၂၀၁၁ ခုနှစ်တုန်းကတော့ သူ့ရဲ့ကျန်းမာရေးဟာ လူထုကိုအသိမပေးလို့ မရအောင်ဆိုးရွားလာတဲ့အတွက် အမေရိကန်ပြည်ထောင်စုကိုသွားရောက် ဆေးကုသမှုခံယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းကစလို့ အမေရိကန်ကို မကြာခဏဆိုသလို ဆေးစစ်ဖို့သွားရောက်ခဲ့ပါတယ်။ ဆိုနီယာဟာ ကွန်ဂရက်ပါတီကို ၁၉ နှစ်ကြာ ဦးဆောင်ခဲ့သူလည်း ဖြစ်တယ်။

ရာဟူးလ်အတွက် ကွန်ဂရက်ပါတီခေါင်းဆောင်အနေနဲ့ ပထမဦးဆုံး ပွဲဦးထွက်စမ်းသပ်မှုတစ်ခုကတော့ ယခု သီတင်းပတ်အတွင်းမှာ ပြုလုပ်တဲ့ ဂူဂျာရက်ပြည်နယ်က ရွေးကောက်ပွဲပါပဲ။ ဂူဂျာရက်ပြည်နယ်ဟာ လက်ရှိဝန်ကြီးချုပ် မိုဒီရဲ့ပြည်နယ်ဖြစ်ပြီး အဲဒီပြည်နယ်မှာ BJP ပါတီဟာ ဆယ်စုနှစ် နှစ်စုစာလောက် ကြီးစိုးထားတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်တယ်။

အဲဒီပြည်နယ်မှာ ထောက်ခံမဲရရှိရေးအတွက် ရာဟူးလ်ဟာ မဲဆွယ်စည်းရုံးမှုတွေပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာ အနောက်နိုင်ငံတွေနဲ့ယှဉ်ရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ နောက်ကျကျန်နေခဲ့ပြီလို့ ပြောဆိုနေကြတဲ့လူတွေဆီက ထောက်ခံမှုတွေ ရရှိခဲ့တယ်။

ဒါပေမယ့်လည်း ကြာသပတေးနေ့က ကောက်ယူထားတဲ့ ကိန်းဂဏန်းတွေကိုကြည့်မယ်ဆိုရင်တော့ BJP ပါတီဟာ ဂူဂျာရက်ပြည်နယ်မှာ သာမက မြောက်ပိုင်းပြည်နယ်ဖြစ်တဲ့ ဟီမာချယ် ပရာဒက်ရှ်မှာပါ အနိုင်ရနေတာကို တွေ့ရပါတယ်။ တနင်္လာနေ့မှာ မဲတွေကိုရေတွက်လိုက်တဲ့အခါမှာတော့ BJP ပါတီက ၁၈၂ နေရာမှာ ၉၉ နဲ့ ဦးဆောင်နေပြီး အတိုက်အခံပါတီဖြစ်တဲ့ ကွန်ဂရက်ပါတီကတော့ ၇၇ နေရာရရှိထားပါတယ်။

တနင်္လာနေ့မှာ ရွေးကောက်ပွဲရလဒ်တွေ ထွက်လာတဲ့အခါမှာတော့ BJP ပါတီဟာသူတို့ ၂၂ နှစ်နီးပါး ကြီးစိုးနိုင်တဲ့ ဂူဂျာရက်ပြည်နယ်မှာတင် အနိုင်ရရှိတာ မဟုတ်ပါဘူး။ ဟီမာချယ် ပရာဒက်ရှ်မှာလည်း အနိုင်ရရှိခဲ့ပါတယ်။ အဲဒီပြည်နယ်မှာ BJP ပါတီက အမတ်နေရာ ၆၅ နေရာမှာ ၄၄ နေရာရရှိခဲ့ပြီး ကွန်ဂရက်ပါတီကတော့ ၂၀ နေရာသာ အနိုင်ရရှိခဲ့ပါတယ်။

မိုဒီကတော့ ပြည်နယ်နှစ်ခုစလုံးက မဲဆန္ဒရှင်တွေကို ကျေးဇူးတင်ကြောင်း ပြောခဲ့ပါတယ်။ ရာဟူးလ်က မိုဒီကိုခေတ်နောက်ပြန်ဆွဲသူလို့ စွပ်စွဲထားပေမယ့် မိုဒီကတော့ ဒီပြည်နယ်နှစ်ခုစလုံးက ပြည်သူတွေကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မယ်လို့ အခိုင်အမာ ပြောဆိုခဲ့ပါတယ်။

BJP ပါတီဟာ ဒီပြည်နယ်တွေမှာ အနိုင်ရရှိခဲ့ပေမယ့် အပြည့်အဝတော့ မပျော်နိုင်သေးပါဘူး။ ဘာလို့လဲဆိုရင် သူတို့မှာ ပြိုင်ဘက်ပါတီရဲ့ ခြိမ်းခြောက်မှုတွေရှိနေပြီဆိုတာကို မဲရလဒ်တွေက ဖော်ပြနေလို့ပါပဲ။ ၂၀၁၂ ခုနှစ်တုန်းကဆိုရင် BJP ပါတီဟာ ၁၁၆ နေရာအနိုင်ရရှိခဲ့ပြီး ကွန်ဂရက်ပါတီကတော့ ၆၁ နေရာသာ ရရှိခဲ့ပါတယ်။

မိုဒီဟာဂူဂျာရက် ပြည်နယ်မှာ ဝန်ကြီးချုပ်အဖြစ် သက်တမ်းသုံးခုစာ တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်တယ်။ အဲဒီအချက်ကပဲ သူ့ကို ရွေးကောက်ပွဲမှာ အနိုင်ရစေဖို့ အထောက်အကူဖြစ်စေခဲ့တယ်။

သူ့အဓိကအုပ်ချုပ်ခဲ့တဲ့ ပြည်နယ်က မဲတွေ ဆုံးရှုံးမှုကနေတစ်ဆင့် အခြားသော နေရာကမဲတွေကိုလည်း ဆုံးရှုံးစေနိုင်ပါတယ်။ ဝန်ကြီးချုပ်မိုဒီဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ငွေကြေးအချို့ကို ဖျက်သိမ်းခဲ့ပြီး အခွန်သတ်မှတ်မှုအသစ်တွေ ပြုလုပ်ခဲ့ပါတယ်။

ဒီအချက်တွေကြောင့်လည်း ဂူဂျာရက်ပြည်နယ်က မဲဆန္ဒရှင်တွေကို စိတ်ဆိုးစေတာ ဖြစ်နိုင်ပါတယ်။ ဒီတစ်ကြိမ် ရွေးကောက်ပွဲမှာတော့ BJP ပါတီအတွက် အခက်ကြုံခဲ့တာ အမှန်ပါပဲ။

ဂူဂျာရက်ပြည်နယ်နဲ့ ဟီမာချယ် ပရာဒက်ရှ်တို့မှာ မဲပေးမှုတွေကို ဒီဇင်ဘာ ၉ ရက်ကနေ ၁၄ ရက်အတွင်း ပြုလုပ်ခဲ့တာပဲဖြစ်တယ်။ ဒေလီဂျာဝါဟာလာနေရူး တက္ကသိုလ်က နိုင်ငံရေးလေ့လာမှုဆိုင်ရာ ပါမောက္ခ Gurpreet Mahajan က ရာဟူးလ်ဟာ ခက်ခဲတဲ့တာဝန်တွေနဲ့ ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။ ကွန်ဂရက်ပါတီအတွက် သူဟာ ဘယ်လိုမျိုး ပြုပြင်ပြောင်းလဲမှုတွေကို ယူဆောင်လာမှာလဲ။ သူ့ရဲ့ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး အတိုက်အခံတွေဘက်က ဝေဖန်မှုတွေ ကျော်လွှားနိုင်ဖို့ကလည်း အရေးကြီးပါတယ်လို့ သူကဆက်ပြောပါတယ်။ တကယ်လို့များ ရာဟူးလ်ဂန္ဒီကသာ အောက်ခြေအခြေခံလူတန်းစားတွေအတွက် အပြောင်းအလဲကို သယ်ဆောင်ပေးလာနိုင်မယ်ဆိုရင်၊ ပါတီအတွက် လမ်းညွှန်မှုအသစ်တွေကို ချမှတ်ပေးနိုင်မယ်ဆိုရင်တော့ ရာဟူးလ်ဟာ BJP ပါတီအတွက် သေချာဂရုပြုရမယ့် နိုင်ငံရေးပြိုင်ဘက်ကောင်း အဖြစ် ပေါ်ထွက်လာမှာပါ။ ။

**ကိုးကား-**
**နယူးယောက်တိုင်းမ်**

> **“ ရာဟူးလ်အတွက် ကွန်ဂရက်ပါတီခေါင်းဆောင်အနေနဲ့ ပထမဦးဆုံး ပွဲဦးထွက်စမ်းသပ်မှုတစ်ခုကတော့ ယခု သီတင်းပတ်အတွင်းမှာ ပြုလုပ်တဲ့ ဂူဂျာရက်ပြည်နယ်က ရွေးကောက်ပွဲပါပဲ။ ဂူဂျာရက်ပြည်နယ်ဟာ လက်ရှိဝန်ကြီးချုပ် မိုဒီရဲ့ပြည်နယ်ဖြစ်ပြီး အဲဒီပြည်နယ်မှာ BJP ပါတီဟာ ဆယ်စုနှစ်နှစ်ခုစာလောက် ကြီးစိုးထားတဲ့ ပြည်နယ်တစ်ခုလည်းဖြစ် ”**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ကုမ္ပဏီ၏အမည်ကို ဖော်ပြခြင်းမပြုသည့်အတွက် ပြစ်ဒဏ်**

၁၄၄။ (က) တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် ယင်း၏အမည်အား ဤဥပဒေအရ ညွှန်ကြားထားသည့် နည်းလမ်းများအတိုင်း ရှင်းလင်းထင်ရှားစွာ လိုက်နာဖော်ပြခြင်းမရှိလျှင် ဒဏ်ကြေးငွေကျပ်ငါးသောင်းကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့်တမင် ပျက်ကွက်စေခဲ့သည့် သို့မဟုတ် ပျက်ကွက်ရန်ခွင့်ပြုခဲ့သည့် ကုမ္ပဏီအရာရှိတစ်ဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

(ခ) တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခု၏အရာရှိတစ်ဦးဦး သို့မဟုတ် ယင်းကိုယ်စားဆောင်ရွက်သူတစ်ဦးဦးသည် အထက်တွင်ပြဋ္ဌာန်းထားသည့်အတိုင်း ယင်း၏အမည်ကို ရှင်းလင်းထင်ရှားစွာဖော်ပြခြင်းမပြုဘဲ ကုမ္ပဏီ၏ ရုံးတံဆိပ်တစ်ခုအဖြစ် ရည်ရွယ်လျက် ရုံးတံဆိပ်တစ်ခုခုကို အသုံးပြုခဲ့လျှင် သို့မဟုတ် ထိုသို့အသုံးပြုရန် ခွင့်ပြုခဲ့လျှင် သို့မဟုတ် အထက်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ယင်း၏အမည်ကို ပုဒ်မ ၁၄၃၊ ပုဒ်မခွဲ(ဂ) တွင်ဖော်ပြပါရှိသည့် ဆက်သွယ်ဆောင်ရွက်မှု သို့မဟုတ် စာရွက်စာတမ်းတစ်ခုခုကို ဖော်ပြခြင်း မပြုဘဲ ပြုလုပ်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ဆောင်ရွက်ရန် ခွင့်ပြုခဲ့လျှင် ဒဏ်ကြေးငွေကျပ်ငါးသောင်းကို ပေးဆောင်ရမည်။ ၎င်းအပြင် အဆိုပါစာရွက်စာတမ်းသည် ကုမ္ပဏီအတွက် ဥပဒေအရတာဝန်ရှိမှုတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေခဲ့ပြီး အောက်ပါကိစ္စရပ်များ မပေါ်ပေါက်ခဲ့လျှင် ထိုတာဝန်ရှိမှုကိုကုမ္ပဏီက မဆောင်ရွက်နိုင်သဖြင့် ကုမ္ပဏီအပေါ်တွင်ဖြစ်ပေါ်လာသည့် တာဝန်ရှိမှုများအတွက်လည်း ထိုသူက တာဝန်ယူဆောင်ရွက်ရမည်-

(၁) အခြားပုဂ္ဂိုလ်အတွက် ကုမ္ပဏီသည် တာဝန်ယူဆောင်ရွက်မည်ဟု အဆိုပါ ပုဂ္ဂိုလ်သည် သိရှိသူ သို့မဟုတ် သိရှိသည်ဟု မှတ်ယူခံရသူ ပုဂ္ဂိုလ်ဖြစ်ကြောင်း စာရွက်စာတမ်းကို ထုတ်ပြန်ခဲ့သူ သို့မဟုတ် လက်မှတ်ရေးထိုးခဲ့သူက ထင်ရှား ပြသနိုင်ခြင်း၊ သို့မဟုတ်

(၂) တရားရုံးက အဆိုပါစာရွက်စာတမ်းကို ထုတ်ပြန်ခဲ့သူ သို့မဟုတ် လက်မှတ်ရေးထိုးခဲ့သူအပေါ် ထိုသို့တာဝန်ရှိစေခြင်းမှာတရားမျှတမှု မရှိကြောင်း တွေ့ရှိခြင်း။

## အခန်း (၁၇)

## အစည်းအဝေးများနှင့် ကုမ္ပဏီများ၏ ဆောင်ရွက်မှုများ

**ဒါရိုက်တာများ၏ အစည်းအဝေးများ**

၁၄၅။ (က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ -

(၁) ဒါရိုက်တာများ၏အစည်းအဝေးတစ်ရပ်ကို ဒါရိုက်တာတစ်ဦးက အခြားဒါရိုက်တာများထံသို့ သင့်လျော်သော အချိန်ကာလအတွင်း အကြောင်းကြားစာပေးပို့၍ ခေါ်ယူကျင်းပနိုင်သည်။

(၂) အစည်းအဝေးအား ဒါရိုက်တာများအားလုံးက သဘောတူလက်ခံသည့်နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့်ဖြစ်စေ ခေါ်ယူနိုင်သည် သို့မဟုတ် ကျင်းပနိုင်သည်။

(၃) ဒါရိုက်တာများ၏ အစည်းအဝေးတစ်ရပ်အတွက် အစည်းအဝေးအထမြောက်စေရန် တက်ရောက်ရမည့် ဒါရိုက်တာဦးရေမှာ နှစ်ဦး သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့်အရေအတွက် ရှိရမည်ဖြစ်ပြီး ထိုဒါရိုက်တာအားလုံးသည် အစည်းအဝေးအချိန်ကာလတစ်လျှောက်လုံး တက်ရောက်ရမည်။ ၎င်းအပြင်

(၄) အစည်းအဝေး ဆုံးဖြတ်ချက်တစ်ရပ်အား အဆိုပါဆုံးဖြတ်ချက်အတွက် မဲပေးခွင့်ရရှိသူ ဒါရိုက်တာများ၏ ဆုံးဖြတ်မဲအများစုဖြင့် ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် ကုမ္ပဏီ၏အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်တစ်ဦးကို ဒါရိုက်တာများက ရွေးချယ်ရမည်။ အစည်းအဝေး တစ်ရပ်တွင်ဖြစ်စေ၊ အစည်းအဝေးဆောင်ရွက်နေသည့် အချိန်ကာလအပိုင်းအခြား တစ်ရပ်တွင်ဖြစ်စေ ရွေးချယ်ခံထားရသော ဥက္ကဋ္ဌက တက်ရောက်ရန် ပျက်ကွက်ခဲ့လျှင် အစားထိုးဆောင်ရွက်မည့် ဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်နိုင်သည်။

(ဂ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဥက္ကဋ္ဌသည် ဒါရိုက်တာများ၏ အစည်းအဝေးတွင် အဆုံးအဖြတ်မဲတစ်မဲ ပေးခွင့်ရှိသည်။

**နှစ်ပတ်လည် အထွေထွေအစည်းအဝေး**

၁၄၆။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ယင်း၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးအဖြစ် အထွေထွေအစည်းအဝေးတစ်ရပ်ကို ယင်းကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်သည့် နေ့ရက်မှ ၁၈ လအတွင်း ကျင်းပရမည်ဖြစ်ပြီး ၎င်းအစည်းအဝေးအား ကျင်းပပြီးနောက်ပိုင်း ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် နောက်ဆုံးအကြိမ် ခေါ်ယူကျင်းပခဲ့သည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ ၁၅ လထက် မပိုသောကာလအတွင်း ဖြစ်စေရမည်။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရဖြစ်စေ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်မည့် အကြောင်းအရာများသည် အစည်းအဝေးအကြောင်းကြားစာ၌ ဖော်ပြထားခြင်း မရှိစေကာမူ အောက်ပါကိစ္စရပ်များ ပါဝင်ရမည်-

(၁) ကုမ္ပဏီအနေဖြင့် နှစ်စဉ်ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာ၊ ဒါရိုက်တာများ၏ အစီရင်ခံစာများနှင့် စာရင်းစစ်အစီရင်ခံစာများကိုပြုစုရန် လိုအပ်သည့်အခါ ထိုအစီရင်ခံစာများအတွက် ဆွေးနွေးဆုံးဖြတ်ခြင်း၊

(၂) ဒါရိုက်တာများကို ရွေးချယ်ခြင်းနှင့်

(၃) ကုမ္ပဏီအနေဖြင့် စာရင်းစစ်တစ်ဦးခန့်ထားရန် လိုအပ်သည့်အခါ အဆိုပါ စာရင်းစစ်အား ခန့်ထားခြင်း။

(ဂ) ဥက္ကဋ္ဌသည် ကုမ္ပဏီတွင်ပါဝင်သူများအား ကုမ္ပဏီ၏စီမံအုပ်ချုပ်မှုများနှင့် စပ်လျဉ်း၍ မေးခွန်းများမေးမြန်းရန် သို့မဟုတ် သဘောထားမှတ်ချက်များ ပေးရန်တို့အတွက် သင့်လျော်သော အခွင့်အရေးပေးရမည်။

(ဃ) ကုမ္ပဏီ၏ စာရင်းစစ်သည် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်ရမည်ဖြစ်ပြီး ဥက္ကဋ္ဌသည် ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီ၏ စာရင်းစစ်ဆေးခြင်း၊ စာရင်းစစ် အစီရင်ခံစာ သို့မဟုတ် ငွေစာရင်းများနှင့်စပ်လျဉ်း၍ စာရင်းစစ်သို့ မေးခွန်းများ မေးမြန်းနိုင်ရန်အတွက် သင့်လျော်သော အခွင့်အရေးပေးရမည်။

(င) အောက်ပါကိစ္စရပ်များ ပေါ်ပေါက်ခြင်းမှတစ်ပါး ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အသေးစားကုမ္ပဏီများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) ထိုအသေးစားကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်မှုရှိခြင်း သို့မဟုတ် အလားတူ သတ်မှတ်ချက်များ ပါရှိခြင်း သို့မဟုတ်

(၂) ထိုအသေးစားကုမ္ပဏီတွင် ပါဝင်သူများက သာမန်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်စေရန် ဆုံးဖြတ်ခြင်း သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက ထိုအသေးစား ကုမ္ပဏီအနေဖြင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအား ကျင့်သုံးဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်ခြင်း။

**ပုဒ်မ ၁၄၆ ပါ ပြဋ္ဌာန်းချက်များအား ပျက်ကွက်ခြင်း**

၁၄၇။ ပုဒ်မ ၁၄၆ ပါပြဋ္ဌာန်းချက်များအရ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတစ်ရပ်အား ကျင်းပရာတွင် ပျက်ကွက်မှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက-

(က) ထိုပျက်ကွက်မှုတွင် သိလျက်ဖြင့်တမင် ပါဝင်ခဲ့သောကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။ ၎င်းအပြင်

(ခ) တရားရုံးသည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ တင်ပြလျှောက်ထားချက်အရ ကုမ္ပဏီ၏နှစ်ပတ်လည် အထွေထွေအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပစေနိုင်သည် သို့မဟုတ် ခေါ်ယူကျင်းပရန်ညွှန်ကြားနိုင်သည်။ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အစည်းအဝေးကျင်းပဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည်။

**ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေး**

၁၄၈။ (က) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ၊ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများအားလုံးသည် ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ၂၈ ရက်အောက်မနည်း ခြောက်လထက် မများသောကာလအတွင်း ကုမ္ပဏီတွင်ပါဝင်သူများ၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို ကျင်းပရမည်။ ထိုအစည်းအဝေးကို ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေးဟု ခေါ်တွင်စေရမည်။

(ခ) ဒါရိုက်တာများသည် အစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံး ၂၁ ရက် ကြိုတင်၍ ဤပုဒ်မတွင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ မှန်ကန်ကြောင်းလက်မှတ်ရေးထိုးထားသည့် ဤဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာတစ်စောင်ကို ကုမ္ပဏီတွင်ပါဝင်သူ အားလုံးထံသို့ ဖြန့်ဝေရမည်။

(ဂ) ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား ကုမ္ပဏီ၏ ဒါရိုက်တာများ အနက်မှ နှစ်ဦးထက် မနည်းသော ဒါရိုက်တာများမှဖြစ်စေ၊ ဒါရိုက်တာတစ်ဦးတည်းရှိသော ကုမ္ပဏီတွင် တစ်ဦးတည်းရှိသော ဒါရိုက်တာမှဖြစ်စေ၊ ဒါရိုက်တာများကိုယ်စား ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသော ဒါရိုက်တာများ၏ဥက္ကဋ္ဌကဖြစ်စေ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ယင်းအစီရင်ခံစာတွင် အောက်ပါတို့ကိုဖော်ပြရမည် -

(၁) ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာအရေအတွက်စုစုပေါင်း၊ ယင်းတို့တွင် အပြည့်အဝကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငွေသားဖြင့်ပေးချေထားသော ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများအား ပိုင်းခြားဖော်ပြချက်၊ ငွေသားဖြင့် မဟုတ်ဘဲ အခြားနည်းတစ်ရပ်ရပ်ဖြင့် ပေးချေထားသော အစုရှယ်ယာ ပိုင်းခြားဖော်ပြချက်၊ တစ်စိတ်တစ်ဒေသကို ပေးချေထားသည့် အစုရှယ်ယာဖြစ်လျှင် ထိုသို့ပေးချေထားသည့် ပမာဏနှင့် အပြည့်အဝကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပေးချေထားသည့် အစုရှယ်ယာတန်ဖိုး၊

(၂) အထက်တွင် ဖော်ပြပါရှိသကဲ့သို့ခွဲဝေသတ်မှတ်ပြီး ပိုင်းခြားဖော်ပြထားသော အစုရှယ်ယာအားလုံးနှင့်စပ်လျဉ်း၍ ကုမ္ပဏီက လက်ခံရရှိပြီးဖြစ်သည့် ငွေသားပမာဏစုစုပေါင်း၊

(၃) ခေါင်းစဉ်အလိုက် ခွဲခြားဖော်ပြထားသော အစုရှယ်ယာများ၊ ဒီဘင်ချာများနှင့် အခြားကဏ္ဍများမှ ကုမ္ပဏီကလက်ခံရရှိမှု၊ ငွေပေးချေမှု၊ လက်ဝယ်ရှိရငွေသုံးငွေဆိုင်ရာနှင့်သက်ဆိုင်သည့် အသေးစိတ်ဖော်ပြချက်များ၊ အစုရှယ်ယာများ ထုတ်ဝေခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ပေးချေရသော ကော်မရှင်ကြေး သို့မဟုတ် လျှော့ပေါ့တန်ဖိုးတို့ကို သီးခြားစီဖော်ပြလျက် ကုမ္ပဏီ၏ ကနဦးကုန်ကျစရိတ်များအတွက် ငွေစာရင်း သို့မဟုတ် ခန့်မှန်းတွက်ချက်မှုများနှင့်အတူ အစီရင်ခံစာ ပြုလုပ်သည့်နေ့မှ ခုနစ်ရက်တာ ကာလအတွင်းရှိ နေ့ရက်တစ်ရက်ရက်အထိ ကုမ္ပဏီက လက်ခံရရှိမှုများ၊ ပြုလုပ်ခဲ့သော ငွေပေးချေမှုများနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ဖော်ပြချက်၊

(၄) ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ဖော်ပြပါရှိခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများ၊စာရင်းစစ်များနှင့် အတွင်းရေးမှူးရှိခဲ့လျှင် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ နိုင်ငံသားနှင့် အခြားသက်ဆိုင်သည့် ဖော်ပြချက်များ၊ ယင်းတို့အား ပြောင်းလဲပြင်ဆင်ထားသည့် ဖော်ပြချက်များရှိခဲ့လျှင် ယင်းပြင်ဆင်ဖော်ပြချက်များ၊

(၅) အစည်းအဝေးတွင် အတည်ပြုချက်ရယူရန်တင်ပြမည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ပါ အကြောင်းအရာများ၊ ပြင်ဆင်ချက်များနှင့် ပြင်ဆင်မည့်အကြောင်းအရာများ သို့မဟုတ် အဆိုပြုတင်ပြသည့် ပြင်ဆင်ချက်များ၊

(၆) အာမခံပဋိညာဉ်စာချုပ်များရှိခဲ့လျှင် ယင်းစာချုပ်များအရ ဆောင်ရွက်ပေးရမည့် တာဝန်များကို မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပြီးစီးခြင်းများ၊

(၇) ဒါရိုက်တာများထံမှ တောင်းဆိုမှုအရ ပေးချေရမည့် ကြွေးကျန်များရှိခဲ့လျှင် ယင်းကြွေးကျန်များနှင့်

(၈) အစုရှယ်ယာများအား ထုတ်ဝေခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဒါရိုက်တာ သို့မဟုတ် အရာရှိထံသို့ ပေးချေခဲ့သော သို့မဟုတ် ပေးချေရမည်ဖြစ်သော ကော်မရှင်ကြေး သို့မဟုတ် ပွဲစားခများအတွက် ဖော်ပြချက်များ။

(ဃ) ကုမ္ပဏီမှ ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများနှင့်လည်းကောင်း၊ ကုမ္ပဏီမှ အဆိုပါအစုရှယ်ယာများအတွက် လက်ခံရရှိခဲ့သည့်ငွေကြေး၊ လက်ခံရရှိမှုများ၊ ပေးချေမှုများနှင့်လည်းကောင်း သက်ဆိုင်ခဲ့လျှင် ဥပဒေအရပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား ကုမ္ပဏီ၏ စာရင်းစစ်များမှ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(င) ဒါရိုက်တာများသည် ဥပဒေအရ ပြုစုဆောင်ရွက်ရမည့်အစီရင်ခံစာအား ကုမ္ပဏီတွင် ပါဝင်သူများထံသို့ ပေးပို့ပြီးနောက် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အဆိုပါအစီရင်ခံစာ၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင် ထားရှိနိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

(စ) ဒါရိုက်တာများသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်များ၊ ၎င်းတို့နှင့်သက်ဆိုင်သည့်ဖော်ပြချက်များ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာတို့ကိုလည်းကောင်း၊ ကုမ္ပဏီတွင်ပါဝင်သူအသီးသီးက ပိုင်ဆိုင်ထားသည့် အစုရှယ်ယာအရေအတွက်ကိုလည်းကောင်း ဖော်ပြထားသည့် စာရင်းတစ်ခုကို အစည်းအဝေးစတင်သည့်အခါတွင် တင်ပြနိုင်ရန်အတွက် ပြုစုထားရှိရမည်ဖြစ်ပြီး အစည်းအဝေးကျင်းပနေစဉ် ကာလတစ်လျှောက် ကုမ္ပဏီတွင် ပါဝင်သူများက အလွယ်တကူ ရယူအသုံးပြုနိုင်စေရန် ထားရှိရမည်။

(ဆ) အစည်းအဝေးသို့တက်ရောက်ကြသော ကုမ္ပဏီတွင်ပါဝင်သူများသည် ကုမ္ပဏီဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဥပဒေအရပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာနှင့် စပ်လျဉ်း၍လည်းကောင်း ကြိုတင်အကြောင်းကြားခြင်းပြုခဲ့သည်ဖြစ်စေ၊ မပြုခဲ့သည်ဖြစ်စေ ပေါ်ပေါက်လာသည့် ကိစ္စရပ်များကိုလွတ်လပ်စွာ ဆွေးနွေးခွင့်ရှိသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြောင်းကြားခြင်း မရှိခဲ့လျှင် မည်သည့်ဆုံးဖြတ်ချက်ကိုမျှ ချမှတ်ခြင်း မပြုရ။

(ဇ) အစည်းအဝေးကို အခါအားလျော်စွာရွှေ့ဆိုင်းနိုင်ပြီး ထိုသို့ရွှေ့ဆိုင်းကျင်းပသည့်အစည်းအဝေးတစ်ရပ်ရပ်တွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အကြောင်းကြား၍ ယခင်အစည်းအဝေးမကျင်းပမီတွင်လည်းကောင်း၊ ကျင်းပပြီးနောက်ပိုင်းတွင်လည်းကောင်း ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။ ထိုသို့ရွှေ့ဆိုင်းဆောင်ရွက်သည့်အစည်းအဝေးသည် ပုံမှန်ကျင်းပသည့် အစည်းအဝေးတစ်ရပ်ကဲ့သို့ အလားတူဆောင်ရွက်နိုင်ခွင့်အာဏာများ ရှိစေရမည်။

(ဈ) ဥပဒေအရပြုစုဆောင်ရွက်ရမည့်အစီရင်ခံစာအား တင်ပြဆောင်ရွက်ရာတွင်လည်းကောင်း၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပရာတွင်လည်းကောင်း ပျက်ကွက်မှုတစ်စုံတစ်ရာရှိသော အကြောင်းကြောင့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို အပိုင်း (၅) တွင် သတ်မှတ်ဖော်ပြထားသော နည်းလမ်းများနှင့်အညီ တရားရုံးသို့ တင်ပြလာပါက တရားရုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ညွှန်ကြားမည့်အစား ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာကို တင်ပြဆောင်ရွက်စေခြင်း သို့မဟုတ် ဥပဒေအရ လိုက်နာဆောင်ရွက်ရသည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပစေခြင်းတို့အတွက် လမ်းညွှန်မှုများ ပြုလုပ်နိုင်သည် သို့မဟုတ် သင့်လျော်မျှတမည့် အခြားဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။

၁၄၉။ ပုဒ်မ ၁၄၈ ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက အဆိုပါပျက်ကွက်မှုအတွက် အပြစ်ရှိသော သို့မဟုတ် သိလျက်ဖြင့်တမင်ဆောင်ရွက်ခွင့်ပြုသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**အစည်းအဝေးများ**

၁၅၀။ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား အောက်ပါအတိုင်း သတ်မှတ်နိုင်မည်ဖြစ်သည်-

(က) ပုဒ်မ ၁၄၆ အရကျင်းပသည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး သို့မဟုတ်

(ခ) ပုဒ်မ ၁၄၈ ပါပြဋ္ဌာန်းချက်အရ လိုက်နာကျင်းပရသည့် အစည်းအဝေး သို့မဟုတ်

(ဂ) အထူးကျင်းပသည့် အထွေထွေအစည်းအဝေး ယင်းသည် ပုဒ်မ ၁၅၁၊ ပုဒ်မခွဲ(က) အပါအဝင် ဤဥပဒေ၌ ဖော်ပြထားသည့် အခွင့်အရေးနှင့် လုပ်ထုံးလုပ်နည်းများအရ ခေါ်ယူကျင်းပသော ကုမ္ပဏီတွင် ပါဝင်သူများ၏ အခြားသော အထွေထွေအစည်းအဝေး တစ်ရပ်ရပ်ဖြစ်သည်။

**အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း**

၁၅၁။ (က) ကုမ္ပဏီတစ်ခု၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို -

(၁) လျော်ကန်သင့်မြတ်သည့် ကိစ္စရပ်အတွက် သင့်လျော်သောအချိန်နှင့် နေရာတွင် ကျင်းပရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၂)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**မြစ်ရေကြီးခြင်းဖြစ်စဉ်အချို့၏ ဖန်တီးရှင်များ**

ကမ္ဘာပေါ်ရှိ မြစ်ချောင်းပေါများသော အရပ်ဒေသများ၌ မြစ်ရေကြီးမှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် တောင်ကျရေ စီးဆင်းမှုပမာဏ အလွန်အမင်းများပြားခြင်း၊ မြစ်ကြောင်းပြောင်းလဲစီးဆင်းခြင်း၊ ရေဝေဒေသများ၏ ပထဝီအနေအထား ပြောင်းလဲသွားခြင်း၊ ဆည်တမံများ ကျိုးပေါက်ပျက်စီးခြင်း၊ ဆည်ရေဖိအား လျှော့ချရန် ရေပိုလွှဲပေါက်များဖွင့်ချခြင်း စသည်တို့သည် မြစ်ရေကြီးမှုကိုဖြစ်ပေါ်စေသော အကြောင်းရင်းခံများ ဖြစ်ကြသည်။

**လာအက်စ်ပါရန်ဇာ ဆည်ကြီး**

၁၉၉၉ ခုနှစ်အတွင်းက မက္ကဆီကိုနိုင်ငံ ဟီဒယ်လ်ဂို ပြည်နယ်၌ တည်ဆောက်ထားသော လာအက်စ်ပါရန်ဇာ ဆည်ကြီး ရေပြည့်လျှံလာမှုကြောင့် ဆည်ကျိုးပျက်မည့်အရေးကို ရှောင်လွှဲနိုင်ရန် ဆည်ရေစီမံသူတို့က ရေပိုလွှဲပေါက်များကို ဖွင့်ချဖောက်ထုတ်ခဲ့ရာ ဆည်အောက်ပိုင်းဒေသများကို ရောမရေလုံးကြီးများက ဖုံးလွှမ်းသွားခဲ့ပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများနှင့်အတူ လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ရသည်။

**မိုဇမ်ဘစ်နိုင်ငံ ရေကြီးမှု**

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလက အာဖရိကတိုက်အတွင်းရှိ မိုဇမ်ဘစ်နိုင်ငံတစ်ဝန်းလုံး၌ ချိုင့်ဝှမ်းဒေသများကို ရက်ပေါင်းများစွာ ရေလွှမ်းမိုးသွားခဲ့သည်။ သိန်းနှင့်ချီသောပြည်သူများသည် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရပြီး အချို့ကမူ ထွက်ပြေးရန် အချိန်အလုံအလောက် မရလိုက်သည့်အတွက် အသက်ဆုံးရှုံးခဲ့ကြရသည်။

မိုဇမ်ဘစ်နိုင်ငံတစ်ဝန်းလုံး၌ နာရီပေါင်းများစွာကြာအောင် သဲသဲမဲမဲ မိုးရွာသွန်းနေချိန်တွင် နဂိုကတည်းက ရေပြည့်လုနီးပါး ဖြည့်ထားသော ဆည်များသည် အချိန်တိုအတွင်းမှာပင် ပြည့်လျှံသွားခဲ့သည်။ ပြည့်လျှံနေသောရေထု၏ ဖိအားကြောင့် ဆည်များပြိုကျပျက်စီးမည့် အန္တရာယ်ကို ရှောင်လွှဲနိုင်စေရန်အတွက် ပိုလျှံရေထုတ်ပေါက်များကို ဖွင့်ချခဲ့ကြရာမှ ထွက်ပေါ်လာသော ရောမရေထုကြီးသည် ရုတ်တရက် မြစ်ရေကြီးခြင်းကို ဖြစ်ပေါ်စေခဲ့သည်။

ထိုကဲ့သို့ ဆည်ရေဖောက်ထုတ်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသော ရုတ်တရက် မြစ်ရေကြီးမှုကြီးသည် လူ့အသက်အိုးအိမ်စည်းစိမ် အများအပြားကို ဆုံးရှုံးသွားစေရုံမျှမက ရေဘေးလွတ်ရာ သစ်ပင်ပေါ်သို့ တက်ရောက်ရှောင်တိမ်းနေရင်း သစ်ပင်ပေါ်၌ပင် ကလေးငယ်တစ်ဦးကို မီးဖွားလိုက်ရသည့် မိခင်တစ်ဦး၏ ဖြစ်ရပ်သည် ကမ္ဘာ့သတင်းမျက်နှာစာများပေါ်၌ မိုဇမ်ဘစ်နိုင်ငံကို ထင်ရှားပေါ်လွင်သွားစေခဲ့သည်။

မိုးရွာသွန်းမှုကြောင့် သဘာဝအလျောက် တဖြည်းဖြည်းချင်း မြစ်ရေလျှံတက်လာခြင်းနှင့် ယခုကဲ့သို့ ရုတ်တရက် မြစ်ရေကြီးခြင်းဖြစ်ရပ်တို့မှာ များစွာ ကွဲပြားခြားနားကြသည်။ သာမန်အားဖြင့် သဘာဝအတိုင်း မြစ်ရေလျှံတက်လာခဲ့လျှင် ရှောင်တိမ်းစွန့်ခွာရန် အချိန်ကောင်းစွာရနိုင်သော်လည်း ရုတ်တရက် ရေကြီးခြင်းမျိုးကမူ ထွက်ပြေးလွတ်မြောက်ရန် လုံလောက်သောအချိန် မရနိုင်သည့်အတွက် ပစ္စည်းဥစ္စာဆုံးရှုံးမှုတင်မက လူ့အသက်ဆုံးရှုံးမှုကိုပါ ဖြစ်ပေါ်စေသည်။

**ဟွန်ဒူရပ်စ်နိုင်ငံ ရေကြီးမှု**

မိုဇမ်ဘစ်နိုင်ငံဖြစ်ရပ်မတိုင်မီ တစ်နှစ်ကျော်ခန့်ကလည်း ဗဟိုအမေရိကဒေသရှိ ဟွန်ဒူရပ်စ်နိုင်ငံ၌ အလားတူဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့သည်။ ၁၉၉၈ ခုနှစ် အောက်တိုဘာလအတွင်းက မစ်ချ် အမည်ရှိ ဟာရီကိန်းမုန်တိုင်းကြီးကြောင့် ဟွန်ဒူရပ်စ်နိုင်ငံတစ်ဝန်းလုံး၌ တစ်လတိတိ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ များပြားလှစွာသော မိုးရေထုကြီးကြောင့် တောင်ကျချောင်းကလေးများသည် ရောမမြစ်ကြောင်းကြီးများအဖြစ်သို့ အသွင်ပြောင်းသွားပြီး နိုင်ငံတစ်ဝန်းလုံး၌ ရေကြီးရေလျှံမှုကြီးကို ဖြစ်ပေါ်စေခဲ့သည်။ ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းပမာဏ အလွန်ကြီးမားခဲ့ပြီး လူ ၁၀၀၀၀ ခန့် သေဆုံးသွားခဲ့ရသည်။

တစ်လတိတိရွာသွန်းသော မိုးရေထုကြီးကြောင့် ဖြစ်ပေါ်လာသော ရောမ ရေစီးကြောင်းကြီးများကို ရှောင်လွှဲကာ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ကြသော်လည်း အများပြည်သူတို့ မျှော်လင့်မထားသည့် ရုတ်တရက် မြစ်ရေကြီးမှုကြီးတစ်ခု ဖြစ်ပေါ်ခဲ့သဖြင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ ဟွန်ဒူရပ်စ်နိုင်ငံ၏မြို့တော် တီဂူစီဂါလ်ပါး၏ အထက်ဘက်ရှိ လော့စ်လော်ရယ်ရေကာတာကြီး ကျိုးပေါက်ပြီး ကြီးမားသော ရေထုကြီးက ဂွါစီရစ်မြစ်တစ်လျှောက် အလုံးအရင်းနှင့် ဝါးလုံးထိုးစီးဆင်းလာကာ ဟွန်ဒူရပ်စ်မြို့တော်၏ ဆင်းရဲသားရပ်ကွက်သို့ ညသန်းခေါင်ယံအချိန်တွင် ရောမရေလှိုင်းလုံးကြီးများဖြင့် ဝင်ရောက်ဝါးမျိုပစ်လိုက်သည့်အတွက် လူပေါင်း ၁၀၀၀၀ ခန့် သေဆုံးခဲ့ကြရခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် မြို့တော်တောင်ဘက်ရှိ မြစ်ကြီးတစ်စင်းပေါ်တွင် တည်ဆောက်ထားသော ကွန်ဆက်ရှင်းဆည်ကြီး ရေလျှံမှုကြောင့် အရေးပေါ်ရေထုတ်ပေါက်များကို ဖွင့်ချခဲ့သည့်အတွက် တစ်ပူပေါ် နှစ်ပူဆင့်ကာ မြို့တော်သူမြို့တော်သားတို့ အနေဖြင့် ထွက်ပြေးလွတ်မြောက်ရန်ပင် အချိန်မရတော့ဘဲ ယခုကဲ့သို့သော အဖြစ်ဆိုးနှင့် ကြုံတွေ့လိုက်ကြရခြင်း ဖြစ်ပေသည်။



၂၀၁၆ ခုနှစ် အောက်တိုဘာလက ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသ၌ ဆည်ရေဖောက်ထုတ်မှုကြောင့် ရေကြီးမှုဖြစ်စဉ်။

**တရုတ်နိုင်ငံ ရေကြီးမှု**

ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၌လည်း ဆည်များကြောင့် ရောမ ရေကြီးရေလျှံမှု ဖြစ်ပေါ်ကာ အသက်အိုးအိမ်စည်းစိမ် အများအပြား ဆုံးရှုံးခဲ့ရဖူးသည်။ ၁၉၇၅ ခုနှစ် ဩဂုတ်လအတွင်းက တရုတ်နိုင်ငံအလယ်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ ပေ ၄၀၀ မြင့်သော ဘင်ကီအိုဆည်ကြီး၏ အထက်ပိုင်းရှိ ဆည်တမံကြီး ကျိုးပေါက်ပျက်စီးသွားခဲ့သည်။ ထိုဆည်ကြီးမှ ကျဆင်းလာသည့် ကေပေ ၉၇၀၀၀ ရှိသော ရေထုကြီးသည် ဘင်ကီအိုဆည်ကြီးကိုပါ ဖြိုချဖျက်ဆီးပစ်လိုက်တော့သည်။

ပျက်စီးသွားသည့် ဆည်နှစ်ခုပေါင်းမှ ကျဆင်းလာသော ကေပေ ၄၀၀၀၀၀ ရှိသည့် ရေထုကြီးသည် အုတ်ကျိုးအုတ်ပဲ့များ၊ ကွန်ကရစ်တုံးအပဲ့စများ၊ နွံအနစ်များနှင့်အတူ အရှိန်ပြင်းထန်စွာ စီးဆင်းလာကာ ဆည်အနီးရှိ ရုမြစ်ကို အကြီးအကျယ် ရေလျှံမှု ဖြစ်ပွားစေတော့သည်။ ရုမြစ်ရေ ရုတ်တရက်လျှံတက်မှုကြောင့် ၁၁ ကီလို မီတာကျယ်ပြန့်သော ရေပြင်ကျယ်ကြီး ဖြစ်ပေါ်သွားကာ အမြင့်ပေ ၂၀ ရှိသည့် ရောမ ရေလှိုင်းကြီးများသည် တစ်နာရီလျှင် ၄၈ ကီလိုမီတာ ရေစီးနှုန်းဖြင့် တရဟော စီးဆင်းလာပြီး ဟွာအီဘင်မြို့ကြီးကို ဖျက်ဆီးပစ်လိုက်သည်။ ခန့်မှန်းတွက်ချက်ရန်ပင် ခက်ခဲသည့် ပျက်စီးဆုံးရှုံးမှုကြီးများနှင့်အတူ လူပေါင်း နှစ်သိန်းနီးပါးခန့် အသက်ဆုံးရှုံးခဲ့ကြရသည်။

**မြစ်ရေကြီးမှုကြီးများ၏ လက်သည်တရားခံ**

အထက်ပါ ဖြစ်ရပ်များအားလုံးကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက မိုဇမ်ဘစ်နိုင်ငံ၊ ဟွန်ဒူရပ်စ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ရုတ်တရက် မြစ်ရေလျှံတက်လာမှုကြောင့် စွန့်ခွာထွက်ပြေးရန် အချိန်မရလိုက်တော့ဘဲ လူ့အသက် သေဆုံးမှုများနှင့်တကွ ပျက်စီးဆုံးရှုံးမှု အကြီးအကျယ် ဖြစ်ပေါ်ခဲ့ရကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထွက်ပြေးလွတ်မြောက်ချိန် မရနိုင်လောက်အောင် ရုတ်တရက်ဖြစ်ပေါ်ခဲ့သော မြစ်ရေကြီးမှုကြီးများ၏ လက်သည်တရားခံ ဖန်တီးရှင်မှာ ဆည်ကြီးများပင် ဖြစ်ကြသည်။

**ဆည်ရေဖောက်ချမှုကြောင့် ရေကြီးမှုများ**

အလားတူပင် ၁၉၉၈ ခုနှစ်က ဘာကီနာဖာဆို နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နာကန်ဘီ မြစ်ပေါ်၌ တည်ဆောက်ထားသော ဘတ်ချ်ဆည်ကြီး ကျိုးပျက်မည့်အရေး ရင်လေးနေကြသော ဆည်တာဝန်ခံတို့က ဆည်အတွင်း ရေဖိအားကို လျှော့ချရန် ရေပိုထုတ်ပေါက်များကို ဖွင့်ချခဲ့ကြသည့်အတွက် ဂါနာနိုင်ငံ မြောက်ပိုင်းနယ်စပ်ကို ဖြတ်စီးနေသော မြစ်အောက်ပိုင်း၌ ရုတ်တရက် ရေကြီးရေလျှံမှုကြီး ဖြစ်ပွားခဲ့ရာ လူ ၅၀ နီးပါး အသက်ဆုံးရှုံးခဲ့ရသည်။

ထိုနှစ်ထဲမှာပင် နိုင်ဂျီးရီးယားနိုင်ငံရှိ ရောမဆည်ကြီးဖြစ်သည့် ကိန်ဂျီဆည်ကြီး၌လည်း သည်းထန်သောမိုးကြောင့် ပြည့်လျှံတက်လာသော ဆည်ရေများ၏ ဖိအားကို လျှော့ကျစေရန်အတွက် ရေပိုထုတ်ပေါက်များကို ဖွင့်ချခဲ့ရာ ကြောက်မက်ဖွယ်ကောင်းသော ရောမ ရေထုကြီးကြောင့် အနောက်အာဖရိက၏ အကြီးဆုံးသော နိုင်ဂါမြစ်ကြီး၌ ကြီးမားသော ရေလျှံမှုဖြစ်ပေါ်ကာ နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းဒေသရှိ မြို့ရွာများအားလုံး ရေအောက်သို့ စုံးစုံးမြုပ်သွားခဲ့သည်။

အကြိမ်ပေါင်းများစွာ ရွာသွန်းသော သည်းထန်သည့်မိုးများသည် ဆည်ရေကို အကြိမ်ကြိမ် ပြည့်လျှံတက်စေခြင်းဖြင့် ဆည်၏ခိုင်ခံ့မှုကို ထိပါးလာသည့်အတွက် နှစ်သက်တမ်းကာလရင့်နေပြီဖြစ်သော ကိန်ဂျီဆည်ကြီး ပြိုပျက်မည့်အရေးအတွက် ရတက်မအေးနိုင်ကြသော ဆည်တာဝန်ခံတို့က ရေပိုလွှဲပေါက်အားလုံးကို ဖွင့်ချလိုက်ကြရာ ဆည်ပတ်ဝန်းကျင်ဒေသများရှိ မြေဟက်တာပေါင်းများစွာတို့၌ ရောမရေကြီးမှုကြီး ဖြစ်ပေါ်ပြီး လူ ၆၀ ကျော် အသက်ဆုံးရှုံးကာ လူပေါင်း ၈၀၀၀၀ ကျော်တို့ ရေဘေးဒုက္ခသည်ဘဝ ရောက်ခဲ့ကြရသည်။

၂၀၀၀ ပြည့်နှစ် အတွင်းကလည်း နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌ မိုးရေများကြောင့် ပြည့်လျှံနေသော ရောမဆည်ကြီးနှစ်ခု ကျိုးပေါက်မည့်အရေးကို ရင်လေးနေကြသော ဆည်တာဝန်ခံတို့က မည်သူ့ကိုမျှ အသိမပေးဘဲ ရေပိုထုတ်ပေါက်များကို ဖွင့်ချခဲ့ရာ နိုင်ငံမြောက်ပိုင်းရှိ ကျေးရွာပေါင်း ၂၀၀ နီးပါး ရေအောက်သို့ရောက်ရှိသွားပြီး လူ ၁၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။

အိန္ဒိယနိုင်ငံ၌လည်း ၂၀၀၀ ပြည့်နှစ်အတွင်းက မုတ်သုံမိုး အကြီးအကျယ်ရွာသွန်းမှုကြောင့် ရှော့စ်စာဂါဆည်ကြီးတွင် ရေပြည့်လျှံနေမှု ရက်ကာလ ကြာရှည်လာသောကြောင့် ဆည်နံရံများ၌ အက်ကွဲကြောင်းကြီးများ ဖြစ်ပေါ်လာခဲ့သည်။ ဆည်တာဝန်ရှိသူတို့က အလုပ်သမား အင်အားထောင်ချီ၍ အသုံးပြုပြီး ပြန်လည်ပြုပြင်ရန် အပြင်းအထန် ကြိုးစားခဲ့ကြသော်လည်း ကြီးမားသော ရေထုကြီး၏ဖိအားကို မလွန်ဆန်နိုင်ဘဲ ပြိုကျပျက်စီးကာ အင်ဒရာပရာဒက်ရှ်ပြည်နယ်၏ မြို့တော် ဟိုက်ဒရာဘတ်အထိတိုင် ရောမရေထုကြီးက ဝင်ရောက်ဝါးမျိုပစ်ခဲ့သည်။

အိန္ဒိယနိုင်ငံ မရုရက်ရှီမြစ်ပေါ်ရှိ ဆည်အချို့နှင့် ဒမိုဒါမြစ်အောက်ဘက်ရှိ မြစ်ကျဉ်းဆည်များသည်လည်း သည်းထန်သော မိုးရွာသွန်းမှု ရက်ကာလ ရှည်ကြာလာသည်နှင့်အမျှ ရေဖိအားကြောင့် ဆည်ပြိုပျက်မည့်အရေးကို ရှောင်လွှဲနိုင်ရန် ရေထုတ်ပေါက်များဖွင့်ချပြီး ဆည်ရေများကို အလုံးအရင်းဖြင့် ထုတ်လွှတ်လိုက်ကြသည်။ အိန္ဒိယပိုင်နက် နယ်မြေများ၌ ရေလျှံမှုကြီးများ အကြီးအကျယ် ဖြစ်ပွားရုံမျှမက ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင်နက် နယ်မြေများအထိတိုင် ပျံ့နှံ့ရောက်ရှိသွားကာ အနက် ၁၀ ပေရှိသောရေပြင်ကျယ်ကြီး ဖြစ်သွားခဲ့သည်။ နေအိမ်အဆောက်အအုံများစွာ ရေနစ်မြုပ်ခဲ့ပြီး ကောက်ပဲသီးနှံစိုက်ခင်းများ အကြီးအကျယ်ပျက်စီးကာ ကျွဲနွားတိရစ္ဆာန်အများအပြားလည်း ရေနစ်သေဆုံးခဲ့ကြရသည်။ ပျက်စီးဆုံးရှုံးမှု တန်ဖိုးကလည်း အလွန်ကြီးမားခဲ့သည်။

အိန္ဒိယဆည်ပြိုမှုနှင့် အလားတူဖြစ်ရပ်မျိုးမှာ ဆီးရီးယားနိုင်ငံ၌လည်း ဖြစ်ပွားခဲ့ဖူးသည်။ ၂၀၀၁ ခုနှစ်က ဆီးရီးယားနိုင်ငံရှိ အိုရွန်တက်စ်မြစ်ကြီးပေါ်၌ တည်ဆောက်ထားသော ဆည်ကြီးတစ်ခု ပြိုပျက်သွားရာ ကောက်ပဲသီးနှံစိုက်ခင်း စတုရန်းကီလိုမီတာ ၁၀၀ ကျော်မှာ ရွှံ့နွံများအောက်သို့ ရောက်ရှိသွားခဲ့သည်။ လူ ၂၀ သေဆုံးပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုနှင့်အတူ လူမှုဒုက္ခအပေါင်းကို ခါးစည်းခံခဲ့ကြရသည်။

၂၀၀၅ ခုနှစ် အတွင်းကလည်း ပါကစ္စတန်နိုင်ငံ အနောက်ပိုင်းရှိ ရှာဒီကောမြစ်ကြီးပေါ်၌ တည်ဆောက်ထားခဲ့သည့် ဆည်ကြီးတစ်လုံးမှာ သည်းထန်စွာရွာချသော မိုးရေထုကြီးကြောင့် ဆည်ရေ ပြည့်လျှံပေါက်ထွက်သွားခဲ့ရာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ ရေအောက်သို့ စုံးစုံးမြုပ်သွားပြီး လူ ၁၀၀ ကျော် ရေနစ်သေဆုံးခဲ့ကြရသည်။ ထိုနှစ်ထဲမှာပင် အာဖဂန်နစ္စတန်နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသ၌လည်း ရေကာတာကြီးတစ်လုံး ပြိုကျပျက်စီးခဲ့သဖြင့် လူဒါဇင်ပေါင်းများစွာတို့ ရေနစ်သေဆုံးခဲ့ကြ ရသည်။

ဗီယက်နမ်နိုင်ငံ၌လည်း ဆည်ရေဖောက်ထုတ်မှုကြောင့် ရေကြီးရေလျှံမှု အကြီးအကျယ်ဖြစ်ခဲ့သော သာဓက အများအပြားရှိခဲ့သည်။ ၂၀၀၉ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် ကတ်ဆာနာ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်နေစဉ်အတွင်း ကွမ်နန်ခရိုင်ရှိ ဘူရောင်းရေလှောင်တမံကြီးမှ ရေထု ကုဗမီတာသန်း ၁၅၀ ခန့် ဖောက်ထုတ်ခဲ့ရာ ကြီးမားသော ရေလွှမ်းမိုးမှုဖြစ်ပေါ်ပြီး လူ ၁၆၃ ဦး သေဆုံးကာ အမေရိကန်ဒေါ်လာ ၇၈၆ သန်းဖိုး ပျက်စီးဆုံးရှုံးခဲ့သည်။

**ဗီယက်နမ်နိုင်ငံ**

၂၀၁၃ ခုနှစ်ကလည်း ရေလှောင်တမံကိုးခုမှ ရေပိုဖောက်ထုတ်မှုများကြောင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသတွင် ရေကြီးရေလျှံမှုကြီး ဖြစ်ပေါ်ကာ လူ ၄၁ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

မျက်မှောက်ကာလနှင့် အနီးကပ်ဆုံးဖြစ်ရပ်ဟု ဆိုရမည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်ကလည်း ဒေသခံများအား ကြိုတင်အသိမပေးဘဲ ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဟာတန်ခရိုင်ရှိ ရေအားလျှပ်စစ် ရေလှောင်တမံကြီးမှ သိုလှောင်ရေများကို ရေပိုလွှဲများမှတစ်ဆင့် ဖွင့်ချဖောက်ထုတ်ခဲ့မှုကြောင့် လူနေအိမ်ခြေ အဆောက်အအုံပေါင်း ၅၀၀၀ နီးပါးခန့် ရေနစ်မြုပ်ကာ လူကိုးဦး သေဆုံးခဲ့ရသည်။

ထိုကဲ့သို့ ရေလှောင်တမံမှရေများ ဖောက်ထုတ်မှုကြောင့် ရေလွှမ်းမိုးခံခဲ့ကြရသော ဒေသများရှိ ပြည်သူများက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ရသည်ဟု ထင်မှတ်မှားခဲ့ကြသော်လည်း နောက်ပိုင်းတွင် စုံစမ်းစစ်ဆေးမှုများအရ ရေအားလျှပ်စစ်လုပ်ငန်းသုံး ဟိုဟိုရေလှောင်တမံ၌ သိုလှောင်ထားသောရေများကို ဆည်ရေစီမံခန့်ခွဲသူတို့က တစ်စက္ကန့်လျှင် ကုဗမီတာ ၅၀၀ မှ ၁၈၀၀ အထိ ထုတ်လွှတ်ခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည့်အတွက် အစိုးရက တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ခဲ့သည်။

**ဝန်ခံမှုမရှိကြ**

ဆည်ကြီးများကြောင့်ဖြစ်ရသော ရေကြီးရေလျှံမှုကြီးများနှင့်အတူ လူပေါင်းများစွာ အသက်ဆုံးရှုံးရခြင်း၊ ကောက်ပဲသီးနှံစိုက်ခင်း အများအပြားပျက်စီးခြင်း၊ နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းစသော လူမှုဒုက္ခအပေါင်းကို ကြုံတွေ့ခဲ့ကြရသည့်တိုင် ဆည်တမံတည်ဆောက်သူများနှင့် ဆည်ရေစီမံခန့်ခွဲသူတို့က မိမိတို့ကြောင့်ဖြစ်ရကြောင်း ဝန်ခံမှုမရှိကြသလို သက်ဆိုင်ရာအစိုးရများကလည်း ထိုဖြစ်ရပ်မျိုး အများစုအတွက် ဆည်နှင့်ပတ်သက်သည့် တာဝန်ရှိသူတို့ကို ထိရောက်သော အရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်လေ့မရှိသည်ကို အံ့သြဝမ်းနည်းဖွယ်ရာ တွေ့မြင်ကြရသည်။

ဆည်တည်ဆောက်သည့် နေရာရွေးချယ်မှု မှားယွင်းခြင်း၊ ဆည်များ၏ အရည်အသွေး နိမ့်ကျခြင်း၊ ဆည်ရေစီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းစသော အကြောင်းတရားများကြောင့် တန်ဖိုးရှိလှသည့် လူ့အသက်ပေါင်းများစွာတို့ကို ဆုံးရှုံးသွားစေပြီး လူမှုဒုက္ခအပေါင်းကို ကြုံတွေ့ရစေသည့် အကျိုးတရားများကိုဖြစ်ထွန်းလာစေခဲ့သည်။

ထို့အပြင် ဆည်များကို တည်ဆောက်ခဲ့ကြစဉ်က လယ်ယာစိုက်ပျိုးရေးကို အကျိုးပြုစေရန်၊ ဒေသတွင်း၌ မြစ်ရေကြီးမှုကို ကာကွယ်ရန်၊ လယ်ယာမြေများ ရေလွှမ်းမိုးမှုခံရခြင်းကို တားဆီးရန်၊ ရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးပေးရန် စသည်ဖြင့် ကြွေးကြော်ခဲ့ကြသော်လည်း နှစ်သက်တမ်း ရှည်ကြာလာသည်နှင့်အမျှ ဆည်များ၏ ကြံ့ခိုင်တောင့်တင်းမှု ကျဆင်းလာသည့်အတွက် ကြီးမားသောရေဖိအားကို ခံနိုင်ရည်မရှိတော့သည့် ဆည်များမှာ ဝန်ထုပ်ဝန်ပိုးကြီးများ ဖြစ်လာခဲ့တော့သည်။ သာဓကအဖြစ် တရုတ်နိုင်ငံ၌ ဆည်ပေါင်း ၂၀၀၀၀ ကျော်ရှိသည့်အနက် အသုံးပြု၍မရတော့သော ဆည်ပေါင်း ၃၀၀ ကျော် ရှိနေသည်ကို တွေ့မြင်နိုင်သည်။ ထိုဆည်အဟောင်းများအတွက် မည်သို့စီမံလုပ်ဆောင်ရမည်ဆိုသည်မှာ သက်ဆိုင်ရာအစိုးရအတွက် ခေါင်းခဲစရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လျက်ရှိနေသည်။

**စွန့်လွှတ်ကြရန် အချိန်တန်ပြီ**

ဆည်တမံများ တည်ဆောက်မှုသည် ချက်ချင်းလက်ငင်းအားဖြင့် အကျိုးပြုသယောင် ထင်ရသော်လည်း ရေရှည်၌မူ သဘာဝပတ်ဝန်းကျင်အပေါ် အကြီးအကျယ် ထိခိုက်မှုဖြစ်စေသည်ကို အလွန်များပြားလှသော သာဓကများက ထောက်ပြလျက်ရှိနေသည်။

သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးမှုမရှိအောင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တတ်နိုင်သည့်နည်းလမ်းများကို အသုံးပြုကာ ကြိုးပမ်းအားထုတ်နေကြချိန်တွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုဖြစ်စေရုံသာမက မြစ်ရေကြီးခြင်း ဖြစ်စဉ်အချို့၏ ဖန်တီးရှင်ကြီးများပင် ဖြစ်နေကြသော ဆည်တမံများကို ထပ်မံတည်ဆောက်ရန်အတွက် ကြံစည်အားထုတ်ထားမှုများကို စွန့်လွှတ်ကြရန် အချိန်တန်ပြီ ဖြစ်ပေသည်။ ။

# ဖွံ့ဖြိုးတိုးတက်လာသော သံတောင်ကြီးဒေသ လူထုအခြေပြုခရီးသွားလုပ်ငန်း

ထင်ရှားကျော်ကြားသော မြစ်ကြီးလေးသွယ်နှင့်အတူ အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့တွင် ဝန်းရံလျက်ရှိသော တောင်စဉ်တောင်တန်းများ၊ သဘာဝသစ်တောများ၊ မြစ် ချောင်း ရေတံခွန်များ၊ နိုင်ငံ၏ အနောက်တောင်ပိုင်းနှင့် တောင်ပိုင်းတို့၌ရှိသော ကျွန်းစုများမှ သန္တာကျောက်တန်းများနှင့် ဒီရေတောများ စသည့် ဒေသဆိုင်ရာ ပထဝီသဘာဝအနေအထား ရေခံမြေခံ ရင်းမြစ်များ ကောင်းမွန်ခြင်းကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ပြည်ပခရီးသွားလေ့လာလည်ပတ်သူများ တစ်နှစ်ထက်တစ်နှစ် လာရောက်မှု ပိုမိုများပြားလာကာ ခရီးသွားလုပ်ငန်းများမှာလည်း သိသိသာသာ ဖွံ့ဖြိုးလာလျက်ရှိသည်။



သံတောင်ကြီးမြို့နယ်၏ အထင်ကရနေရာ နော်ဘူဘောဆုတောင်းတောင်

**ကရင်ပြည်နယ်**

ထို့အတူ တောတောင်ရေမြေ သဘာဝအလှအပများ အများအပြားရှိပြီး ခရီးသွားများအား ဆွဲဆောင်မှုအားကောင်းသော ကရင်ပြည်နယ်သို့လည်း ယခင်နှစ်များထက် ပြည်တွင်းပြည်ပခရီးသွား ဝင်ရောက်လာမှုမှာ ပိုမိုများပြားလာလျက်ရှိရာ ၂၀၁၆ ခုနှစ်က ကရင်ပြည်နယ်သို့ ပြည်ပခရီးသည်ဝင်ရောက်မှု လူဦးရေ ၁၅၉၀၀၀ နှင့် ပြည်တွင်းခရီးသွားဝင်ရောက်မှု ၅၇၄၀၀၀ ကျော် ရှိခဲ့ရာမှ ယခု ၂၀၁၇ ခုနှစ်ထဲတွင် စက်တင်ဘာလအထိ ပြည်ပခရီးသွား ၁၈၇၆၆၄ ဦးနှင့် ပြည်တွင်းခရီးသွား ၅၀၅၂၆၈ ဦး ဝင်ရောက်ထားပြီးဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးရုံး(ဘားအံရုံးခွဲ)မှ သိရသည်။

**ဘားအံမြို့နယ်**

ကရင်ပြည်နယ်အတွင်း ဘားအံမြို့နယ်နှင့် မြဝတီမြို့နယ်များ၌သာ နိုင်ငံခြားခရီးသွား လည်ပတ်ခွင့်ကို အကန့်အသတ်ဖြင့် ခွင့်ပြုထားကာ ပြည်တွင်းပြည်ပခရီးသွားများအနေဖြင့် ဆက်သွယ်ရေးလမ်းကြောင်းကောင်းမွန်သည့် ဘားအံမြို့နယ်အတွင်းရှိ ဘုရင့်ညီဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပုံဂူ၊ ဖားကပ်လင်းနို့ဂူ၊ ကျောက်ကလပ်၊ ချစ်သူ့မြိုင်ပန်းခြံ၊ ဇွဲကပင် လုမ္ဗိနီ အင်ကြင်းတစ်ထောင်နှင့် အပျော်စီးကေဘယ်လ်ချဲ၊ တောင်ဝိုင်းတောင်၊ ဖားပုတောင်၊ ကော့ကသောင်လိုဏ်ဂူ၊ လွန်းညရေပြာအိုင်နှင့် ဆဒ္ဒန်ဂူ၊ ကျုံထော်ရေတံခွန် စသည့်နေရာများသို့ လည်ပတ်နိုင်ကြသည်။

ကရင်ပြည်နယ်၏ ဆွဲဆောင်မှုအားကောင်းသော သဘာဝအရင်းအမြစ်များကြောင့် ရန်ကုန်မှ ဘားအံသို့ နေချင်းပြန်ခရီးစဉ်များ၊ ရက်ရှည်ခရီးစဉ်များအဖြစ် လာရောက်မှုများ တစ်နေ့တခြား ပိုမိုများပြားလာကြောင်း ဟိုတယ်ခရီးဌာနမှ သိရသည်။ ကရင်ပြည်နယ်အတွင်းမှ အခြားမြို့နယ်များအတွင်းသို့ နိုင်ငံခြားခရီးသွားများ ဝင်ရောက်ခွင့်မပြုသေးသောကြောင့် ခွင့်ပြုပေးနိုင်ရေးအတွက်လည်း ပြည်နယ်အစိုးရနှင့် ဟိုတယ်ခရီးဌာနတို့က ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သံတောင်ကြီးမြို့နယ်**

ကရင်ပြည်နယ် မြောက်ဘက်ခြမ်းရှိ သံတောင်ကြီးမြို့နယ်၏ သဘာဝပတ်ဝန်းကျင် ရေမြေအနေအထားမှာ တောင်စဉ်တောင်တန်းများရှိခြင်း၊ သံတောင်ကြီးမြို့၏ တည်နေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၀၅၀ တွင် တည်ရှိပြီး တစ်နှစ်ပတ်လုံး မိုးရေချိန် လက်မ ၂၀၀ အထက်ရှိခြင်း၊ တစ်နှစ်ပတ်လုံး ရာသီဥတုအေးမြခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် ထင်ရှားသည့် အပန်းဖြေမြို့ဖြစ်သော ပြင်ဦးလွင်ကဲ့သို့ နွေရာသီ အပန်းဖြေမြို့တစ်ခုအဖြစ် ခရီးသွား လည်ပတ်လိုသူများအတွက် ဆွဲဆောင်မှုအားကောင်းသည့် နေရာတစ်ခု ဖြစ်လာခဲ့သည်။

**သံတောင်ကြီးမြို့**

အမှန်တွင် သံတောင်ကြီးမြို့သည် ပြင်ဦးလွင်မြို့ထက်စော၍ နွေရာသီအပန်းဖြေစခန်း သို့မဟုတ် နွေရာသီရုံး ဖွင့်လှစ်ခဲ့သောမြို့ဖြစ်ကြောင်း သိရသည်။ ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲများအပြီးတွင် နယ်ချဲ့အင်္ဂလိပ်တို့က အောက်မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းကို သိမ်းပိုက်ပြီးနောက် တောင်ငူမြို့မှ တစ်ဆင့် တစ်နှစ်ပတ်လုံး အေးမြသောရာသီဥတုရှိကာ အမြင့်ပေ ၄၀၀၀ ကျော်တွင် ရှိသည့် တောင်ပေါ်ဒေသ ယခု သံတောင်ကြီးမြို့နေရာကို တွေ့ရှိရာမှ နွေရာသီ အပန်းဖြေစခန်း သို့မဟုတ် နွေရာသီရုံး ဖွင့်လှစ်ရန် စီစဉ်ခဲ့ကြသည်။ ၁၈၈၃ ခုနှစ်တွင် စစ်ပွဲများမှ ဒဏ်ရာရ စစ်သည်များ ကျန်းမာရေးအတွက် အနားယူရန်စခန်းအဖြစ် ဖွင့်လှစ်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးစီးသည့် နောက်ပိုင်းမှသာ မေမြို့ယခု ပြင်ဦးလွင်မြို့သို့ နွေရာသီအပန်းဖြေရုံးကို ရွှေ့ပြောင်းခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင်မူ ပြည်တွင်းစစ်ကြောင့် ငြိမ်းချမ်းမှုကင်းမဲ့လာကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိခြင်းတို့ကြောင့် သံတောင်ကြီးသည် လူအများ လာရောက်မှုမရှိသော ဒေသတစ်ခုဖြစ်လာပြီး အနီးပတ်ဝန်းကျင်မှ ကျေးလက်ဒေသခံများကသာ သံတောင်ကြီးသို့ ပြောင်းရွှေ့စုစည်း နေထိုင်လာခဲ့ကြသည်။

**နော်ဘူဘောဆုတောင်းတောင်**

အဆိုပါဒေသတွင် နေထိုင်သည့် ဒေသခံ တိုင်းရင်းသား အများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည့်အားလျော်စွာ မိမိတို့ဒေသတွင် အထွတ်အမြတ်ထားသော တောင်ထိပ်များပေါ်၌ ဆုတောင်းဆောင်များ ဆောက်လုပ်၍ ၁၉၉၅ ခုနှစ်မှစတင်ကာ 'နော်ဘူဘော ဆုတောင်းတောင်'အဖြစ် သတ်မှတ်ခေါ်ဝေါ်ခဲ့ပြီး ရပ်ဝေးရပ်နီးမှ ခရစ်ယာန်ဘာသာဝင်များ လာရောက်လည်ပတ် ဆုတောင်းမှုများရှိလာကာ ခရီးသွားများ ဝင်ရောက်မှုလည်း စတင်သက်ဝင်လာခဲ့သည်။

**မြန်မာ့ခရီးသွားနှစ်**

၁၉၉၆ ခုနှစ်ကိုမြန်မာ့ခရီးသွားနှစ်(Visit Myanmar Year)အဖြစ် သတ်မှတ်ခဲ့စဉ်က မြန်မာခရီးသွားဒေသများကို ကြော်ငြာခဲ့ရာတွင် သံတောင်ကြီးဒေသလည်း တစ်ခုအပါအဝင် ဖြစ်လာခဲ့ပြီး လူအများ သတိပြုမိလာခဲ့ကာ သံတောင်ကြီးဒေသသို့ ခရီးသွား လည်ပတ်လေ့လာသူ၊ ဆုတောင်းရန်လာသူများဖြင့် စည်ကားလာခဲ့သည်။ နှစ်စဉ် ဧည့်သည်ဝင်ထွက်သွားလာမှုများမှာလည်း တဖြည်းဖြည်း တိုးတက်များပြားလာ၍ ၁၉၉၆ ခုနှစ်က ရာဂဏန်းမျှသာ ရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ခရီးသည်ဦးရေ သောင်းနှင့်ချီ၍ ရှိလာခဲ့သည်။

**လူထုအခြေပြု ခရီးသွားလုပ်ငန်း**

၂၀၁၂ ခုနှစ်တွင် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ တိုးတက်ပြောင်းလဲလာခြင်းကြောင့် ကရင်ပြည်နယ် သံတောင်ကြီးဒေသကို ခရီးသွားလုပ်ငန်းလုပ်ဆောင်ရန် ရွေးချယ်ခဲ့ပြီး လူထုအခြေပြု ခရီးသွားလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သံတောင်ကြီးမြို့သည် ကရင်ပြည်နယ်၏ မြောက်ဘက်ခြမ်းတွင် တည်ရှိသော်လည်း ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ၊ မန္တလေးတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိခြင်းကြောင့် မန္တလေးမြို့မှ မိုင် ၂၅၀ ခန့်၊ ရန်ကုန်မြို့မှ မိုင် ၂၀၀ ခန့်၊ ကယားပြည်နယ် လွိုင်ကော်မြို့မှ မိုင် ၁၀၀ ခန့်သာ ကွာဝေးသည်။

အနီးဆုံးဖြစ်သော ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှ အရှေ့မြောက်ဘက် ၂၈ မိုင်ခန့်အကွာတွင် တည်ရှိပြီး တောင်ငူမြို့မှ သံတောင်မြို့သို့ လမ်းသည် အကွေ့အကောက် ပေါ်များသော်လည်း အတက်တစ်လမ်း အဆင်းတစ်လမ်းရှိသော ကတ္တရာခင်းလမ်းမများဖြင့် ဆက်သွယ်ဖောက်လုပ်ထားကာ မြန်မာနိုင်ငံတွင် အတက်တစ်လမ်း အဆင်းတစ်လမ်းစီ ရှိသော မြို့နှစ်မြို့မှာ ပြင်ဦးလွင်မြို့နှင့် သံတောင်မြို့တို့သာဖြစ်သည်။

**ငြိမ်းချမ်းရေး၏ အကျိုးဆက်**

ယခုအခါ ငြိမ်းချမ်းရေးဖြစ်ထွန်းလာမှု အကျိုးဆက်ကြောင့် သံတောင်ကြီးဒေသ၌ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာကာ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်မှုမှာလည်း တစ်နေ့တခြား များပြားလာလျက်ရှိသည်။ ပြည်တွင်းပြည်ပမှ ခရီးသွားလေ့လာသူများအနေဖြင့် သံတောင်ကြီးဒေသရှိ ဧကထောင်ချီရှိသော တပ်မတော်လက်ဖက်ခြံများနှင့် ဒေသခံများ၏ ကိုယ်ပိုင်လက်ဖက်စိုက်ခင်းများကိုလည်းကောင်း၊ ကော်ဖီစိုက်ခင်း၊ ဖာလာစိုက်ခင်းနှင့် အခြား သီးနှံစိုက်ခင်းအမျိုးမျိုးကိုလည်းကောင်း၊ ကိုလိုနီခေတ် အဆောက်အအုံများ၊ ရေပူစမ်း၊ ရေတံခွန်များ၊ ဒေသ၏ အထင်ကရနေရာဖြစ်သော နော်ဘူဘောဆုတောင်းတောင်နှင့် နှစ်သစ်ကူးတောင်သို့လည်းကောင်း၊ အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကိုလည်းကောင်း အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်အပေါ် မူတည်ပြီး သွားရောက်လည်ပတ် လေ့လာနိုင်ပြီဖြစ်သည်။

သံတောင်ကြီးဒေသ၌ နှစ်စဉ် ဧပြီလ ၁၃ ရက်တွင် ကျင်းပသည့် ဆုတောင်းတောင်နှင့် နှစ်သစ်ကူးတောင်နှစ်ပတ်လည် ကျေးဇူးတော်ချီးမွမ်းခြင်းနေ့နှင့် ပြာသိုလဆန်း ၁ ရက်တွင် ကျင်းပသည့် ကရင်နှစ်သစ်ကူးနေ့ စသည့်နေ့များတွင် ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်မှု ပိုမိုများပြားကြောင်းသိရသည်။

**တည်းခိုရန်နေရာများ**

ထို့ကြောင့် ဒေသတွင်းသို့ လာရောက်ကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ တည်းခိုနားနေနိုင်ရန် ပြည်ထောင်စုအစိုးရမှ စမ်းသပ်ကာလအဖြစ် လုပ်ကိုင်ခွင့်ပြုပေးထားသည့် အခန်းပေါင်း ၄၀ ကျော်ပါဝင်သော ဟိုတယ် ခုနစ်လုံးကို ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ နိုင်ငံခြားသားခရီးသည် ၇၀ ခန့် တပြိုင်တည်း တည်းခိုနိုင်ကြောင်း သိရှိရသည်။ ထို့အပြင် အသင်းတော်နှင့် ဘာသာရေးအဖွဲ့အစည်းများကလည်း ရာနှင့်ချီသော ဧည့်သည်များ တည်းခိုနားနေနိုင်ရန် ရိပ်သာလေးလုံးကို စီစဉ်ထားရှိကြောင်း သိရသည်။

ယခုအခါ သံတောင်ကြီးဒေသတွင် သန့်ရှင်းသပ်ရပ်၍ ဝန်ဆောင်မှုကောင်းသည့် စားသောက်ဆိုင် ကိုးဆိုင်လည်း ဖွင့်လှစ်ထားကြောင်းသိရပြီး ခရီးသွားများအနေဖြင့် ဒေသခံများဖွင့်လှစ်ထားသည့် ဆိုင်များတွင် ဒေသဆိုင်ရာ ရိုးရာအစားအစာများကိုလည်း နှစ်သက်ရာမှာယူစားသောက်နိုင်ကြသည်။

**အလုပ်အမှုဆောင်အဖွဲ့နှင့် ကော်မတီများ**

သံတောင်ကြီးဒေသ၏ လူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် သံတောင်ကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်အဖွဲ့ (Thandaung Gyi Tourism Development Working Group)က ဦးဆောင်လုပ်ကိုင်နေပြီး ဒေသခံ Stakeholders များသာ ပါဝင်သော အမှုဆောင်ကော်မတီနှင့် အာဏာပိုင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပါဝင်သော အကြံပေးကော်မတီ စသည့် ကော်မတီနှစ်ရပ်ကိုလည်း ဖွဲ့စည်းထားသည်။

အလုပ်အမှုဆောင်အဖွဲ့နှင့် ကော်မတီနှစ်ရပ်၏ ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများပါ ခရီးသွားလုပ်ငန်းတွင် ကဏ္ဍပေါင်းစုံမှ ပါဝင်ခွင့်ရရှိစေရေး စီစဉ်ဆောင်ရွက်ထားခြင်းကြောင့် သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးတွင် ဒေသခံပြည်သူများအနေဖြင့်လည်း နေရာထိုင်ခင်းအတွက် ဝန်ဆောင်မှုများ ပေးနိုင်ခြင်း၊ စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ဒေသထွက်ကုန် အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း စသည်တို့ဖြင့် ဌာနေတိုင်းရင်းသားပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပွင့်လင်းလာကာ လူမှုရေး၊ စီးပွားရေး ကဏ္ဍများလည်း တိုးတက်လာလျက် ရှိနေပေသည်။ ။

**သတင်းဆောင်းပါး**

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

"၁၉၉၆ ခုနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ခဲ့စဉ်က မြန်မာ ခရီးသွားဒေသများကို ကြော်ငြာခဲ့ရာတွင် သံတောင်ကြီးဒေသလည်း တစ်ခု အပါအဝင် ဖြစ်လာခဲ့ပြီး လူအများ သတိပြုမိလာခဲ့ကာ သံတောင်ကြီးဒေသသို့ ခရီးသွား လည်ပတ်လေ့လာသူ၊ ဆုတောင်းရန်လာသူများဖြင့် စည်ကားလာခဲ့သည်"

# ကြံခင်းမြို့၌ ဘိုးဘွားရိပ်သာသစ် ဖွင့်ပွဲကျင်းပ

**ကြံခင်း ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကုန်းမြင့်ကျေးရွာရှိ ကုန်းမြင့်သာယာကျောင်းတိုက် ဆရာတော်၏ သက်တော် ၆၁ နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့် ကုန်းမြင့်ဘိုးဘွားရိပ်သာ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

ဘိုးဘွားရိပ်သာသစ်ကို အမှတ် (၃၂)အကြီးစားစက်ရုံမှ စက်ရုံမှူး ဦးအောင်ဘော်၊ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌနှင့် ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဌေး၊ ဘိုးဘွားရိပ်သာ မုခ်ဦးအလှူရှင် ဒေါ်နုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ဘိုးဘွားရိပ်သာ ဖွင့်ပွဲသို့ ကြံခင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဘိုးဘွားရိပ်သာတွင် ဘိုးဘွားများအတွက် အလျား ပေ ၉၀၊ အနံ ၁၀ ပေရှိ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ဆေးခန်းဆောင်၊ လူနာဆောင်၊ ရုံးခန်းတို့ကို ထပ်မံဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## မှုခင်းသတင်းတိုများ

### စမ်းချောင်းမြို့နယ်တွင် ယာဉ်သုံးစီးဆက်တိုက်မှုဖြစ်

ရန်ကုန်တိုင်းဒေသကြီး(အနောက်ပိုင်းခရိုင်) စမ်းချောင်းမြို့နယ် ဆောက်လုပ်ရေးရုံးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးရှေ့ ဗဟိုလမ်းမီးပွိုင့် (ရှမ်းလမ်းမီးပွိုင့်)၌ ဒီဇင်ဘာ ၁၈ ရက်က ယာဉ်သုံးစီးဆက်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မစ်ဆူဘီရှီယာဉ်ငယ်တစ်စီး ဘရိတ်ပေါက်ပြီး ရှေ့မှကားနှစ်စီးကို တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိခဲ့ဘဲ အတိုက်ခံရသည့်ကားနှစ်စီးထဲမှ တစ်စီးမှာ အနည်းငယ် ပျက်စီးချွတ်ယွင်းကာ မှန်များကွဲသွားကြောင်း သိရသည်။ **ရွှေတိုင်လွင်**

### စုကြေးငွေများ ထုတ်မပေး၍ လူလေးဦးအား တိုင်ကြား

မကွေးခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်နေသည့် စာရေးမတစ်ဦးက ငွေစု၊ ငွေထုတ် အကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီးလေးဦးအား ၎င်း၏စုကြေးငွေများကို ထုတ်မပေးဟုဆိုကာ ဒီဇင်ဘာ ၁၇ ရက်က တိုင်ကြားအမှုဖွင့်ခဲ့ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။ မကွေးမြို့ ကန်သာရပ်ကွက်နေ မ---- သည် ၂၀၁၆ ခုနှစ် ဇူလိုင်လက မကွေးမြို့ မြင်သာရပ်ကွက်နေသူများဖြစ်သည့် ဒေါ်ခင်မျိုးဝင်း(၄၅ နှစ်)၊ ဒေါ်သီတာဝင်း(၃၈ နှစ်)၊ မအိဖြူ(၂၁ နှစ်)နှင့် ရန်ကျော်ရပ်ကွက်နေ မမြကြီးတို့ ပူးပေါင်းလုပ်ကိုင်သည့် ငွေစု၊ ငွေထုတ် အကျိုးဆောင်လုပ်ငန်းသို့ ၅၀၀၀ ကျပ်နှုန်း အစုငွေစာရင်းဖြင့် စုစုပေါင်း ငွေကျပ် ၁၈ သိန်းကို ထည့်ဝင်စုဆောင်းခဲ့ကြောင်း၊ စုကြေးငွေထုတ်ရမည့် ၂၀၁၇ ဇူလိုင်လတွင် စုငွေကို သွားရောက်ထုတ်ယူခဲ့ရာ ဒေါ်ခင်မျိုးဝင်းမှာ တိမ်းရှောင်နေပြီး ဒေါ်သီတာဝင်း၊ မအိဖြူ၊ မမြကြီးတို့မှာ အကြောင်းအမျိုးမျိုးပြကာ ငွေကိုပြန်လည်ထုတ်ပေးခြင်းမရှိ၍ တိုင်ကြားခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ငွေများလိမ်လည်ရယူခဲ့သူ ဒေါ်ခင်မျိုးဝင်းပါ လေးဦးအား မကွေးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **ကျော်ဇေယျ**

### လင်မယားစကားများ၍ ရိုက်နှက်ကြရာမှ ခင်ပွန်းဖြစ်သူသေဆုံး

ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာတွင် ဒီဇင်ဘာ ၁၇ ရက် ညပိုင်းက လင်မယားစကားများရန်ဖြစ်ပြီး ရိုက်နှက်ကြရာမှ ခင်ပွန်းဖြစ်သူသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာနေ ကရင်(ခ)အောင်လင်း (၃၃ နှစ်) သည် အရက်သေစာသောက်စားပြီး ဇနီးဖြစ်သူ ဒေါ်မာမာအေး(၅၀ နှစ်)နှင့် စကားများရန်ဖြစ်ရာမှ အောင်လင်းက ကြွေပန်းကန်ဖြင့်ပစ်ပေါက်၍ ဒေါ်မာမာအေးမှာ ခေါင်းကွဲသွားပြီး ဒေါ်မာမာအေးကလည်း တုတ်ဖြင့်ပြန်လည်ရိုက်နှက်ခဲ့၍ အောင်လင်းမှာ ဒဏ်ရာရရှိကာ ကော့သောင်းဆေးရုံသို့ တင်ပို့နေစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကော့သောင်းရဲစခန်းက အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

### ကြက်တိုက်လောင်းကစားလုပ်သူ ငါးဦးအား ဖမ်းမိ

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကိုင်းတာကျေးရွာအုပ်စု ရွာသစ်ကုန်းရွာ၌ ဒီဇင်ဘာ ၁၈ ရက်က ကြက်တိုက်လောင်းကစားလုပ်သူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ကြက်တိုက်လောင်းကစားနေကြောင်း သတင်းအရ ကျောင်းကုန်းမြို့မရဲစခန်းမှ ရဲအုပ်အောင်ကိုကိုလွင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ ရွာသစ်ကုန်းရွာအပြင် ဦးသန်းထွန်း၏ လယ်မြေကွက်တွင် လူ ၂၀ ခန့် ကြက်တိုက်လောင်းကစားနေကြသည်ကို တွေ့ရှိရသဖြင့် ဝိုင်းဝန်းဖမ်းဆီးရာ နေသူကို၊ ခိုင်ထွန်း၊ စံထွန်း၊ အောင်သူနှင့် သိန်းရွှေတို့ ငါးဦးအား သက်သေခံပစ္စည်းများအဖြစ် တိုက်ကြက်ဖ သုံးကောင်၊ ငွေစက္ကူရောရော ကျပ်ငါးသောင်းကျော်၊ ဆိုင်ကယ် ၁၅ စီး၊ စက်ဘီး နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကျန်သူများမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး လွတ်မြောက်သွားသူများကိုလည်း ဆက်လက်စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# မြန်မာစာ စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာ ရေးသားနိုင်ရေး

*ဝင်းချစ် (အမျိုးသားစာပေဆုရ)*

မြန်မာစာရေးသားရာ၌ စာလုံးပေါင်းသတ်ပုံအမှားများပါရှိ နေသည်ကို မကြာခဏ တွေ့နေရသည်။ မြန်မာစာအဖွဲ့က **မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း**ကို ၁၉၈၆ ခုနှစ်ကတည်းက ထုတ်ဝေခဲ့ပြီး မြန်မာစာလုံးပေါင်းရာတွင် မှားလေ့ရှိသော အမှားများနှင့် ပတ်သက်၍ ပညာပေးဇာတ်လမ်းတိုလေးများကို လွန်ခဲ့သော ၂၅ နှစ်ဝန်းကျင်ကစ၍ မြန်မာ့ရုပ်မြင်သံကြား (MRTV) မှ ထုတ်လွှင့်ပြသပေးခဲ့သည်မှာ ယနေ့အထိတိုင် ဖြစ်သည်။ **အား** နှင့် **ကို** အသုံးမှားနေကြသဖြင့် မှန်ကန်စေရေးအတွက်လည်း ယခုလက်ရှိထုတ်လွှင့်ပေးနေသည်။

**စာလုံးပေါင်းသတ်ပုံအမှားများပို၍ များလာ**

ဆရာကြီးမောင်ခင်မင်- ဓနုဖြူ (အငြိမ်းစား မြန်မာစာ ပါမောက္ခ ဦးခင်အေး၊ မြန်မာစာအဖွဲ့ဝင်) ကလည်းမြန်မာစာအရေးအသားမှန်ကန်ရေးအတွက် **လူတိုင်းအတွက် အသုံးချမြန်မာစာ၊ ရုံးသုံးမြန်မာစာ၊ မြန်မာစာပေစကားဝိုင်း၊ ငယ်ပေါင်းကြီးဖော် မြန်မာစာ** စသည့်စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။ ဤသို့ပညာပေးမှုများရှိနေသည့်ကြားမှပင် မြန်မာစာလုံးပေါင်းသတ်ပုံအမှားများ တစ်စထက်တစ်စပို၍များလာသည်ကို တွေ့ရှိနေရပါသည်။

ဆလိမ်၏ အသံထွက်ကို မပီဘဲ **စ** ဖြင့် အသံထွက်မှားရာမှ (ဉပမာ - ဆားကိုစား၊ ဆောင်းကိုစောင်း )ယခုအခါ စာလုံး ပေါင်းကိုပါ **ဆ** နှင့် **စ** ပြောင်းပြန်ရေးနေကြသည်ကို တော်တော် များများတွေ့နေရသည်။ ဆောင်းပါးတစ်ပုဒ်တွင် **ဆုပ်လည်း စူး၊ စားလည်းရှူး** ရေးရမည့်အစား **စုပ်လည်းဆူး၊ စားလည်းရှူး** ဟု ရေးသားထားသည်ကို တွေ့ရသကဲ့သို့ **နေပူလို့ဦးထုပ်စောင်း ထားတာ၊ အေးဆိမ့်နေတာပဲ၊ အဝတ်အစားတွေကဆုတ်ပြတ်နေတယ်** စသည့် အမှားများကို တွေ့နေရသည်။

ထို့အပြင် အလှူမင်္ဂလာဆောင်ဖိတ်စာများတွင် **နေ့လယ်** ကို **နေ့လည်** ဟု ရေးသားနေသည်များကိုတွေ့ရှိနေရသည့်နည်းတူ ရုံးစာများတွင်လည်း **လေးစားလျက်** ကို **လေးစားလျှက်၊ အလျင်အမြန်** ကို**အလျှင်အမြန်၊ ဖြစ်ခဲ့လျှင်** ကို **ဖြစ်ခဲ့လျင်** ဟု ရေးသားနေကြသည်ကိုလည်း တွေ့နေရပါသည်။ မှားလေ့ရှိကြသော အမှားအချို့ကို အမှန်နှင့်တွဲ၍ အောက်တွင်ဖော်ပြလိုက်ပါသည်။

| အမှား | အမှန် |
| --- | --- |
| - လေးစားလျှက်၊ ပြသလျှက်ရှိသည် | လေးစားလျက်၊ ပြသလျက်ရှိသည် |
| - လျှင်မြန်စွာ၊ စောလျှင်စွာ | လျင်မြန်စွာ၊ ဆောလျင်စွာ |
| - ဖြစ်ခဲ့လျင် | ဖြစ်ခဲ့လျှင် |
| - မကြာမှီ၊ ခေတ်မှီ၊ အချိန်မှီ၊ လက်လှမ်းမှီ | မကြာမီ၊ ခေတ်မီ၊ အချိန်မီ၊ လက်လှမ်းမီ |
| - ကြေငြာသည် | ကြေညာသည် |
| - နေ့လည်စာ | နေ့လယ်စာ |
| - ကောင်းမှု့၊ ဖတ်ရှု့ | ကောင်းမှု၊ ဖတ်ရှု |
| - ထုတ်လွှတ်မှုလျှော့နည်းစေရန် လျှော့ချရမည် | ထုတ်လွှတ်မှုလျှော့နည်းစေရန် လျှော့ချရမည် |

| အမှား | အမှန် |
| --- | --- |
| - တပြည့် | တပည့် |
| - ဆားငံရေ | ဆားငန်ရေ |
| - စိမ်းလန်းစိုပြေ | စိမ်းလန်းစိုပြည် |
| - ပြစ်ခတ်ဖမ်းဆီးသည် | ပစ်ခတ်ဖမ်းဆီးသည် |
| - သတိယ | သတိရ |
| - မတွေ့ဘူးပါ၊ တွေ့ဘူးပါသည် | မတွေ့ဖူးပါ၊ တွေ့ဖူးပါသည် |
| - ဖြစ်နိုင်တာဘဲ ၊ မဖြစ်နိုင်တာပဲ | ဖြစ်နိုင်တာပဲ၊ မဖြစ်နိုင်တာဘဲ |

**မြန်မာစာကို အလေးမထားကြခြင်းလား**

ဘာသာခြား အင်္ဂလိပ်စာကို Spelling အမှားမပါအောင် (တစ်လုံးမှ မပါအောင်) ရေးသားနိုင်ကြပြီး**ကိုယ့်မိခင်ရင်းဘာသာကျမှ စာလုံးပေါင်းသတ်ပုံမှားနေကြသည်မှာ အလွန်ဝမ်းနည်းဖို့ကောင်းပါသည်။** အင်္ဂလိပ်စာလုံးပေါင်းမှားလျှင် ရှက်စရာကောင်းသည်ဟု ခံယူထားကြပြီး မြန်မာ စာလုံးပေါင်းမှားလျှင်တော့ရှက်စရာဟု မထင်ကြသည်မှာ မြန်မာစာကို အလေးမထားကြ၍ပဲလားဟု စာရေးသူ စဉ်းစားမိပါသည်။ ရုံးစာကိုလက်မှတ်ထိုးပေးရသည့် တာဝန်ရှိသူများကလည်း အင်္ဂလိပ်စာ စာလုံးပေါင်းအမှားပါလျှင် တန်း၍မြင်ကြသော်လည်းမြန်မာစာလုံးပေါင်းအမှားပါလျှင် မမြင်ကြသည်မှာ မြန်မာစာကို တန်ဖိုးမထားခြင်းကြောင့်သာ ဖြစ်သည်ဟု ကောက်ချက်ချရမည်ကဲ့သို့ ဖြစ်နေသည်။

စာရေးသူတို့ ငယ်စဉ်ကအင်္ဂလိပ်စာ Meaning၊ Spelling များကို ကျက်မှတ်ရသည့် နည်းတူမြန်မာစာစာလုံးပေါင်းသတ် ပုံများကိုလည်း ကျက်မှတ်ခဲ့ကြရပါသည်။ ဆရာ ဆရာမများက English Dictation ပေးသကဲ့သို့ မြန်မာစာကိုလည်း Dictation ပေးပါသည်။ ဖြေပြီးလျှင် အမှား/ အမှန်စစ်ပေးပါသည်။ ယခုအခါ ထိုစနစ်ရှိ/မရှိမသိပါ။ စာရေးသူ ၅ တန်း၊ ၆ တန်းက ကျက်မှတ်ခဲ့သည့် စာလုံးပေါင်းသတ်ပုံသံပေါက်အချို့မှာ -

- ကျားဆရာကြောင်၊ တောမှာပြောင်၊ ဆင်ပြောင်ကိုလည်း ရစ်ရမည်။ ဗမ္ဘူ့သပြေ၊ အသီးကြွေ၊ မိုးမြေကိုလည်း ရစ်ရမည်။ ငုံး၊ ခါ၊ ခို၊ ကြက်၊ ကြောင်နှင့်ကြွက်၊ ထက်မြက်ကိုလည်း ရစ်ရမည်။
  (ရရစ်နှင့် ဆိုင်သည့် စာလုံးပေါင်းသတ်ပုံများဖြစ်သည်။)
- ကြံ့၊ ဆင်၊ သစ်၊ ကျား၊ အလွန်များ၊ နွားဖျားကိုလည်း ပင့်ရမည်။ သကာချိုပျား၊ ထန်းလျက်များ၊လျှာဖျားကိုလည်း ပင့်ရမည်။ (ယပင့်နှင့် ဆိုင်သည့် စာလုံးပေါင်းသတ်ပုံများဖြစ်သည်။)
- သူတော်မဟုတ်၊ လူသူယုတ်၊ နှင်ထုတ်ကိုလည်း တသတ်မည်။ ယုန်အရေဆုတ်၊ ငှက်နှံ့စုတ်၊ကြမ်းကြုတ်ကိုလည်း တသတ်မည် (တစ်ချောင်းငင် တသတ်စာလုံးပေါင်းသတ်ပုံများဖြစ်သည်။)
- အခါး၊ အငန်၊ စပ်ဖန်ဖန်၊ သကြ်န်ကိုလည်း နသတ်မည်။ ဒေါသစိတ်မာန်၊ လွန်ပြင်းထန်၊ မြို့ဝန်ကိုလည်း နသတ်မည်။ (နသတ်စာလုံးပေါင်းသတ်ပုံများဖြစ်သည်။)

**ပင်ကိုက စာလုံးပေါင်းမမှန်သူများ fb ဝေါဟာရများကို အသုံးများလျှင် ယခုထက်ပိုမှားပြီး မြန်မာစာအတွက် ရင်လေးဖွယ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာလူမျိုးတိုင်း မိမိတို့၏ မိခင်ရင်းမြန်မာစာကို စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာရေးသားနိုင်၍ အလေးထားကြရန် အလွန်အရေးကြီး**

မြန်မာစာ စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးနှင့် မြန်မာစာအရေးအသားမှန်ကန်ရေးအတွက် မြန်မာစာအဖွဲ့က မြန်မာ့ရုပ်မြင်သံကြား (MRTV) မှ ပညာပေးဇာတ်လမ်းတိုများ ထုတ်လွှင့်ပေးခဲ့သည်မှာ ၂၅ နှစ်ကျော်ရှိပြီဖြစ်သော်လည်း အခမ်းအနားကြီးများတွင် ဥက္ကဋ္ဌကြီးမှ မိန့်ခွန်းပြောကြားပါလိမ့်မည်ဟု ကြေညာနေသည့်အခမ်းအနားမှူးများ ရှိနေဆဲပင် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာစာလုံးပေါင်းသတ်ပုံကို အလေးထားကြရေးအတွက်ပညာပေးရုံဖြင့် မလုံလောက်နိုင်ပါ။ အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

**သတ်ပုံအမှားများလျော့နည်းလာ**

ယခင်ခေတ်များက ထုတ်ဝေမည့် စာမူများကို စာပေစိစစ်ရေးတွင် တင်ပြီး ခွင့်ပြုချက်ယူရပါသည်။ မူဝါဒ၊ နိုင်ငံရေးစသည်များနှင့် ပတ်သက်၍ လိုအပ်ပါကတည်းဖြတ်သည့်နည်းတူ စာလုံးပေါင်းသတ်ပုံ အမှားပါပါက ပြင်ပေးပါသည်။ စာလုံးပေါင်းတစ်လုံးမှားလျှင် ၁၀ ပြားပေးဆောင်ရပြီး နောင်တွင် ၁၀၀ ကျပ်အထိပေးဆောင်ခဲ့ရသည်ကို မှတ်သားမိပါသည်။ တစ်လုံးမှားလျှင် ၁၀၀ ကျပ် ပေးဆောင်ရသည့် အချိန်တွင်စာလုံးပေါင်းသတ်ပုံအမှားများ သိသာစွာနည်းသွားကြောင်း ထိုစဉ်က စာပေစိစစ်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သူများ၏ ပြောကြားချက်အရ သိရှိရသည်။ ငွေပေးဆောင်ရသည်ထက် အမှားများပြင်ပြီးမှသာ စာမူကိုတစ်ခါပြန်တင်ပြရသဖြင့် အလုပ်ပိုများပြီး အချိန်ကြန့်ကြာခြင်းကြောင့် စာလုံးပေါင်းမှန်စေရန် အလေးထားခဲ့ကြကြောင်း ထုတ်ဝေသူများက ပြောပြသည်။

**FB အသုံးအနှုန်းများ**

မြန်မာစာလုံးပေါင်းသတ်ပုံအမှားများကို အချိန်မီမပြင်နိုင်ကြပါက လာမည့်မျိုးဆက်သစ်များ လက်ထက်တွင်ယခုထက်ပို၍ အမှားများမည်မှာ မုချကေန်ဖြစ်သည်။ face book (fb) ကို အသုံးပြုသူများသည့်အလျောက် အသုံးအနှုန်းများလည်း လျင်မြန်စွာ ပျံ့နှံ့လျက်ရှိသည်။ (ဥပမာ - ကိုကြီးကို - ကွီး၊ တစ်ယောက်ကို - တြောက်၊ ဘဝကို - ဘွ၊ ညီမလေးကို - ညေး၊ ခလေးကို - ခေး . . . .) စာရေးသူအနေဖြင့် ခေတ်ရေစီးကြောင်းကို မဆန့်ကျင်ပါ။ သူ့ခေတ်နှင့် သူဆန်းသစ်မှုများပေါ်လာမည်သာဖြစ်သည်။ ခေတ်ရေစီးကြောင်းဆိုသည်မှာ ဖီလာဆန့်ကျင်၍ ရကောင်းသည့်အရာမဟုတ်ပါ။ မိမိတို့၏ စာပေ၊ ယဉ်ကျေးမှုများ၏ ဘောင်ကိုကျော်လွန်ပြီး အစွန်းမရောက်စေရန် ထိန်းသိမ်းပေးရမည်မှာ စာရေးသူတို့ လူကြီးများ၏ တာဝန်သာဖြစ်သည်။

**မြန်မာစာအတွက်ရင်လေးဖွယ်**

မူရင်းမြန်မာစာလုံးပေါင်းသတ်ပုံအမှန်များကို အခြေခိုင်ခိုင်သိရှိထားမှသာ fb ဝေါဟာရများနှင့် ရောနှောမသွားဘဲသူ့နေရာနှင့် သူအကန့်လိုက်သုံးသွားနိုင်မည် ဖြစ်သည်။ ပင်ကိုက စာလုံးပေါင်းမမှန်သူများ fb ဝေါဟာရများကို အသုံးများလျှင် ယခုထက်ပိုမှားပြီး မြန်မာစာအတွက် ရင်လေးဖွယ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာလူမျိုးတိုင်းမိမိတို့၏ မိခင်ရင်း မြန်မာစာကို စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာရေးသားနိုင်၍ အလေးထားကြရန် အလွန်အရေးကြီးသည်။

**စေ့စေ့စပ်စပ်ဖတ်ရှုကြရန်အရေးကြီး**

စာနယ်ဇင်းများမှ အယ်ဒီတာများ၊ စာရေးဆရာများ၊ ကာတွန်းဆရာများနှင့် တက္ကသိုလ်ကောလိပ်များနှင့် ကျောင်းများမှ ဆရာ ဆရာမများက မြန်မာစာကို စာလုံးပေါင်းသတ်ပုံမှန်ကန်စွာရေးကြရန် အလွန်အရေးကြီးသကဲ့သို့ ရုံးများမှ တာဝန်ရှိသူများသည်လည်း မိမိတို့ ရုံးစာများတွင် စာလုံးပေါင်းသတ်ပုံ အမှားမပါစေရေးအတွက်စေ့စေ့စပ်စပ်ဖတ်ရှုကြရန် အရေးကြီးလှပါသည်။ သို့မှသာ လက်ရှိမှားနေကြသော မြန်မာစာလုံးပေါင်းသတ်ပုံအမှားများ အမှန်သို့ရောက်ရှိပြီး စာရေးသူတို့၏ **မျိုးဆက်သစ်များအား မှန်ကန်သော မြန်မာစာပေကို လက်ဆင့်ကမ်းပေးနိုင်မည် ဖြစ်သည်။** ။

## မူဆယ်မြို့၌ မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းပြီး ဓမ္မစကူးကျောင်းများသို့ အလှူငွေပေးအပ်

**မူဆယ်မြို့ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ် ပူးပေါင်းပြီး ဒီဇင်ဘာ ၁၆ ရက်က မူဆယ်မြို့ပေါ်ရှိ ဓမ္မစကူးကျောင်းများသို့ ဆရာဆရာမများအတွက် ဂုဏ်ပြုလက်ဆောင်များနှင့်အတူ ငွေကျပ်သိန်း ၃၀ ကိုပေးအပ်ခဲ့သည်။

**ပေးအပ်လှူဒါန်း**

ထို့ပြင်ကျေးဇူးတော် မိဘမဲ့ဂေဟာ နှစ်ခုသို့ ငွေကျပ် ငါးသိန်းစီကိုလည်းကောင်း၊ ကျန်းမာရေးပြည်သူ့ဆေးရုံသို့ လိုအပ်သည့်ဆေးဝါးနှင့် အသုံးအဆောင်များဝယ်ယူရန်အတွက် ငွေကျပ် ခြောက်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ခရိုင်တရားသူကြီး ဦးဟုတ်ရီတို့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**



## သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့မျက်စိကုသပေးမည်

**သီပေါ ဒီဇင်ဘာ ၂၀**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်လှူဒါန်းမှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိအရှင်သူမြတ်၏ ကြီးကြပ်မှုဖြင့်အကြိမ် (၄၀) မြောက်မျက်စိဝေဒနာရှင်များကို ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး ဝေဒနာရှင်များအနေဖြင့် စာရင်းပေးသွင်းနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရပ်ဝေးကျေးလက်ဒေသများမှ လာရောက်ကုသကြသော ဝေဒနာရှင်များကို ဆရာတော်အရှင်ပညာသီရိက အိမ်အရောက်ခရီးစရိတ်နှင့် ထမင်းဟင်းလျာများကို လှူဒါန်းလျက်ရှိရာ ကုသိုလ်ယူလှူဒါန်းလိုပါက သီတဂူစက္ခုဒါနဆေးရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

## ရှင်ဉပဂုတ္တ မထေရ်မြတ်ကြီး ရေဖောင်ချပူဇော်ပွဲကျင်းပ

**သုံးခွ ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့အမှတ် ၄ ရပ်ကွက် ထန်းပင်ရေကန်အတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသော ရှင်ဉပဂုတ္တမထေရ်မြတ်ကြီး (ပထမ)အကြိမ်ရေဖောင်ချလှည့် လည်အပူဇော်ခံပွဲကို ဒီဇင်ဘာ ၁၃ မှ ၁၅ ရက်အထိ ရိုးရှင်းသော ပရဟိတလူမှုကူညီရေး အသင်း၊ အမှတ် ၄ ရပ်ကွက် တန်းမြင့်ကွက်သစ်မိသားစုများ စုပေါင်းကျင်းပခဲ့ကြောင်း သိရသည်။ ရှင်ဉပဂုတ္တမထေရ် ရေဖောင်တော်အားညနေ ၆ နာရီတွင် ရေကန်အတွင်း လက်ယာရစ်သုံးပတ်လှည့်လည် အပူဇော်ခံပြီး ကန်ပေါင်ပတ်လည်၌ ဆီးမီးများ ထွန်းညှိပူဇော်ကြကာ ပွဲတော်လာသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော် သထုံတွင် စည်ကားစွာကျင်းပ

**သထုံ ဒီဇင်ဘာ ၂၀**
ကရင်သက္ကရာဇ် ၂၇၅၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင်တိုင်းရင်းသားတို့၏ နှစ်(၈၀)ပြည့် ရိုးရာနှစ်သစ်ကူးပွဲတော်ကို ကရင်လူမျိုးတို့၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ လူမျိုးနှင့် ဘာသာစကား စသည်တို့အား မေ့ပျောက်သွားခြင်းမရှိစေရန် ရည်ရွယ်၍ မွန်ပြည်နယ် သထုံမြို့နယ် ကျုံပါကျေးရွာ၌ ဒီဇင်ဘာ ၁၈ ရက်က စည်ကားစွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ကရင်တိုင်းရင်းသားများသည် ပင်ကိုအားဖြင့် ရိုးသားတည်ကြည်ခြင်း၊ သစ္စာရှိခြင်းနှင့် ရိုင်းပင်းကူညီတတ်သည့် စိတ်ဓာတ်ရှိသော လူမျိုးတစ်မျိုးအဖြစ် ထင်ရှားပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံသည့် လူမျိုးဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်သည် ပြည်သူ့အစိုးရ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ရှေးရှုဆောင်ရွက်နေခြင်းနှင့်အတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို ပြသကာ နိုင်ငံတော်ကြီး၏ အနာဂတ်ကို နှစ်သစ်တွင် အတူဖန်တီးတည်ဆောက်ကြပါရန် တိုက်တွန်းကြောင်းဖြင့် နှစ်သစ်ကူးသဝဏ်လွှာ ဖတ်ကြားရာ၌ ထည့်သွင်းပြောကြားသည်။



အခမ်းအနားကို ကရင်တိုင်းရင်းသားအလံတော်လွှင့်တင်ပွဲ ကျင်းပ၍ စတင်ဖွင့်လှစ်ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့က နှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားပေးကြကာ ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံကို ဒေသခံ တိုင်းရင်းသားများက ပိုးကရင်၊ စကောကရင်နှင့် မြန်မာဘာသာများဖြင့် ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကာ သထုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကိုယ်စားပြုယိမ်းအဖွဲ့များက ရိုးရာဒုံးယိမ်းအကများဖြင့် ညှိခံဖျော်ဖြေကြသည်။

သထုံမြို့နယ်တွင် ကရင်တိုင်းသား ၈၀၀၀၀ ဝန်းကျင်ခန့် နေထိုင်လျက်ရှိပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၆ အုပ်စုအနက် ရိုးရာနှစ်သစ်ကူးပွဲတော်ကို ကရင်တိုင်းရင်းသားအများစု နေထိုင်သည့် ကျေးရွာ ၃၇ ရွာတွင် ကျင်းပကာ ဒုံးယိမ်းပြိုင်ပွဲများ၊ ရိုးရာလက်ဝှေ့ပွဲများ၊ အားကစားနှင့် ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်ပွဲများ၊ ကရင်စာပေနှင့်ယဉ်ကျေးမှုပြခန်းများ စသည်တို့ဖြင့် စည်ကားစွာ နှစ်စဉ် အလှည့်ကျကျင်းပကြောင်း သထုံမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**

# ရေးချောင်းနှင့် မင်းလှချောင်းဆုံသို့ လာရောက်အပန်းဖြေသူများပြားလာ

**ရေး ဒီဇင်ဘာ ၂၀**
မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာရှိ ရေးချောင်းနှင့် မင်းလှချောင်းဆုံရာနေရာသို့ လာရောက်လည်ပတ်အပန်းဖြေကြသူများ ပိုမိုများပြားလာကာ အဆိုပါနေရာတွင် ပို၍ စည်ကားလာလျက်ရှိကြောင်း သိရသည်။

ချောင်းဆုံတည်ရှိရာ ကျောင်းရွာကျေးရွာသည် ရေးမြို့မှ ခုနစ်မိုင်ခန့်အကွာတွင်ရှိပြီး ကားလမ်းဖြင့်လာနိုင်ကြောင်း၊ ကျောင်းရွာကျေးရွာမှ ချောင်းဆုံနေရာသို့ လှေဖြင့် ထပ်သွားရကြောင်း၊ ထိုနေရာကို လူသိများလာသည်မှာ နှစ်နှစ်ခန့်သာ ရှိသေးကြောင်း၊ လက်ရှိအချိန်တွင် လာရောက်လည်ပတ်သူ များလာပြီး လာရောက်ကြသူများထဲတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးဘက်မှ လူများအပြင် ပြည်ပနိုင်ငံများမှ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများလည်း ပါဝင်ကြောင်း သိရသည်။



“ဒီနေရာက ဘုရားဖူးလို့ရတာရယ်၊ ချောင်းထဲလှေစီးပြီး သဘာဝရှုခင်း အလှအပကို ခံစားရင်းနဲ့ ရိုးရာစားစရာတွေနဲ့ အပန်းဖြေနိုင်တာရယ်ကြောင့် စိတ်ဝင်စားလို့ လာရောက်လည်ပတ်ခြင်းဖြစ်ပါတယ်”ဟု ချောင်းဆုံနေရာသို့လာရောက်သူတစ်ဦးဖြစ်သည့် ကိုသန့်ဇင်က ပြောသည်။

လာရောက်လည်ပတ်သူများ အနေဖြင့် ကျောင်းရွာမှ လှေငှား၍ ဘုရားရှိသည့် မင်းလှချောင်းဆုံနေရာသို့ သွားနိုင်ကြောင်း၊ လှေအဖွဲ့ဖွဲ့တွင် လှေအစီးရေ ၄၀ ခန့်ရှိကြောင်း၊ လှေဖြင့် ရေမိုင် နှစ်မိုင်ခန့်ကို ၁၅ မိနစ်ခန့်ကြာအောင် သွားရပြီး လှေခမှာ လူတစ်ဦးလျှင် ၁၀၀၀ ကျပ်ဖြစ်ကာ လှေတစ်စင်းတွင် လူ ၁၀ ဦးသာ တင်ဆောင်ခွင့်ပြုကြောင်း၊ ခရီးသည်များ အန္တရာယ်ကင်းရေးအတွက် လှေများတွင် အသက်ကယ်အင်္ကျီများ စီစဉ်ပေးထားကြောင်း ဒေသခံ လှေသမားတစ်ဦးထံမှ သိရသည်။

ယခုအချိန်တွင် ထိုနေရာသို့ လာရောက် လည်ပတ်သူ များပြားလာသဖြင့် ခရီးသွားများကို အမှီပြုပြီးဈေးရောင်းချခြင်း အပါအဝင် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုများလာကြောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် တစ်ရက်လျှင် လူ ၅၀၀ မှ ၁၀၀၀ ကြားအထိ လာလေ့ရှိသဖြင့် ထိုရက်များတွင် တစ်ရက်လျှင် ကျပ်သုံးသိန်းဖိုးခန့်အထိ ဈေးရောင်းရကြောင်း ဒေသခံ အစားအသောက်ရောင်းချသူတစ်ဦးက ပြောသည်။

**နေမျိုးထွဋ်(ရေး)**

# နွေစပါးရေပေးဝေရေးအတွက် တူးမြောင်းများကို စက်ယန္တရားများဖြင့် အဆင့်မြှင့်တင်

**ရေတာရှည် ဒီဇင်ဘာ ၂၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း နွေစပါးများစိုက်ပျိုးနိုင်ရန်အတွက် ဆွာချောင်းရေလှောင်တမံမှ ဇန်နဝါရီ ၁ ရက်တွင် ရေစတင်ပေးဝေသွားမည်ဖြစ်ရာ ရေပေးဝေမှု အဆင်ပြေချောမွေ့စေရန် မြောင်းမကြီးများနှင့် လက်တံမြောင်းများကို



စက်ယန္တရားများဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရေပေးဝေရေးအတွက် DY-7 ပင်မရေလွှတ်မြောင်းမကြီး(ရေပေးဝေနိုင်သည့် ဧကပေါင်း ၄၅၄၂ ဧက)၊ DY-6 (၉၃၀ ဧက)၊ DY-5 (၅၂၀ ဧက)နှင့် DY-2 (၁၀၅၆၀ ဧက)တို့ကို ဘက်ဟိုးယာဉ် ခုနစ်စီးဖြင့် အဆင့်မြှင့်တင်နေခြင်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှုများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း-၂ တောင်ငူမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဝင်းနှင့်တာဝန်ရှိသူများက ဒီဇင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ နွေစပါးရေပေးချိန်အမီ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနိုင်ရန် စက်များ၏ကြံ့ခိုင်မှု၊ လုပ်ငန်းခွင်ပြီးစီးမှုနှင့် စက်ယန္တရားအင်အား လိုအပ်မှုရှိမရှိတို့ကို ကွင်းဆင်း စစ်ဆေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆွာချောင်းဆည်ရေသောက် နွေစပါးစိုက်ပျိုးဧကပေါင်း နှစ်သောင်းကျော်ရှိသည့်အနက် နေပြည်တော် ပေါင်းလောင်းရှိ သစ်ဆိမ့်ပင် ရေလွှဲဆည်မှတစ်ဆင့် စစ်တောင်းမြစ် ဝဲယာတူးမြောင်းများမှ ရေပေးဝေမှုဖြင့် ရဲကုန်း၊ ဇေယျာသိမ်၊ ဘုရားကုန်း၊ ရေနီ၊ မြို့လှနှင့် ကက္ကူ ကျေးရွာအုပ်စုများတွင် ဧက ၁၈၀၀ ခန့် တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်ကြီး၏ တပို့တွဲလ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ၉ ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းနှင့် ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ၊ မြန်မာ့ရိုးရာထမနဲထိုးပွဲ၊ ခြင်းအလှခတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ အောင်လံလုပွဲနှင့် မြန်မာ-ထိုင်း လက်ဝှေ့စိန်ခေါ်ပွဲ၊ ဇာတ်သဘင်နှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် စေတီတော်မြတ် ဂေါပကအဖွဲ့က ဆပ်ကော်မတီများဖွဲ့စည်းကာ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် မြန်မာပြည်အနှံ့မှ ဒေသထွက်ကုန်များရောင်းချသည့် ဈေးဆိုင်ခန်းများ လာရောက်ရောင်းချကြရာ အောက်မြန်မာပြည်၏ အစည်ကားဆုံးပွဲတော်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ယခုနှစ်တွင် စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်လည်း ဂေါပကအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကအဖွဲ့ ဖုန်း-၀၉၇၉၉၄၅၈၀၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## သတင်းတိုများ

### အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ အောင်မြင်စွာကျင်းပပြီးစီး

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး ကျင်းပသော အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ အဘိဓမ္မာ(ရိုးရိုး)နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများကို ကချင်ပြည်နယ် ဗန်းမော်မြို့ သာစည်ရပ်ကွက်ရှိ ဇေယျမင်္ဂလာ သာသနာ့ဗိမာန်၌ ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပခဲ့ပြီး အောင်မြင်စွာ ကျင်းပပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဘိဓမ္မာ(ရိုးရိုး) စာမေးပွဲတွင် ဖြေဆိုသူ ၆၈ ဦး၊ ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် ဖြေဆိုသူ ၁၀ ဦးနှင့် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲတွင် ဖြေဆိုသူ ကိုးဦး စုစုပေါင်း ၈၇ ဦးရှိခဲ့ကြောင်း ဗန်းမော်ခရိုင် သာသနာရေးဦးစီးမှူးရုံးမှ သိရသည်။

**ဆီမီးခုံ-နန်းရီ**

### စက်သုံးဆီအရောင်းဆိုင်ကြီးများကို ကွင်းဆင်းစစ်ဆေး

မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင် (ပန့်ဆိုင်ကြီး)များကို ငဖဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိနှင့် တာဝန်ရှိသူများပါဝင်သည့်အဖွဲ့က ဒီဇင်ဘာ ၁၆ ရက်က လိုက်လံကွင်းဆင်းစစ်ဆေးခဲ့သည်။ ကွင်းဆင်းစစ်ဆေးရာတွင် စက်သုံးဆီအရောင်းဆိုင်ကြီးများ၏ မြေပိုင်ဆိုင်မှု အထောက်အထားများ၊ ဖွင့်လှစ်သည့်နေရာ၊ လိုင်စင်အမှတ်၊ လိုင်စင်အမျိုးအစား၊ သိုလှောင်ခွင့်၊ ရောင်းချခွင့် အထောက်အထား စသည်တို့ကို စစ်ဆေးခဲ့ပြီး အထောက်အထားပြည့်စုံမှုမရှိသည့် စက်သုံးဆီအရောင်းဆိုင်များကို အထောက်အထား ပြည့်စုံစွာ ဆောင်ရွက်ပြီးမှသာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

### ရွှေညာမြေပရဟိတအသင်း ဖွင့်ပွဲကျင်းပ

နွားထိုးကြီးမြို့ ရွှေညာမြေ ပရဟိတအသင်း ဖွင့်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကို အမှတ်-၂ ရပ် လေးထပ်ရွှေကျောင်းတိုက်၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပပြီး ရွှေညာမြေ ပရဟိတအသင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် အသင်းဥက္ကဋ္ဌ ဦးဝင်းမာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုစကားပြောကြားပြီး အလှူရှင် ၁၀ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ရွှေညာမြေ ပရဟိတအသင်းတွင် အသင်းဝင်ဦးရေ ၃၀၀ ကျော်ရှိပြီး လူနာတင်ယာဉ်နှစ်စီးဖြင့် တစ်နှစ်အတွင်း လူနာ ၂၀၀ ကျော်အား ဆေးရုံများသို့ ပို့ဆောင်ကူညီထားပြီးဖြစ်ကြောင်း သိရသည်။

**ဋ္ဌေးမြင့်မောင်**



# ပြည်တွင်း၊ ပြည်ပ ခရီးသွားလာသူများ စိတ်ဝင်စားလာသော ကဗျာဝကမ်းခြေ

**ရေး ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ကဗျာဝကမ်းခြေသို့ ပြည်တွင်းပြည်ပမှ ခရီးသွားများလာရောက်လည်ပတ်လျက်ရှိကြသည်။ ယခင်နှစ်ကထက် ယခုနှစ်လာရောက်သူများ နည်းပါးလာသောကြောင့် ပင်လယ်စာရောင်းချနေသူများ ရောင်းအားကျဆင်းလျက်ရှိကြောင်း သိရသည်။

"အရင်ကဆိုလာရောက်သူတွေက တစ်နေ့ကို ပျမ်းမျှ ၄၀၀ ခန့် လာရောက်အပန်းဖြေနေသူတွေ ရှိနေပေမယ့် အခုက ၁၀၀ ဝန်းကျင်လောက်သာ လာပါတယ်၊ ကမ်းခြေသာယာလှပရေးအတွက် ထိန်းသိမ်းမှုအားနည်းတာရယ်၊ ဘန်ဂလို၊ ဟိုတယ်တွေမရှိတာကြောင့် ညအိပ်အနားယူလိုသူတွေအတွက် အခက်ခဲတွေကြောင့်လည်း ခရီးသွားများစိတ်ပါဝင်စားမှု ကျဆင်းရခြင်းဖြစ်ပါတယ်" ဟု ဒေသခံများက ပြောသည်။

အားလပ်ရက်ဖြစ်သော ကျောင်း၊ ရုံးပိတ်ရက်များမှာ အပန်းဖြေသူများ ၁၀၀၀ ခန့်ရှိ၍ ပင်လယ်စာရောင်းအားကောင်းကြောင်း၊ ပြီးခဲ့သည့်နှစ်ထက် ရောင်းအားမကောင်းသော်လည်း ရောင်းအားကောင်းသည့်နေ့တွင် တစ်နေ့လျှင် ငွေကျပ်သုံးသိန်းဝန်းကျင်ရောင်းရကြောင်းနှင့် လူနည်းသည့်နေ့ဆိုလျှင် ငွေကျပ်တစ်သိန်းလောက်သာ ရောင်းရကြောင်း သိရသည်။

အဆိုပါ ကဗျာဝကမ်းခြေကို ပြည်တွင်းအပြင် ပြည်ပက ခရီးသွားလာသူများပါ စိတ်ဝင်စားလာသောအပန်းဖြေနေရာတစ်ခုဖြစ်လာပြီး ရေးမြို့မှ ကဗျာဝကမ်းခြေသို့ ကားလမ်းခရီးဖြင့် မိုင် ၂၀ ခန့်ရှိကာ ဇီးဖြူသောင်ပင်လယ်ဝကမ်းခြေမှ ရေမိုင်သုံးမိုင်ခန့်ရှိ၍ ရေလမ်းနှင့်ကားလမ်းနှစ်မျိုးစလုံးမှ သွားလာနိုင်ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

# ရခိုင်ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များအား ငွေကြေးထောက်ပံ့ရေးဆွေးနွေး

**အမ်း ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ်အတွင်းလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေးအကောင်အထည်ဖော်ရေး ဆွေးနွေးရှင်းလင်းခြင်းကို အမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၁၇ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်နယ်လူမှုဝန်ထမ်းရုံးပြည်နယ်မှူး ဦးသက်လှိုင်ထွန်းက လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာလုပ်ငန်းစဉ်ရှစ်ရပ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များ၏ အရေးကြီးဆုံးကာလဖြစ်သော ရက် ၁၀၀၀ အတွင်း အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးအသိပညာများ၊ အလေ့အထကောင်းများရရှိစေရန်၊ လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်မှု၏ မိသားစုစီမံကိန်းများရေးဆွဲနိုင်စေရန်၊ ကျန်းမာသန်စွမ်း ဉာဏ်ရည်ပြည့်ဝသောလူသားအရင်းအမြစ်များ အနာဂတ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ကာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြန်ဆက်ဦးစီးမှူးတို့က သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပြီး မြို့နယ်အတွင်းဧပြီလမှ ကိုယ်ဝန်ဆောင်မိခင်စာရင်းကောက်ခံချက်၏ ၁၅၃၁ ဦးအား ငွေကြေးထောက်ပံ့ရေးအစီအစဉ်များ ဆောင်ရွက်ပေးသွားမှာဖြစ်ကာ ယင်းအစီအစဉ်အတိုင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဖျာပုံအကျဉ်းထောင်အားစစ်ဆေး



**ဖျာပုံ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းသည် တိုင်းဒေသကြီးတရားလွှတ်တော်ချုပ်ရုံးမှ ရုံးအဖွဲ့မှူး ဦးဇေယျာတင့်ညို၊ ဖျာပုံခရိုင်တရားသူကြီး ဒေါ်ခင်လင်း၊ မြို့နယ်တရားသူကြီး ဦးမြတ်ခိုင်တို့နှင့်အတူ ဒီဇင်ဘာလ ၁၅ ရက်က ဖျာပုံအကျဉ်းထောင်အားစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေသူ၊ အချုပ်ကျနေသူများနေထိုင်သည့် အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများကိုလည်း နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့်ရမရ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ ရှိ မရှိ၊ အစားအသောက်အာဟာရ စားသုံးရခြင်းအခြေအနေ၊ အမှုများကြန့်ကြာမှုမရှိစေရေး၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရ မရကိစ္စများနှင့်ပတ်သက်၍ မေးမြန်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်သည် ခရိုင်နှင့်မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ မှုခင်းလက်ကျန်များကျဆင်းရေး၊ တရားစီရင်ရေးလုပ်ငန်းများ၊ ရုံးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဆောင်းရာသီ ဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အားကစားနှင့်ကာယပညာ ကော်မတီဖလား ဆောင်းရာသီဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၁၆ ရက်က ခရိုင်အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲနှင့်ဆုပေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ဦးအောင်မျိုးဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးထက်မြက်အောင်နှင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှတာဝန်ရှိသူများ၊အားကစားဝါသနာရှင်များ တက်ရောက်ပညာရေးအသင်းနှင့် စမ်းသီတာအသင်းတို့ ယှဉ်ပြိုင်ကစားမှုကိုကြည့်ရှုအားပေးခဲ့ကြသည်။ ပထမဆုရပညာရေးအသင်း၊ ဒုတိယဆုရ စမ်းသီတာအသင်း၊ တတိယဆုရထွေအုပ်မောင်အသင်းနှင့် တစ်ဦးချင်းနေရာအလိုက် အကောင်းဆုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**လှိုင်သန်းတင့်**

# သာယာမွန်ကျေးရွာ ရေရရှိရေးအတွက် ရေပိုက်လုံး ၇၁၈ လုံးနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့

**ကလိန်အောင် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့ သစ်တောဦးစီးဌာန တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ သာယာမွန်ကျေးရွာ ဒေသခံပြည်သူများ ရေရရှိရေးအတွက် ရေပိုက်လုံး ၇၁၈ လုံးနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၅ ရက်က ယင်းကျေးရွာဘောလုံးကွင်း၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပေးအပ်ပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ ဥယျာဉ်အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးချစ်လှိုင်ဝင်းက စီမံကိန်းခွင့်ပြုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ပြီး ရေရရှိရေးလုပ်ဆောင်ပြီးပါက ရေရှည်အသုံးပြုနိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများအနေအဖြင့် ပူးပေါင်းထိန်းသိမ်းစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သာယာမွန်ကျေးရွာမှ ရာအိမ်မှူး ဦးအောင်ကြိုင်က လက်ရှိကျေးရွာ ရေရရှိသုံးစွဲမှုအခြေအနေအား ပြောကြားပြီး ဦးချစ်လှိုင်ဝင်းက ကျေးရွာတာဝန်ခံအား ရေပိုက်လုံး ၆ လက်မ၊ ၄ လက်မ၊ ၃ လက်မ၊ ၂လက်မ၊ ၁ လက်မခွဲနှင့်ဆက်စပ်ပစ္စည်းများ စုစု ပေါင်းတန်ဖိုးငွေကျပ် ၆၇ သိန်းပေးအပ်ခဲ့သည်။



အဆိုပါ ပေးအပ်ပွဲသို့ သစ်တောဦးစီးဌာန တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ ဥယျာဉ်အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) နှင့်အဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအေးထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကလိန်အောင်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံပေးမှု ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် ၈ ရပ်ကွက်တွင် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ အနာဂတ်အတွက် ကလေးငယ်များကို ကျန်းမာရေးစောင့်မှုအဖြစ် ရပ်ရွာပြည်သူလူထုအခြေပြု အသက်ကိုးလမှ ငါးနှစ်အထိနှင့် ၁၅ နှစ်အောက် ကျန်ရှိနေသော ကလေးများအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနက ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းထိုးနှံပြီးကြောင်း သိရသည်။



အမှတ် ၈ ရပ်ကွက်ရှိ ပန်းခြံ ၃၅ ခုတွင် ကာကွယ်ဆေးထိုးရာ၌ စုရပ်ခုနစ်ခုခွဲကာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးဆောင်ကြီးကြပ်ကာ သူနာပြုဆရာမကြီး ဒေါ်ခင်ဘုန်းတင့်ရပ်ကွက်အပိုင် ဆရာမဒေါ်မိုင်နုခင်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့်အဖွဲ့ဝင်များက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အမှတ် ၈ ရပ်ကွက်၌ အသက်ကိုးလမှ ငါးနှစ်အထိ ပြည်သူအခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံရန်စာရင်းရှိ ၁၇၀၃ ဦးရှိသည့်အနက် ဒီဇင်ဘာ ၁၈ ရက်အထိ လာရောက်ထိုးနှံသူ ၁၅၀၂ ဦးရှိရာ ၈၀ ရာခိုင်နှုန်းကျော် ထိုးပြီးဖြစ်၍ ကျန်ရှိကလေးများ ဆက်လက်ဆောင်ရွက်နေပြီး ရွှေပြည်သာတစ်မြို့နယ်လုံးတွင် နိုဝင်ဘာလကျောင်းအခြေပြုကာကွယ်ဆေးထိုးခြင်းနှင့် ဒီဇင်ဘာလ ရပ်ရွာပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးခြင်းတို့ နှစ်ရပ်ပေါင်း ဦးရေ ၉၀၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကရင်နှစ်သစ်ကူးပွဲတော် အခမ်းအနား စည်ကားစွာကျင်းပ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကရင်တိုင်းရင်းသားများ၏ ကရင်နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁၈ ရက်က မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာအုပ်စု ဖူထီရွာမ မူလတန်းလွန်ကျောင်းရှေ့ကွင်းပြင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက အမှာစကားပြောကြားပြီး ကရင်နှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံကို နန်းသူဇာလင်းက ဖတ်ကြားပြီး ကရင်နှစ်သစ်ကူးမင်္ဂလာသီချင်းကို ကရင်တိုင်းရင်းသူတိုင်းရင်းသားများက စုပေါင်းသီဆိုကြပြီး ကရင်ဒုံးယိမ်းအကများဖြင့် စုပေါင်းဝိုင်းဖွဲ့ကခုန်ကြသည်။ ထို့နောက်အားကစားပြိုင်ပွဲများတွင် အားကစားမျိုးစုံ ၂၅ မျိုးအား ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကစားကြပြီး ဆုရရှိသူများအား ဂုဏ်ပြုဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ဒသမအကြိမ်မြောက် အာခါရိုးရာ ခါးထောင်းဖားစုပေါင်းနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၂၀**

အာခါတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ(ဗဟို)က စီစဉ်ဆောင်ရွက်မှုဖြင့်ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ရှမ်းရိုးမကွင်း၌ ဒသမအကြိမ်မြောက် အာခါတိုင်းရင်းသားများ ရိုးရာခါးထောင်းဖားစုပေါင်းနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က အာခါတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အညီ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် အာခါရိုးရာခါးထောင်းဖားပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးချစ်ဌွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းမှူးက ဒသမအကြိမ်မြောက် အာခါရိုးရာခါးထောင်းဖား နှစ်သစ်အမှာစကား ပြောကြားသည်။

ထို့နောက် အာခါတိုင်းရင်းသားရိုးရာထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ဦးမင်းညိုက ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စုပေါင်းနှစ်သစ်ကူးပွဲတော် အလှူငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ စုပေါင်းနှစ်သစ်ကူးပွဲတော် နှုတ်ခွန်းဆက်တေးသီချင်းနှင့် အာခါတိုင်းရင်းသားများ၏ ရှေးရိုးရာမြေဝိုင်းအကနှင့် ခေတ်ပေါ်တိုင်းရင်းသားအကပဒေသာများဖြင့် ဖျော်ဖြေခြင်း၊ အာခါ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုပြခန်းများ လိုက်လံပြသခြင်း၊ အာခါတိုင်းရင်းသားများ၏ ရိုးရာဟင်းလျာများဖြင့် တည်ခင်းဧည့်ခံခြင်းဖြင့် စည်ကားသိုက် မြိုက်စွာ ကျင်းပခဲ့သည်။

“အာခါတိုင်းရင်းသားတွေရဲ့ ဘိုးဘေးစဉ်ဆက် ကိုးကွယ်လာခဲ့တဲ့ အာခါဇန်းဆိုတဲ့ ဘာသာတရားကို အခြေခံပါတယ်၊ အဲဒီဘာသာရေးကနေတစ်ဆင့် တစ်နှစ်တာအတွင်း ကျင်းပတဲ့ ပွဲတော်တွေ ရှိပါတယ်၊ နှစ်တစ်နှစ်ရဲ့စားနပ်ရိက္ခာသီးနှံတွေ၊ ကောက်ပဲသီးနှံတွေ ရိတ်သိမ်းပြီးစီးတဲ့ အထိမ်းအမှတ်အနေနဲ့ နှစ်သစ်ကြိုဆိုတဲ့ ခါးထောင်းဖားနှစ်သစ်ကူးပွဲတော်၊ ရွာတိုင်းက လူနဲ့သရဲတစ္ဆေနေရာကို ခွဲခြားသတ်မှတ်တဲ့ သရဲတစ္ဆေနတ်ဆိုးမောင်းထုတ်ပွဲတော်၊ ကောက်သစ်စားပွဲတော်၊ အဲဒီထဲမှာ ခါးထောင်းဖားပွဲတော်ဟာ အင်မတန်မှ မြင့်မြတ်တဲ့ပွဲတော် တစ်ရပ်ဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုလိုပါပဲ၊ မိမိတို့တစ်နှစ်တာစုဆောင်းထားတဲ့ ကောက်ပဲသီးနှံတွေကို မိမိအိမ်မှာရှိတဲ့ စပါးကျည်အတွင်းသို့ လုံလုံခြုံခြုံရောက်ရှိတဲ့ ကာလတွေမှာ ခါးထောင်းဖားပွဲတော်ကို ကျင်းပလေ့ရှိပါတယ်”ဟု အာခါယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးမင်းညိုက ပြောသည်။




**မြင့်မိုရ်(တာချီလိတ်)**

# နွေစပါးစိုက်ပျိုးနိုင်ရန် သုံးဆယ်ရေလှောင်တမံမှ သာယာဝတီမြို့နယ်အတွင်းသို့ ဆည်ရေစတင်ပေးဝေ

**သာယာဝတီ ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်မှ စပါးစိုက်တောင်သူများ ဆည်ရေသောက်စနစ်ဖြင့် နွေစပါးအချိန်မီစိုက်ပျိုးနိုင်ရန် သုံးဆယ်ရေလှောင်တမံမှဆည်ရေကို ဒီဇင်ဘာ ၁၅ ရက်က စတင်ပေးဝေနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။

“နွေစပါးစိုက်ဖို့ ဆည်ရေပေးရမယ့်ရက်ကို မြို့နယ်စိုက်ညှိအဖွဲ့၊ တောင်သူတွေနဲ့ ညှိနှိုင်းပြီးသတ်မှတ်ထားပါတယ်၊ တောင်သူတွေ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်အောင် နိုဝင်ဘာလဆန်းကစပြီး ဒီဇင်ဘာ ၁၅ ရက်မှာ ဆည်ရေလွှတ်မယ်ဆိုတာကို တူးမြောင်းနဲ့လမ်းဆုံတဲ့နေရာတွေမှာ ဆိုင်းဘုတ်တွေနဲ့ ကြေညာထားတယ်၊ တစ်လတစ်ခါကျင်းပတဲ့ တောင်သူပညာပေးစခန်းမှာ တောင်သူနဲ့ သက်ဆိုင်ရာဌာနတွေ တွေ့ဆုံတဲ့ဆွေးနွေးပွဲတွေ၊ ကျေးရွာတွေမှာကျင်းပတဲ့ ညှိနှိုင်းအစည်းအဝေးတွေမှာလည်း ဘယ်နေ့ရေပေးမယ်ဆိုတာ ပြောထားပါတယ်” ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိဦးသီဟအောင်က ပြောသည်။

သုံးဆယ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေကို ၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်ပေးဝေခဲ့ပြီး နွေစပါးစိုက်ရန် ရေစတင်ပေးဝေရမည့်ရက်ကို နှစ်စဉ်ဒီဇင်ဘာ ၁၅ ရက်သတ်မှတ်ထားကာ နောက်ဆုံးဆည်ရေပေးဝေသည့်ရက်ကို မေလ ၁၅ ရက်နေ့ သတ်မှတ်ထားကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

သာယာဝတီမြို့နယ် ဖားရွှေကျော်အုပ်စု ရွှေညောင်ပင်ကျေးရွာမှ တောင်သူဦးမြင့်ဦးက “ဒီဒေသက တောင်သူတွေအနေနဲ့ နွေစပါးစိုက်ဖို့အတွက် သုံးဆယ်ရေလှောင်တမံက ပို့လွှတ်တဲ့ ဆည်ရေကိုပဲ အဓိကအားထားနေရတယ်၊ စပါးကတော့ဒီဒေသမှာ တစ်ဧကအနည်းဆုံးတင်း ၉၀ ကျော် လောက်ထွက်တယ်”ဟု ပြောသည်။ ယခင်က သာယာဝတီမြို့နယ်တွင် ဆည်ရေသောက်စနစ်မရှိခြင်းကြောင့် နွေစပါးစိုက်ပျိုးရန် အခက်အခဲများရှိခဲ့ကြောင်း၊ သုံးဆယ်ရေလှောင်တမံ တည်ဆောက်ပြီးနောက်ပိုင်း ဆည်ရေသောက်စနစ်ဖြင့် နွေစပါးကို အဓိကအားထားစိုက်ပျိုးလာကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။

“မနှစ်ကတော့ သာယာဝတီမြို့နယ်မှာရှိတဲ့ နွေစပါးစိုက်ဧက ၁၉၆၁၂ ဧကကို ဆည်ရေပေးဝေခဲ့ရပါတယ်၊ ဒီနှစ်မှာတော့ နွေစပါးစိုက်တဲ့ တောင်သူများလာတဲ့အတွက် ဧကနှစ်သောင်းကျော်အထိ ရေပေးဝေရမယ်လို့ ခန့်မှန်းထားပါတယ်”ဟု ဦးစီးအရာရှိက ပြောသည်။



**မင်းသစ်**

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားများကျင်းပ



**မူဆယ်**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်၌ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားနှင့် အလံတင်အခမ်းအနားကို မူဆယ်မြို့ မိုးလုံလေလုံအားကစားရုံ၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်ကအမှာစကားပြောကြားပြီး ကရင်နှစ်သစ်ကူး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ ပေးပို့သောကရင်နှစ်သစ်ကူးနေ့ သဝဏ်လွှာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်က လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်ကလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်မှ ပေးပို့သောသဝဏ်လွှာကို နှစ်သစ်ကူးကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မန်းဖုန်းမြင့်ကလည်းကောင်း၊ ကရင်ယဉ်ကျေးမှုဗဟိုကော်မတီမှပေးပို့သော သဝဏ်လွှာကိုနှစ်သစ်ကူးကျင်းပရေးကော်မတီအတွင်းရေးမှူး မန်းအောင်သာဦးကလည်းကောင်းဖတ်ကြားခဲ့ကြသည်။

ထို့နောက်ကရင်လူငယ်မောင်မယ်များက ကရင်ရိုးရာဒုံးအကဖြင့်ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **ညဏ်မင်း(နမ့်ခမ်း)**

**ကလိန်အောင်**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ ဇင်းဘာကျေးရွာတွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် အလံလွှင့်တင်ခြင်း အခမ်းအနား ကို ဒီဇင်ဘာ ၁၈ ရက်က ယင်းကျေးရွာဘောလုံးကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် သဘာပတိ ဦးတင့်မြင်က အမှာစကားပြောကြားပြီး ကေအင်န်ယူကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ပေးပို့သော သဝဏ်လွှာကို ဇင်းဘာကျေးရွာရှိ နော်ဂျူလိုင်မိုးက ဗမာဘာသာနှင့် နော်ဂျူးဂျူးက ကရင်ဘာသာဖြင့် ဖတ်ကြားသည်။

ဆက်လက်၍ ဇင်းဘာကျေးရွာ လူငယ်များအဖွဲ့က ကရင်နှစ်သစ်ကူးသီချင်းနှင့် အလံတော်၏သီချင်းကို ဖျော်ဖြေတင်ဆက်ကြပြီး ကရင်အမျိုးသားအလံတော်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နော်ဟေတာမူးက ပြောကြားသည်။ ယင်းနောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို အားကစားပြိုင်ပွဲများဖြင့် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ကလိန်အောင်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပဆေးရုံကြီးဝင်း၌ ခြောက်ထပ်ဆေးရုံသစ် ပန္နက်တင်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် မေဝါဝီ လမ်းမကြီးပေါ်ရှိ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ဒီဇင်ဘာ ၁၈ ရက်က ခြောက်ထပ်ဆေးရုံသစ် ထပ်မံတည်ဆောက်ရန် မြေသန့်မင်္ဂလာနှင့် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးသာထွန်းကျော်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကြည်စိုးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်များတင်ပေးခဲ့ကြသည်။ ယင်းဆေးရုံသစ်ကို Pyi MAHAR Co.,Ltd က တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်းနှင့် ဆေးရုံသစ်မှာ အကျယ်အဝန်းအားဖြင့် အလျား ၁၅၈ ပေ၊ အနံပေ ၁၀၀ ရှိမည်ဖြစ်ပြီး RC ခြောက်ထပ်ဆောင် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။



**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ကျောင်းပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အခြေခံပညာအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၈ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံ လေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမမွန်ပြည်နယ်၊ ဒုတိယ စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းအသင်းတို့က လည်းကောင်း၊ အမျိုးသား ပြိုင်ပွဲတွင် ပထမ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဒုတိယ ကရင်ပြည်နယ်၊ ပူးတွဲတတိယရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အသင်းတို့က လည်းကောင်း၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားများကို အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

MINISTRY OF TRANSPORT AND COMMUNICATIONS
MYANMA RAILWAYS
INVITATION TO OPEN TENDER

Opened Tender is invited by Myanma Railways, Ministry of Transport and Communications, the Republic of the Union of Myanmar from reputed manufacturers or their bona fide agents from the Republic of India for the supply and delivery of the following:-

| Sr No | Tender No | Description | Tender Issuing Date | Tender Closing Date and Time | Tender Document Fee(per set) |
|---|---|---|---|---|---|
| 1 | 16/MR/INDIA (E)2017-2018 | (1) Track Recording Car EM 80 (1)No<br>Recommended 10% Spare Parts for No.1 (1)Lot<br>(2) Small Track Maintenance Machineries<br>- Rail Drill Machine (70)Nos<br>- Rail Cutting Machine (70)Nos<br>- Hand Tie Tamper(4 Tamping tools and 2.3 KVA Generator) (60)Sets<br>Recommended 10% Spare Parts for No.2 (1)Lot | 20.12.2017 | 20.2.2018 (14:30)Hr | US$ 100 |

Tender Documents are Only available at the Office of the Deputy General Manager (Supply), Supply Department, Myanma Railways, Corner of 51st Street and Merchant Street, Botahtaung Township, Yangon, the Republic of the Union of Myanmar during office hours on payment of non refundable fee as stated above. Further enquiries about tender can be made to Deputy General Manager(Supply), Supply Department, Myanma Railways by fax to (Fax No. 95-1-291994, 95-67-77016) or by phone to (95-1-291991, 95-1-291985) during office hours.

Bids are to reach th office of the Deputy General Manager (Supply), Supply Department, Myanma Railways, Corner of 51st Street and Merchant Street, Botahtaung Township, Yangon, Myanmar on or before the Closing Date and Time.

All Bid not accompanied by earnest money (Bid Bond) will not (not) be considered. No Telegraphic/Telex/Fax/email proposal will be considered or accepted.

Myanma Railways reserves the right to reject any or all tenders without furnishing reasons. Tender will be accepted only from Bidder who has purchased Tender Documents officially.

The above Goods are to be purchased by the proceeds of the loan from the Government of the Republic of India

Managing Director, Myanma Railways
Ministry of Transport and Communications, Nay Pyi Taw, Myanmar


ဆရာအာသာ ၏ သင်ကြားမှု(၂၆)နှစ်ပြည့် အထူးအစီအစဉ်
SUCCESS Language Academy
ကျောင်းသားသစ် (15% Discount) နှင့်
ကျောင်းသားဟောင်း (ပုံမှန် Discount + 15%)
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
392048,202046,256954

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 19 Dec
1 - 4:00 (Sat + Sun) 6 Jan

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 26 Dec
1 - 4:00 (Sat + Sun) 30 Dec
9 - 12:00 (Sat + Sun) 6 Jan
10-11:30 (Mon~Thurs) 8 Jan
6 - 7:30 (Mon~Thurs) 8 Jan

BASIC GRAMMAR
1 - 2:30 (Mon ~ Thurs) 19 Dec
1 - 4:00 (Sat + Sun) 23 Dec

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 4:00 (Sat + Sun) 16 Dec
3:30 - 5 (Mon~Thurs) 19 Dec
7:30 - 9 (Mon~Thurs) 26 Dec
9 - 12:00 (Sat + Sun) 30 Dec

INTERMEDIATE (ACADEMIC ENGLISH)
9:30-12:30 (Sat + Sun) 6 Jan
7:30 - 9 (Mon~Thurs) 8 Jan

BASIC WRITING
9 - 12:00 (Sat + Sun) 6 Jan
3:30 - 5 (Mon~Thurs) 22 Jan

VOCAB ENRICHMENT
3:30 - 5 (Mon~Thurs) 19 Dec
9 - 12:00 (Sat + Sun) 13 Jan

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
09 443001453, 01-503472, 09 30775232

BASIC ENGLISH SPEAKING
7:30-10:30 (Sat + Sun) 30 Dec
1 - 2:30 (Mon~Thurs) 8 Jan
3:30 - 5 (Mon~Thurs) 8 Jan
6 - 7:30 (Mon~Thurs) 8 Jan

BASIC GRAMMAR
7:30-10:30 (Sat + Sun) 30 Dec
1 - 4:00 (Sat + Sun) 14 Jan
1 - 2:30 (Mon~Thurs) 29 Jan

IELTS (Preparation)
1 - 4:30 (Sat + Sun) 6 Jan
1 - 3:30 (Mon~Thurs) 29 Jan

IELTS (Reading + Vocab)
1 - 3:00 (Mon~Thurs) 26 Dec

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 8 Jan
3:30 - 5 (Mon~Thurs) 8 Jan
7:30 - 9 (Mon~Thurs) 15 Jan
10-11:30 (Mon~Thurs) 15 Jan

VOCAB ENRICHMENT
1 - 2:30 (Mon~Thurs) 8 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 26 Dec
7:30 - 9 (Mon~Thurs) 8 Jan
3:30 - 5 (Mon~Thurs) 8 Jan

INTERMEDIATE (ACADEMIC ENGLISH)
8:30-11:30 (Sat + Sun) 27 Jan
7:30 - 9 (Mon~Thurs) 29 Jan


# အမြန်ဆက်သွယ်၍ အမြန်ပြန်လာပါ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ လမ်း ၃၀×၇၄ လမ်းထောင့်၊ အမှတ်(၄၅)နေ ဦးကျော်စိုးဝင်း (ဘ) ဦးကျော်ညွန့် ၉/မရမ(နိုင်)၀၇၁၄၀၀ သည် ၉-၁၁-၂၀၁၇ရက်တွင် မန္တလေးမှ ရန်ကုန်သို့ ခရီးသွားမည်ဟုပြော၍ အိမ်မှထွက်ခွာသွားခဲ့ပါသည်။ ထိုအချိန်မှစ၍ ယနေ့အချိန်ထိ အတူနေ ညီဖြစ်သူ ဦးကျော်မျိုးဝင်း(ခ)မျိုးကျော် (ဘ) ဦးကျော်ညွန့်အား အစ်ကိုဖြစ်သူမှ လုံးဝဆက်သွယ်ခဲ့ခြင်းမရှိတော့ပါ။ ညီဖြစ်သူမှ စုံစမ်းရှာဖွေသော်လည်း ယနေ့အထိ အစ်ကိုဖြစ်သူအား ဆက်သွယ်၍ မရခဲ့ပါ။ ဦးကျော်စိုးဝင်းမှာ ကျန်းမာရေးချို့တဲ့နေသူဖြစ်၍ ညီဖြစ်သူမှ စိတ်ပူပန်နေပါသည်။ အမြန်ဆက်သွယ်၍ ရောက်ရာအရပ်မှ အမြန်ပြန်လာစေလိုပါသည်။ ဦးကျော်စိုးဝင်းအား အတင်းအဓမ္မခြိမ်းခြောက်၊ သွေးဆောင်၊ ဖြားယောင်းထားခဲ့ပါလျှင် တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ညီဖြစ်သူ**
**ဦးကျော်မျိုးဝင်း(ခ)မျိုးကျော် ၉/မရမ(နိုင်)၀၆၁၃၀၄**
**အမှတ်(၄၅)၊ ၃၀×၇၄ လမ်းထောင့်၊ မောရဂီဝါရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၄)၊ ဦးပိုင်အမှတ်(၇၄)၊ ၆၈×၆၉လမ်းကြား၊ ငုရွှေဝါ×ဒေလီယာလမ်းကြားရှိ ဒေါ်မြရင် အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးကိုကိုနိုင် ၉/မနတ(နိုင်)၀၆၉၄၂၅ မှ ဦးပိုင် ၇၄(ခဲစင်း)မြောက်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၂၁)၊ ဦးပိုင်အမှတ်(၇၀)၊ ၅၅×၅၆လမ်းကြား၊ ဗန္ဓုလ×အေးမေတ္တာလမ်းကြားရှိ ဦးသိန်းတိုးအောင် အမည်ဖြင့်ချထားပေးသောမြေကွက်အား ဖခင် ဦးသိန်းတိုးအောင်၊ မိခင် ဒေါ်ကင်ဘောလုတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောသား ဦးဘရန်အောင် ၉/ပကခ(နိုင်)၀၁၆၉၇၀ မှ ဦးပိုင်၇၀(ခဲစင်း) တောင်ဘက်ခြမ်းအား မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ မှအတိုင်းတွက်ချက်သော
၂၀၁၈ အတွက် အင်းဝ ၁၂-ရာသီဟောစာတမ်း နှင့် [ အိတ်ဆောင် ] အခါပေးပြက္ခဒိန် ထွက်ပြီ
ဝဏ္ဏဗိတန်(ဝဏ္ဏဘွန်) စာအုပ်တိုက်
ဖြန့်ချိရေး အမှတ်(၂၂၈)၊ အနော်ရထာလမ်း နှင့် ၃၉လမ်း(အထက်) ထောင့်ချိုး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-253 143၊ 01-9190402၊ 01-240 501

သက်ရှည်ကျန်းမာဇေကမ္ဘာဆေးလုံး
သွေးတိုး၊ နှလုံး၊ လေငန်း၊ ဆီးချို ကြိုတင်ကာကွယ်ဆေး
အမှတ် - ၂၈၊ မြောက်ဖက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့ ဖုန်း - ၅၄၉၁၁၆
0311YR003534


# ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (GLAD)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၃၀-၁၂-၂၀၁၇ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉:၀၀ နာရီ
**ကျင်းပမည့်နေရာ** - Novotel Yangon Max Hotel လေးလွှာ၊ ပြည်အစည်းအဝေးခန်းမ၊ အမှတ် ၄၅၉၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

အစုရှယ်ယာဝင်တစ်ဦးချင်းထံသို့လည်း အစည်းအဝေးဖိတ်စာနှင့်အတူ နှစ်ပတ်လည်အစီရင်ခံစာအား စာတိုက်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးဖိတ်ကြားစာရရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိ၏အစုရှယ်ယာလက်မှတ် (Share Certificate) မူရင်းနှင့်အတူ မပျက်မကွက်တက်ရောက်ပေးနိုင်ပါရန် အလေးအနက်ထား ဖိတ်ကြားအပ်ပါသည်။

အကြံပြုချက်များနှင့် မေးမြန်းလိုသည့်အချက်များရှိပါက ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (GLAD) ရုံးခန်း၊ UMFCCI Office Tower ရှစ်လွှာ၊ အခန်း(၈၀၁)၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ၂၂-၁၂-၂၀၁၇ရက်နောက်ဆုံးထား၍ စာဖြင့်ပေးပို့မေးမြန်းနိုင်ပါသည်။

အစုရှယ်ယာ(၅၀)စုအထိ ပိုင်ဆိုင်သော အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုကို နှစ်ပတ်လည်အစည်းအဝေးကျင်းပမည့်ရက် ၃၀-၁၂-၂၀၁၇ ရက်တွင် ငွေသားဖြင့် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ထိုနေ့တွင် အမြတ်ဝေစုကို ထုတ်ယူနိုင်ခြင်းမရှိခဲ့သူများကိုလည်း ၅-၁-၂၀၁၈ရက်မှစ၍ ကုမ္ပဏီရုံးခန်းတွင် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**အမြတ်ဝေစုထုတ်ယူရန်လာရောက်သည့်ပုဂ္ဂိုလ်တိုင်း ယူဆောင်လာရမည့်စာရွက်စာတမ်းများ၊**
- **အစုရှယ်ယာလက်မှတ်မူရင်းနှင့် မိတ္တူတစ်စုံ**
- **နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် မိတ္တူတစ်စုံ တစ်ပါတည်းယူဆောင်လာပါရန် အလေးအနက်ထား မေတ္တာရပ်ခံအပ်ပါသည်။**

အစုရှယ်ယာ(၅၁)စုနှင့်အထက် ပိုင်ဆိုင်သော အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုကို ၅-၁-၂၀၁၈ ရက်မှစ၍ ကုမ္ပဏီရုံးခန်းတွင် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အစုရှယ်ယာ (၅၁)စုနှင့်အထက် ပိုင်ဆိုင်သူများအနေဖြင့် နောင်တွင် အမြတ်ဝေစုများထုတ်ယူရန် အဆင်ပြေချောမွေ့စေရန် မိမိတို့ဖွင့်လှစ်ထားသော ဘဏ်စာရင်းများသို့ တိုက်ရိုက်လွှဲပြောင်းပေးနိုင်ရန်အတွက် အစုရှယ်ယာရှင်အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းများရှိပါက ဘဏ်အမည်၊ ဘဏ်စာရင်းအမှတ်တို့ကို ကုမ္ပဏီရုံးခန်းသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ယခင်နှစ်ဟောင်းများမှ ထုတ်ယူခြင်းမပြုရသေးသော အမြတ်ဝေစုများအတွက် အစုရှယ်ယာ(၅၀)စုအထိ ပိုင်ဆိုင်သူများကို နှစ်ပတ်လည်အစည်းအဝေးကျင်းပမည့်ရက်တွင်လည်းကောင်း၊ အစုရှယ်ယာ(၅၁)စုနှင့်အထက် ပိုင်ဆိုင်သူများကို ၅-၁-၂၀၁၈ရက်မှစ၍ ကုမ္ပဏီရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အစုရှယ်ယာလွှဲပြောင်းရန် မှတ်ပုံတင်ခြင်းကိစ္စများကို ၁၅-၁၂-၂၀၁၇ရက်မှစ၍ ၃၁-၁၂-၂၀၁၇ ရက်အထိ ခေတ္တပိတ်သိမ်းထားပါသည်။ ကုမ္ပဏီရုံးခန်းသို့ ဆက်သွယ်နိုင်ရန် ဖုန်း-၀၁-၂၃၁၇၀၉၄၊ ၀၉-၅၅၀၄၃၅၉ တို့ ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့၊ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်**

## ဦးတင်ကိုကို ၁၂/မရက(နိုင်)၁၁၁၃၈၉နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၆လမ်း၊ အမှတ် ၁၇/ဒီ (ပထမထပ်)နေ ဦးတင်ထွဋ် ၁၂/သကတ(နိုင်)၁၀၀၅၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ် ၆၁ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် RC (၂)ခန်းတွဲ (၃)ထပ်ခွဲ (၅)ထပ် အဆောက်အအုံကို ကျွန်ုပ်၏မိတ်ဆွေက ကန်ထရိုက်တာအဖြစ် တာဝန်ယူဆောက်လုပ်ဆဲတွင် ကျွန်ုပ်မိတ်ဆွေနှင့် ဦးတင်ကိုကိုတို့အကြား ၉-၄-၂၀၁၆ရက်စွဲပါ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း ကတိစာချုပ်ချုပ်ဆို၍ အဆောက်အအုံကို ဆက်လက်ဆောက်လုပ်ခဲ့ကြခြင်းဖြစ်ပါသည်။ ယခုအခါ အဆောက်အအုံမှာ ပြီးစီးပြီဖြစ်ပြီး စည်ပင်ဒဏ်ကြေးပေးဆောင်ရန်သာ ကျန်ရှိသည့်အဆင့်ဖြစ်ပါသည်။

ကန်ထရိုက်တာ ဝေစုအဖြစ် အဆောက်အအုံ၏ ခြေရင်းဘက်အခြမ်းတိုက်ခန်း (၅)ခန်းကို ရရှိခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် ဦးတင်ကိုကိုတို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းရခြင်း မရှိသေးပါ။ ထိုသို့စာရင်းမရှင်းလင်းရသေးမီ ဦးတင်ကိုကိုတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် အခန်းများအား ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်းတို့အပေါ် ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ၉-၄-၂၀၁၆ရက်စွဲပါ စာချုပ်အရ ဦးတင်ကိုကိုအနေဖြင့် ၄င်းတစ်ဦးတည်းသဘောဖြင့် ရောင်းခြင်း၊ ပေါင်ခြင်းတို့ ပြုလုပ်ခွင့် အလျှင်းရှိသူမဟုတ်ပါ။ သို့ပါ၍ ကန်ထရိုက်တာ ဝေစုရ တိုက်ခန်း(၅)ခန်းအား ထပ်ဆင့်လွှဲပြောင်းရောင်းချပေါင်နှံခြင်းတို့မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းသိန်းဇော် LL.B.,D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၊ စံပြ ၂ လမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၆၅၈၁၃၂၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်အမှတ် ၁၃၁၊ ၅၆×၅၇လမ်းကြား၊ (နှင်းဆီ×မြတ်လေး)လမ်းကြားရှိ ဦးကျော်မင်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးကျော်မင်း၊ မိခင် ဒေါ်မုန်းတင်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော သားသမီးများဖြစ်သည့် ဒေါ်စုစုတင် ၉/မနမ(နိုင်)၀၀၂၀၇၇၊ ဒေါ်ကြည်ကြည်မာ ၉/မနမ(နိုင်)၀၀၂၀၇၈၊ ဦးရဲမင်းသိန်း ၉/ခမစ(နိုင်)၀၀၅၇၄၂၊ ဦးရဲသီဟ ၉/ခမစ(နိုင်)၀၀၅၇၄၁တို့မှ ဂရန်စာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမိုးစိန်

**အသက်(၉၆)နှစ်**

ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်နေ ဦးအောင်ဝင်း - ဒေါ်တင့်ယဉ်၊ ဦးခင်ရွှေ - ဒေါ်ငြိမ်း၊ နေပြည်တော်နေ ဗိုလ်ချုပ်စိုးဝင်း-ဒေါ်ဖြူဖြူမြင့်တို့၏ဖခင် ဦးမိုးစိန်သည် ၂၀-၁၂-၂၀၁၇ရက် ညနေ ၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၇ရက် ညနေ ၃နာရီတွင် ကျောက်ပန်းတောင်းမြို့ မီးသင်္ဂြိုဟ်စက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်သိန်း (မန္တလေးမြို့)

**အသက်(၉၅)နှစ်**

နိုင်ငံကျော် အစီးတောင်းလက်ဖက်နှင့် ကြက်သွန်ကြော်လုပ်ငန်းပိုင်ရှင် (ဒေါ်ကြွယ်ကြွယ်)၏ချစ်လှစွာသောခင်ပွန်း ဦးကျော်သိန်းသည် ၁၅-၁၂-၂၀၁၇ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျားပျံသန်းမြင့်**
**မြရွက်နု လက်ဖက်နှင့်အကြော်စုံ မိသားစု**
**ရန်ကုန်မြို့**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြသိန်း

**အသက်(၉၃)နှစ်**

ပါမောက္ခ ဦးမြင့်အောင်-ပါမောက္ခ ဒေါ်အေးအေးသန်းတို့၏မိခင် ဒေါ်မြသိန်း အသက်(၉၃)နှစ်သည် ၁၉-၁၂-၂၀၁၇ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆရာမကြီး ဒေါက်တာဒေါ်သန်းမြင့်နှင့်ဝန်ထမ်းများ**
**Universal Laboratory**
**ရွှေဂုံတိုင်ဆေးရုံ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြသိန်း

**အသက်(၉၃)နှစ်**

ပါမောက္ခ ဦးမြင့်အောင်-ပါမောက္ခ ဒေါ်အေးအေးသန်းတို့၏မိခင် ဒေါ်မြသိန်း အသက်(၉၃)နှစ်သည် ၁၉-၁၂-၂၀၁၇ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**BOD အဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**ပင်လုံဆေးရုံများအုပ်စု**
**ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ**

---

ဝမ်းနည်းကြေကွဲရပါကြောင်း

## ဒေါ်မြသိန်း

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့နေ ပါမောက္ခ ဒေါက်တာမြင့်အောင်-ပါမောက္ခ ဒေါက်တာအေးအေးသန်းတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၉-၁၂-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးအုန်းထွန်း

**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**
**ဂုဏ်ထူးဆောင်နာယက**
**အသက်(၈၈)နှစ်**

၁၆-၁၂-၂၀၁၇ရက် နံနက် ၉း၄၅နာရီတွင် ရန်ကင်းမြို့နယ်၊ အမှတ်(၁၀)၊ တပင်ရွှေထီးလမ်းနှင့် အရိယမဂ္ဂင်လမ်းထောင့် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့**
**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**

---

## ဦးသန်းထွန်း

**စက်ခန်းမှူး(ငြိမ်း)၊ M.P.E (ရေနံ/သယ်ပို့)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ် ၂၄၉နေ (ဦးလှခင်-ဒေါ်မြင့်သိန်း)တို့၏သား၊ (ဦးမြမောင်-ဒေါ်ပန်းညွန့်)တို့၏သားသမက်၊ ဒေါ်ကြူကြူ၏ခင်ပွန်း၊ (ဦးလှချစ်-ဒေါ်ဝင်းရီ)၏မောင်၊ (ဦးထိန်လင်း)-ဒေါ်သန်းနွဲ့၊ (ဦးခင်မောင်မြ-ဒေါ်အုန်းမြင့်)၊ (ဦးအောင်ကျော်နိုင်)-ဒေါ်တင်အုန်း၊ဒေါ်အုန်းကြည်တို့၏အစ်ကို၊ ဦးတိုးတိုးထွန်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ မတူပီမြို့၊ ထွေ/အုပ်)-ဒေါ်ခင်မြင့်သူ၊ဦးဟန်မျိုးထွန်း M.O.G.E (CNG) -ဒေါ်ဇင်မင်းနွဲ့၊ ဦးဇော်မင်းမင်းထွန်း(ဝန်ကြီးရုံး၊ စိုက်/မွေး/ဆည်)-ဒေါ်ခင်ခင်ဌေး၊ မအေးသီတာထွန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဒေါ်လှလှ(ငြိမ်း) အသက်(၈၆)နှစ်

**(စစ်ဆင်ရေးဌာန၊ စစ်ရုံးချုပ်)၊ ကြည်း-၇၂၈၃**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ ကျောင်းလမ်း၊ တိုက် ၂၈၃၊ အခန်း ၂နေ(ဦးပိန်ကျန်-ဒေါ်ပု)တို့၏သမီး၊ [ဦးအေးကျော်(အုပ်ချုပ်ရေးမှူး၊ အငြိမ်းစား၊ သန်လျင် ရေနံချက်စက်ရုံ)]၏ဇနီး၊ (ဦးထွန်းကျော်သူ)-ဒေါ်အေးအေးခိုင်၊ ဦးမင်းကျော်သူ(Automation Engineer Ocean Tanker Pte Ltd.)-ဒေါ်သစ်သစ်နွယ်တို့၏မိခင်၊ မောင်ဝေယံအောင်၊ မရွှန်းလဲ့သူတို့၏အဘွားသည် ၁၉-၁၂-၂၀၁၇ရက်(အင်္ဂါနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်နန်းသူ

**အင်ဂျင်နီယာမှူး(ငြိမ်း)၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်း**
**အသက်(၈၄)နှစ်**

ဦးသစ်အောင်(SGG ကျောက်မျက်ကုမ္ပဏီ)-ဒေါ်စိုးမြင့်မြတ်သူ(ခ)မစန္ဒာ[လယ်/ယာ(၂)၊ (မြို့ပြ)၊ လမ်းဦးစီးဌာန၊ ဟိုပင်မြို့]တို့၏မိခင် ဒေါ်ခင်နန်းသူသည် ၁၈-၁၂-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှငွေး(လက်ထောက်ညွှန်ကြားရေးမှူး)-ဒေါ်စန်းစန်းဝေ**
**နှင့်**
**လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်(မိသားစု)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ထွား

**YCDC (ငြိမ်း)**
**အသက်(၈၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးလှမြိုင်-ဒေါ်စောငြိမ်း)တို့၏သမီး၊ မြောင်းမြမြို့နေ (ဦးမောင်အုံ-ဒေါ်သန်းစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(အေ-၁)၊ အခန်း ၂၀၁၊ ကန်ဘဲ့စည်ပင်ဝင်းနေ [ဦးမောင်မောင်လတ်(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)]၏ချစ်လှစွာသောဇနီး၊(ဦးသိန်းလတ်)-ဒေါ်မြင့်အေး၊ (ဦးရဲလတ်)-ဒေါ်ငွေးငွေးအောင်၊ ဦးညွန့်ဟန်-ဒေါ်တင်တင်လတ်(YCDC၊ ဌာနစုမှူး၊ စီမံ)၊ (ဦးဇော်မင်း)-ဒေါ်ခင်ခင်လတ်၊ ဒေါ်မိုးမိုးလတ်(YCBL)၊ ဦးနေလင်းထွဋ်-ဒေါ်အေးအေးလတ်၊ ဦးမျိုးမင်းအောင်-ဒေါ်ခိုင်ဝင်းလတ်၊ ဦးဇော်မင်းဦး-ဒေါ်ဝင်းမင်းလတ်၊ ဦးဇင်ပိုင်ဖြိုး-ဒေါ်မြတ်သန္တာလတ်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၉-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကင်းမြို့နယ်၊ ကန်ဘဲ့စည်ပင်ဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး

## ဒေါက်တာဒေါ်မီမီလှိုင် (Vivien Soe Hlaing)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အေးရိပ်သာ(၂)လမ်း၊ အေးရိပ်သာကွန်ဒို၊ အခန်း(2-D)နေ [ဦးစိုးလှိုင်(အမွေထိန်းမင်းကြီး)-ဒေါ်ကြည်ကြည်လှိုင်]တို့၏သမီး၊ (ဦးငွေးလှိုင်)၏ညီမ၊ ဒေါက်တာဦးမျိုးလှိုင်-ဒေါ်ခင်မာလွင်၊ (ဦးဇော်မြင့်လှိုင်)၊ ဒေါက်တာဒေါ်နီနီလှိုင်၊ ဒေါက်တာကြည်ဝင်းလှိုင်-ဒေါ်တာမီမီလေးတို့၏အစ်မ၊ ကိုမြင့်သူရလှိုင်-မအေးမြတ်စိုး၊ ကိုသန့်ဇင်နောင်-ဒေါက်တာဆုရည်မွန်လှိုင်၊ ကိုမျိုးမင်းလှိုင်၊ ကိုသူရိန်မင်းလှိုင်တို့၏အဒေါ်သည် ၁၉-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)ည ၈း၃၀နာရီတွင်ဝိတိုရိယဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၁၇ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသာစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## မိုဟမ္မဒ်မူစာ(ခ)ဦးဝင်းမြင့်

**VW.Work Shop**
**(ကျောက်မြောင်း)**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ အမှတ် ၃၄၊ သုံးလွှာ/ခေါင်းရင်းခန်းနေ (ဦးဝင်းမောင်-ဒေါ်တင်မေရီ)တို့၏သား၊ ဒေါ်ထားထားရီ(ခ)ခင်မာနွယ်၊ ဦးဝင်းတင်(ခ)ဒဲဒီ-ဒေါ်သီတာမောင်၊ ဦးသိန်းနိုင်-ဒေါ်ဇင်လဲ့ဝင်း၊ ကိုဇော်ဝင်းတို့၏အစ်ကို၊ ဒေါ်ငွေးမြင့်(ပြည်မြို့)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သဇင်မြင့် Senior Accountant (PEB-Steel Myanmar Limited)၊ ဒေါ်ချယ်ရီမြင့် Junior teacher BOSTON English Language Academy၊ မောင်ရဲမြင့်ဝင်း 4th year, EP တို့၏ဖခင်၊ မောင်မြင့်မြတ်ထိုက်(KG)၏အဘိုးသည် ၁၉-၁၂-၂၀၁၇ရက် ည ၉း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၀-၁၂-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးစွန်နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဦးဝင်းလှိုင်

**(M.B.,B.S ဆမ-၅၅၀၉)**
**အသက်(၇၁)နှစ်**

ပဲခူးမြို့နေ (ဦးထွန်းစိန်-ဒေါ်ရွှေ)တို့၏သား၊ (ဦးသူတော်-ဒေါ်ကြွေ)၊ ဦးသောင်းတင်-(ဒေါ်ခင်စိုး)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးသိန်းလှိုင်(DPMS-ငြိမ်း)-ဒေါ်အေးမြင့်တို့၏ညီ၊ ဦးဝင်းမြင့် (အလုပ်ရုံနှင့် အလုပ်သမားဦးစီးမှူး-ငြိမ်း)-(ဒေါ်တူးတူး)၊ ဦးမင်းစိန် (လျှပ်စစ်/စွမ်းအင် ဝန်ကြီးဌာန၊ ညွှန်/မှူး၊ ငြိမ်း)-ဒေါက်တာဒေါ်ညွန့်ညွန့်သီ(စိတ်ပညာ)၊ ဦးအောင်ဇော်ဝင်း-ဒေါ်တင်နွယ်ဝင်းတို့၏အစ်ကို၊ ကိုလင်းလင်းထွန်း - မနှင်းအေးလှိုင် (ကညနလုပ်ငန်းရုံး၊ ပို့/ဆက်၊ ပဲခူး)၊ ကိုလှိုင်ဇော်ဟိန်း၊ ကိုကျော်ကျော်သက်-မဝေဝသန်ဦး၊ မအေးညိမ်းသာတို့၏ဖခင်၊ (ဒေါ်ခင်ဝေနွယ်)၊ လက်ပံတန်းမြို့၊ ဘီးလင်းတန်းလမ်းနေ ဒေါ်သင်းသင်းဆွေ၏ခင်ပွန်းသည် ၁၉-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၁၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် လက်ပံတန်းမြို့ အနောက်သုသာန်သို့ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

သထုံမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ကြည်

**(သခင်မ-မရင်ကြည်)**
**သိမ်ဆိပ်(သထုံ)**
**မော်ကွန်းဝင်(တတိယဆင့်)**
**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၄လမ်း၊အမှတ်(၁၂-A)နေ (ဦးဘဆွေ-ဒေါ်အုန်းမျှင်)တို့၏သမီး၊(ဗိုလ်မှူးဘိုးကွန်း-ဒေါ်ဒေါ်သက်)တို့၏သမီးချွေးမ၊[ဦးခင်မောင်အေး(ခ)ဗိုလ်ခင်အေး]၏ဇနီး၊ ဒေါက်တာကွန်းဇော် - ဒေါ်မြင့်မြင့်ရီ (ခေတ္တ-Australia)၊ [ဒေါက်တာသန်းဆွေ(ပါမောက္ခချုပ်၊ ငြိမ်း၊ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့] - ဒေါ်ယုယုခင်(ခ)ဒေါ်နုနုခင်၊ ဗိုလ်ကြီးတင်ထွန်း(ထွေဂျာ၊ ငြိမ်း၊ စက်မှု-၁) - ဒေါ်ဝေဝေခင်၊ ဒေါက်တာကွန်းမော် - ဒေါ်တင်ဦးဝေတို့၏မိခင်သည် ၁၈-၁၂-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၆း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉-၁၂-၂၀၁၇ရက်တွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ကြည်ကြည်လွင်(ခ)

**MARRY WENT**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၁၁၂နေ (ဦးအီဝင်း - ဒေါ်အမာ)တို့၏ သမီး၊ ဦးခင်မောင်ရင်(ဒု/ညွှန်မှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငြိမ်း)၏ ဇနီး၊ (ဦးဂျင်ဖီဝင်း၊ဦးအေးဝင်း၊ ဦးကျော်ဝင်း၊ ဒေါ်ကြည်ကြည်မြင့်)တို့၏အစ်မ၊ (ဒေါ်ချယ်ရီ/လွင်၊ ဒေါ်ပဂ္ဂီလွင်)တို့၏မိခင်၊ မြေးငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၁၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ကသာခရိုင်အသင်း(ရန်ကုန်)

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

## ဦးဝင်းတင်အေး

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးဘိုးမုန်လမ်း၊ အမှတ် ၁၈နေ (ဦးမောင်ပု - ဒေါ်အေးရီ)တို့၏ သား၊ ကသာခရိုင်အသင်း(ရန်ကုန်)အသင်းဝင် ဒေါ်ပုပုခင်၏ ချစ်လှစွာသောခင်ပွန်း၊ သားသမီးလေးယောက်တို့၏ဖခင်သည် ၁၉-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း လိုက်ပါပို့ဆောင်ကြပါရန် အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး

## ဦးဆောင်း

**အသက်(၆၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ စကုမြို့နေ (ဦးစိန်-ဒေါ်စိန်ခင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ လက်ပံကျေးရွာနေ (ဦးဘဆောင်-ဒေါ်သင်းထုံ)တို့၏သားသမက်၊ ဦးညီညီနိုင်-ဒေါ်နှင်းနန္ဒာနွယ်၊ ဗိုလ်မှူးဆွေလင်းထူးအောင်-ဒေါ်နွယ်နွယ်သိန်း၊ ဦးကျော်သိခ်-ဒေါ်ယဉ်သန့်အေး၊ ဦးသူရကျော်စွာ - ဒေါ်ယဉ်ကျော့အေးတို့၏ ဖခင်၊ မအိဏ္ဍြေရှင်းသန့်၊ မမေဖူးပွင့်ကျော်တို့၏အဘိုး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း ၇လမ်း၊ အမှတ် ၅၁၆ (သုံးလွှာ)နေ ဒေါ်သိန်းသိန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးခန္တီသာရ(ခ)ဦးချစ်ဆွေ

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန**
**သက်တော်(၈၀)၊ သိက္ခာတော်(၁၁)ဝါ**

ရန်ကုန်မြို့၊ သန်လျင်တံတားအိမ်ရာဝင်း၊ အောင်သပြေတောရ၊ ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးခန္တီသာရသည် (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၂ရက်) ၁၉-၁၂-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၄ရက်) ၂၁-၁၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် အန္တိမစျာပနပွဲတော်ကို ကျီစုသုသာန်၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူတပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

သန်လျင်တံတားအိမ်ရာဝင်း
ရန်ကုန်မြို့

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးချစ်ဆွေ(ခ)ဦးခန္တီသာရ

**သက်တော်(၈၀)၊ သိက္ခာတော်(၁၁)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေ၏ဖခင်ကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးချစ်ဆွေ(ခ)ဘုန်းဘုန်း ဦးခန္တီသာရသည် ၁၉-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သမဝါယမဦးစီးဌာန PSC First Batch သူငယ်ချင်းများ**

---

## ဒေါက်တာဂျွန်ဆင်ချင်း(ခ)ချင်ဝမ်ချန်း

**(ရန်ကုန်ဝါကျုံးကျောင်းသားဟောင်းအသင်း ဥက္ကဋ္ဌဟောင်း)**
**(ရန်ကုန်တရုတ်စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌဟောင်း)**
**(ရန်ကုန်ကူလွန်အသင်း ဥက္ကဋ္ဌဟောင်း)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့နေ (ဦးခိုင်တောင်-ဒေါ်ဝင်းငွေး)တို့၏သား၊ (ဒေါ်ဖုဖူးရင်)၏ခင်ပွန်း၊ CANADAနေ ဦးမောင်ဝင်း-ဒေါ်ဝင်ခမ်း၊ ရန်ကုန်မြို့နေ ဦးသိန်းဆွေ-ဒေါ်မြင့်မြင့်သန်း၊ USA နေ DR. Joseph Chen(ခ)မောင်စိန်-ဒေါ်လင်စုလိန်၊ ရန်ကုန်မြို့နေ ဦးအောင်စိန်-ဒေါ်ခင်ခင်သန်း၊ USAနေ Dr. Kyle Maung-Dr. Olivia Ma, USAနေ ဦးသိန်းထီ-ဒေါ်ချယ်ရီသန်းတို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၉-၁၂-၂၀၁၇ရက် နံနက် ၈း၃၁နာရီတွင် SARASOTA, FLORIDA, USA၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စီလေးချို

**စာတည်း(ငြိမ်း)**
**တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန**
**အသက်(၈၁)နှစ်**

(ဝတ်လုံတော်ရ ဦးဘသင်-ဒေါ်ဖွားစိန်)တို့၏သမီး၊ ဦးမြင့်ငွေး၊ ဦးတိုးလှိုင်-ဒေါ်ယဉ်ယဉ်စန်း၊ ဦးလှမျိုး-ဒေါ်ချိုချိုခိုင်၊ ဦးကျော်ကျော်-ဒေါက်တာစုစုခိုင်၊ ဦးမိုးလှိုင်-ဒေါ်မိုးစန္ဒာ၊ဦးညီညီခိုင်၊ ဒေါက်တာထွန်းညွန့်ကြူး-ဒေါ်လှသွယ်ဝင့်၊ ဦးမျိုးမြင့်-ဒေါ်ဖြူဖြူခိုင်၊ ဦးမျိုးညွန့်ကြူး-ဒေါ်သင်းသင်းအေး၊ (ဦးလင်းညွန့်ကြူး)၊ (ဦးကျော်ကျော်ခိုင်)၊ ဒေါ်ကေခိုင်စိုး၊ ဦးမင်းထွန်းခိုင်-ဒေါ်မြမြသွင်၊ ဒေါ်သက်သက်လှိုင်တို့၏အဒေါ်၊ ဒေါက်တာအေးသီရိကျော်(UK)၊ ဒေါက်တာခင်ရတနာကျော်(YGH)နှင့် မြေးရစ်ယောက်တို့၏ အဘွားသည် ၁၉-၁၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၉း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူတူ/တူမများနှင့်မြေးများ

---

## ဒေါ်စီလေးချို

**စာတည်း(ငြိမ်း)**
**တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန**
**အသက်(၈၁)နှစ်**

(ဝတ်လုံတော်ရ ဦးဘသင်-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးလှဘူး)-ဒေါ်လှညွန့်၊ (ဗိုလ်မှူးတွိုက်ဒေး)-ဒေါ်အေးညွန့်၊ (ဦးအောင်ညွန့်)-ဒေါ်မိမိသော်၊ (ဦးကျင်လှိုင်)-ဒေါ်ခင်ခင်အေး၊ (ဦးထွန်းရီ)-ဒေါ်မြင့်မြင့်၊ (ဦးမောင်မောင်ညွန့်-ဒေါ်ရီရီငွေး)တို့၏ညီမ၊ (ဦးဝင်းလှိုင်)-ဒေါ်ချိုချိုသင်(JEAN)တို့၏အစ်မသည် ၁၉-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၃) နွယ်သာကီလမ်း၊ ပြည်ထောင်စုရိပ်မွန်၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအေးသွင်

**အသက်(၆၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ တံတားမြို့နေ (ဦးအောင်သန်း-ဒေါ်စိန်ရီ)တို့၏သား၊ (ဦးပျော့-ဒေါ်ကြီး)တို့၏သားသမက်၊ (ဦးသိန်းထွန်း)၊ ဦးမြင့်သိန်း၊ ဒေါ်ခင်အေး၊(ဒေါ်ခင်ငွေး)၊(ဒေါ်ခင်ဆွေ)တို့၏ညီ/မောင်၊ ဦးမြင့်ဝေ၏အစ်ကို၊ ဒေါ်ခင်အေးကြူ၏ခင်ပွန်း၊ ဦးဆန်းဗိုလ်ဗိုလ်ဦး(ဌာနခွဲမှူး၊ MPPE)-ဒေါ်ဖြူဖြူသွင်ဦး(လက်ထောက်မန်နေဂျာ၊ MICB)၊ ဦးချမ်းမြေ့သွင်-ဒေါ်ခင်သီတာထွေး၊ မနွေဦးသွင်(သန်လျင်နည်းပညာတက္ကသိုလ်)တို့၏ဖခင်၊ မောင်သုတသွင်ဆန်း၊ မောင်မြတ်သီဟသွင်၊မရွှန်းလဲ့ဗိုလ်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ MPPE အရာထမ်းအိမ်ရာ၊ အမှတ်(၃/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ၂၀၁၈ ခုနှစ် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို အောင်အောင်မြင်မြင်နှင့် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် ၅ ရပ်နှင့်အညီ *စာမျက်နှာ ၄ ကော်လံ ၁* ❃



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၇၃ တွဲ ထပ်မံ ရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မဏိရတနာကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်မျက်ရတနာပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၇၃ တွဲအား ရတနာကုန်သည်များထံ ထပ်မံရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျောက်စိမ်းအတွဲ ၁၁၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၈၇၃ တွဲကို စုစုပေါင်းတန်ဖိုး ယူရိုငွေ ၁၅၈ ဒသမ ၉၄၂ သန်းခန့်ဖြင့် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ခြင်းဖြစ်သည်။ *စာမျက်နှာ ၄ ကော်လံ ၄* ❃

# ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များ ထုတ်ပြန်လိုက်ပြီဖြစ်ရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ဇွဲကပင်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်ပြီး ရတနာပုံအသင်းမှာမူ အိမ်ကွင်းပွဲကျပ် ကစားရမည်ဖြစ်သည်။

၂၀၁၈ရာသီ MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းအပါအဝင် ရန်ကုန်၊ ရတနာပုံ၊ ရှောဝတီ၊ ရခိုင်၊ မကွေး၊ ဟံသာဝတီ၊ ဇွဲကပင်၊ Southern၊ GFA နှင့် တန်းတက်အသင်းများဖြစ်ကြသော မြဝတီနှင့် စစ်ကိုင်းယူနိုက်တက် အသင်းတို့ စုစုပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ●




လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း။ ဓာတ်ပုံ-စိုးညွန့်

**အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး** စာ-၁၀

**မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ အမည်မသိ ရုပ်အလောင်းများတွေ့ရှိမှုနှင့် ပတ်သက်ပြီး တပ်မတော်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍စစ်ဆေး** စာ-၁၁

**ရန်ကုန်-ဒလ ကူးသန်းသော ခရီးသည်တင် စက်တပ်သမ္ဗန်တစ်စင်းနစ်မြုပ်၊ ခရီးသည်အများစုကို ကယ်တင်နိုင်ခဲ့သော်လည်း သုံးဦးပျောက်ဆုံးနေ** စာ-၁၂

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017